ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့။ Monday, 29 March 2021 ၁၀၃၃၁

# နိုင်ငံသူ၊ နိုင်ငံသားများအားလုံး လုံခြုံအေးချမ်းစွာဖြင့် အေးအတူပူအမျှ လက်တွဲပြီး မိမိတို့နိုင်ငံအတွက် ဂုဏ်ယူဝင့်ကြွားစွာ နေထိုင်လုပ်ကိုင်နိုင်အောင် ခိုင်မာစွာ ဆက်လက်လုပ်ဆောင်သွားမည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တာချီလိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တာချီလိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်းနှင့် တာချီလိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော်ကြီးအား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ရန်လာရောက်စဉ် အခါအခွင့်ကြုံကြိုက်သဖြင့် ယခုကဲ့သို့ အမှာစကားပြောကြားရခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေများနှင့်ပတ်သက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် သိရှိနေရမည်ဖြစ်ပြီး နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဖြစ်စေရေး၊ ခိုင်မာသည့် ဒီမိုကရေစီစနစ်ဖြစ်စေရေး နိုင်ငံတော်၏တာဝန်ကို တပ်မတော်မှ ခေတ္တတာဝန်ယူထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခင်တပ်မတော်အစိုးရလက်ထက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

## ကြေးမုံ ယနေ့ ဖတ်စရာ

**တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက ဒေါက်တာဘဒ္ဒန္တဓမ္မသီရိအား "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပ**

စာမျက်နှာ » ၄

**မြင်တတ်အောင် ကြည့်ဖို့လိုပါတယ်**

စာမျက်နှာ » ၆

CDM **ဆွယ်တရားကို ကြံ့ကြံ့ခံရင်း ပြည်သူ့အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်သွားမည်သာ**

စာမျက်နှာ » ၁၀

## ထူးခြားသည့် နေ့အပူချိန်များ

၂၈-၃-၂၀၂၁

| | | |
|---|---|---|
| ချောက် | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ရွှေဘို | ၄၁ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၄၁ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၁ | ဒီဂရီစင်တီဂရိတ် |
| အောင်လံ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| ဖားဆောင်း | ၄၁ | ဒီဂရီစင်တီဂရိတ် |

Myanmar Mobile Money (MMM) ၏ လက်ရှိရယူနိုင်သော ဝန်ဆောင်မှုများအပြင်
Digital Mobile Money-DMM (App) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ထပ်မံရယူနိုင်ပါပြီ။
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ e-Topup ဖုန်းငွေဖြည့်သွင်းခြင်း


ကြေးမုံ

# ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့

နိုင်ငံ့စီးပွားရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ အဆင်ပြေစေရေးအတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ချောမွေ့စေရန် လိုအပ်ပါသည်။ ကုန်သွယ်စီးပွား ကောင်းမွန်စွာလည်ပတ်စေရန်အတွက် ကုန်သွယ်မှု၊ ရောင်းဝယ်ဖောက်ကားမှု၊ ငွေကြေးစီးဆင်းမှု ကောင်းမွန်မှန်ကန်စေရန် လိုအပ်ပါသည်။ ယခုအခါတွင် အဆိုပါ လုပ်ငန်းများ တုံ့ဆိုင်းနေးကွေးခဲ့ပါသည်။

ကုန်သွယ်စီးပွား ကောင်းမွန်စွာလည်ပတ်စေရေးတွင် ရောင်းဝယ်ဖောက်ကားမှုများနှင့် ဘဏ်လုပ်ငန်းများမှာ မြို့ရွာများတွင် အကြမ်းဖက်ဆူပူမှုများကို ကြုံတွေ့နေရ၍ ရောင်းဝယ်ဖောက်ကားမှုများနှင့် ငွေကြေးစီးဆင်းမှုများအား လုပ်ကိုင်လိုသော်လည်း အခက်အခဲအဟန့်အတားများရှိခဲ့သည်။ ဒေသဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပြည်သူများ လူမှုစီးပွား အဆင်ပြေချောမွေ့စေရေးအတွက် လာမည့်ရက်များတွင် လုပ်ငန်းများ လည်ပတ်နိုင်အောင် တွန်းအားပေးခြင်း၊ အနှောင့်အယှက်မရှိစေရန် လုံခြုံမှုများရယူပေးခြင်းများကို ဆောင်ရွက်နိုင်ရန် စီစဉ်ပေးလျက်ရှိသည်။

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုအပိုင်းတွင် ပြည်ပနှင့် နိုင်ငံတစ်ဝန်းရေကြောင်းဖြင့် ကုန်သွယ်ရေးမှာ အနှောင့်အယှက်အဟန့်အတားနည်းသဖြင့် အားထားရဖွယ်ရှိသည်။ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်လာနိုင်သည်။ လတ်တလောတွင် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ၌ ရင်ဆိုင်ကြုံတွေ့နေရသည်များကို ဆိပ်ကမ်းဝန်ဆောင်မှုများ သုံးစွဲသူကုန်သည်ကြီးများနှင့် ဆိပ်ကမ်းဝန်ဆောင်မှုများပေးသူ သင်္ဘောလိုင်းများ၊ ဆိပ်ကမ်းတံတားများအကြား ရင်းနှီးပွင့်လင်းစွာဆွေးနွေးအဖြေရှာလျက်ရှိသည်။

ပြည်ပကုန်သွယ်မှုနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်စည်းကြပ်ခြင်းနှင့် ရှင်းလင်းခြင်းဆိုင်ရာလုပ်ငန်းများကို ပုံမှန်အတိုင်း လည်ပတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရှေ့လာမည့်ဧပြီလ သင်္ကြန်ပိတ်ရက်ရှည်အတွင်းတွင်လည်း ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ ပုံမှန်အတိုင်း လည်ပတ်စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ကြောင့် ကုန်သည်ကြီးများနှင့် ဝန်ဆောင်မှုပေးသူများအနေဖြင့် မိမိတို့ဆောင်ရွက်လိုသည်များကို ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ပြီ ဖြစ်သည်။

ကုန်သည်ကြီးများနှင့် ဆိပ်ကမ်းဝန်ဆောင်မှုပေးသူများအနေဖြင့် သက်ဆိုင်ရာများထံသို့ လုပ်ငန်းအဆင်ပြေနိုင်မည့် သတင်းအချက်အလက်များကို မျှဝေပေးခြင်းဖြင့် လုပ်ငန်းများ စတင်ကြိုးပမ်းဆောင်ရွက်သင့်သည်။ ယခုအခါ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာတို့ထံတွင် အချိန်မရွေး အကူအညီတောင်းခံနိုင်သည်။ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းအဖွဲ့များဘက်တွင် ကုန်သေတ္တာဖြင့် ကုန်စည်တင်သွင်းခြင်းနှင့် တင်ပို့ခြင်းတို့တွင် လက်တွေ့ကြုံနေရသောအခြေအနေများ၊ ဖြေလျှော့ပေးစေလိုသည့် အချက်များ၊ ကုန်သေတ္တာထုတ်ယူခြင်းလုပ်ငန်းများတွင် ကြုံတွေ့ရသည့် ကြန့်ကြာမှုအချို့ကြောင့် အခက်အခဲများရှိနေသည်။

ထိုအားနည်းချက်အချို့ကြောင့် ကုန်သေတ္တာများ ဆိပ်ကမ်းမှထုတ်ယူမှု နှောင့်နှေးကြေးနှင့် ကုန်သေတ္တာအပ်နှံမှု နှောင့်နှေးကြေးများ ပိုမိုကျခံနေရသည့် အခက်အခဲများရှိသည်။ အထည်ချုပ်အော်ဒါများ လက်ခံနိုင်ရေးနှင့် အချိန်မီ တင်ပို့နိုင်ရေးတို့အတွက် သင်္ဘောများဝင်ရောက်မည့် အချိန်ဇယားများကို ကြိုတင်သိရှိလိုကြသည်။ ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ပဲနှမ်းတင်ပို့ရန်အတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် ကုန်သေတ္တာဖြင့် မော်တော်ယာဉ်များတင်သွင်းရာတွင် တွေ့ကြုံရသည့် အခြေအနေများကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့သည်။

ဆိပ်ကမ်းသုံးစွဲသည့် ကုန်သည်ကြီးများနှင့် ဝန်ဆောင်မှုပေးသည့် သင်္ဘောလိုင်းများအကြား ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်သည်။ သင်္ဘောလိုင်းများအနေဖြင့် ဆက်သွယ်မှုမြန်ဆန်ကောင်းမွန်ရန် ဆောင်ရွက်ကြရမည်ဖြစ်ပြီး လိုအပ်ပါက အစိုးရဌာနအဖွဲ့အစည်းများသို့ ချက်ချင်းတင်ပြ အကူအညီတောင်းခံနိုင်သည်။ ဆိပ်ကမ်းတံတားများနှင့် သင်္ဘောလိုင်းများအနေဖြင့် ကုန်သေတ္တာဆိပ်ကမ်းထုတ်ယူမှု နှောင့်နှေးကြေးနှင့် ကုန်သေတ္တာအပ်နှံမှု နှောင့်နှေးကြေးများ ကောက်ခံကြရာတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ပြဋ္ဌာန်းပေးထားသည့်အတိုင်းသာ ကောက်ခံသွားရန် လိုအပ်သည်။

ယခုအခါ ဆိပ်ကမ်းတံတားများတွင် စုပုံနေသော ကုန်သေတ္တာများအား အမြန်ဆုံးထုတ်ယူနိုင်ရေးအတွက် ဌာနဆိုင်ရာများက ပံ့ပိုးပေးသွားမည်ဖြစ်၍ အမြန်ဆုံးဆောင်ရွက်နိုင်ပြီ ဖြစ်သည်။ ဆိပ်ကမ်းတံတားများရှိ လေလံစာရင်းဝင် ကုန်သေတ္တာများကိုလည်း အမြန်ဆုံးရှင်းလင်းဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ ဝင်ရောက်လာမည့်သင်္ဘောများ အချိန်ဇယားကိုလည်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဝက်ဘ်ဆိုက်မှတစ်ဆင့် ကြိုတင်အသိပေးသွားမည် ဖြစ်သည်။ ဘဏ်လုပ်ငန်းများလည်း ပုံမှန်လည်ပတ်နေပြီဖြစ်၍ ငွေပေးသွင်းကိစ္စများလည်း အဆင်ပြေနေပြီ ဖြစ်သည်။ ကုန်သေတ္တာများဖြင့် မော်တော်ယာဉ်တင်သွင်းရာတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ပြီ ဖြစ်သည်။

သို့ဖြစ်ရာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများက အဆင်ပြေစွာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံ့စီးပွား၊ လူမှုစီးပွားဖွံ့ဖြိုးရေးကို တက်ညီလက်ညီ ဆောင်ရွက်ကြဖို့သာ ဖြစ်ပါကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများတွင် အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် မတ် ၂၈**

ဗုဒ္ဓဘာသာဘုရား၊ စေတီများ အပါအဝင် သက်ဆိုင်ရာဘာသာများ အလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် သက်ဆိုင်ရာ ဘာသာရေးကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မတ် ၂၈**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

ကြေးမုံ

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် |
| **သတင်းထောက်မှူး** | - | ဦးမြင့်စိုး |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး |
| **ဘာသာပြန် စာတည်းများ** | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် |
| **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း |
| **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **ဓာတ်ပုံသတင်းထောက်** | - | ဦးခင်မောင်ဝင်း |
| **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **စာပြင်** | - | ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ တာချီလိတ်တပ်နယ်မှူးက လက်ခံယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှက မိခင်နှင့်ကလေးထောက်ပံ့ငွေများ ပေးအပ်ရာ တာချီလိတ်တပ်နယ်မှူး၏ ဇနီးက လက်ခံယူစဉ်။

❍ ရှေ့ဖုံးမှ

တပ်မတော်အနေဖြင့် မိမိတို့နိုင်ငံကို ဒီမိုကရေစီ မကူးပြောင်းမီကာလများတွင် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီကျင့်သုံးပုံများကို လေ့လာပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအဆင့်ဆင့်ကို ပုံဖော်ခဲ့ရကြောင်း၊ ထို့နောက် ပြည်သူတို့လိုလားတောင့်တသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် လုပ်ဆောင်ပေးခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ဒီမိုကရေစီ နည်းလမ်းကျစွာဖြင့် အောင်မြင်စွာ လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း။

### ရင်ဆိုင်ကြုံတွေ့ခဲ့ရ

ရွေးကောက်ပွဲပြီးနောက် သမ္မတ ဦးသိန်းစိန် လက်ထက်တွင် နိုင်ငံတော်သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ကဏ္ဍပေါင်းစုံတွင် တိုးတက်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ခဲ့သော်လည်း စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရကြောင်း၊ ဒီမိုကရေစီစနစ်ကို စတင်လျှောက်လှမ်းခဲ့ခြင်းဖြစ်သဖြင့် ဒီမိုကရေစီစနစ်နှင့်ပတ်သက်၍ နားလည်သိရှိနိုင်ရန် လိုအပ်မှုများရှိခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံအလိုက်ကျင့်သုံးသည့် ဒီမိုကရေစီကျင့်သုံးပုံချင်း တူညီမှုမရှိဘဲ မိမိတို့နိုင်ငံ၏ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီသည့် ဒီမိုကရေစီကိုသာ ကျင့်သုံးလေ့ရှိကြကြောင်း၊ ဒီမိုကရေစီကူးပြောင်းစကာလတွင် အင်အားကြီးနိုင်ငံအချို့က ၎င်းတို့လိုလားသည့် ပုံစံအတိုင်းဖြစ်စေရေး နည်းလမ်းအမျိုးမျိုးဖြင့် တွန်းအားပေးဆောင်ရွက်ခဲ့မှုများရှိ၍ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ဒီမိုကရေစီခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း။

၂၀၁၂ ခုနှစ်တွင် အတိုက်အခံပါတီအဖြစ် ရပ်တည်နေသော NLD ပါတီကို ရွေးကောက်ပွဲဝင်ရောက်နိုင်စေရေး ရွေးကောက်ပွဲဥပဒေကိုပြင်ဆင်ပေးခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အစိုးရသစ်တစ်ရပ် တက်လာခဲ့ပြီး ငါးနှစ်တာသက်တမ်းအုပ်ချုပ်ခဲ့ရာတွင် အစိုးရ၏လုပ်ဆောင်ချက်များအပေါ်တွင် ဝေဖန်ပြောဆိုမှုများ၊ ဝေဖန်ထောက်ပြမှုများ များစွာဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်ပေါင်းစုံတွင် ထိုက်သင့်သလောက် တိုးတက်မှုများ မဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ပြင် ဥပဒေနှင့်မလျော်ညီသည့် လုပ်ဆောင်ချက်များကို တွေ့ရှိလာရကြောင်း၊ ထို့နောက် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်လည်း မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိရသဖြင့် တပ်မတော်က နည်းလမ်းတကျဖြေရှင်းဆောင်ရွက်ပေးရန် အကြိမ်ကြိမ်တိုက်တွန်းခဲ့ကြောင်း၊ နိုဝင်ဘာ ၈ ရက်နေ့တွင် ရွေးကောက်ပွဲကျင်းပတော့မည်ဖြစ်သော်လည်း ၇ ရက်နေ့အထိ မဲလက်မှတ်များ ရိုက်နှိပ်လျက်ရှိနေသည်ကို တွေ့ရှိပြီး ကြိုတင်မဲများ၊ အခြားသောနည်းလမ်းများဖြင့် မဲမသမာမှုများဖြစ်ပေါ်အောင်လုပ်ဆောင်ခဲ့ရာ စုစုပေါင်း သံသယဖြစ်ဖွယ် မဲမသမာမှု ၁၀ သန်းကျော်အထိ ရှိခဲ့သည်ကို တွေ့ရှိရကြောင်း။

> ❖ **၂၀၂၀ ရွေးကောက်ပွဲတွင် မရိုးမသားဆောင်ရွက်ခဲ့သည့် ဥပဒေမဲ့လုပ်ဆောင်မှုကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ဥပဒေနှင့်အညီ ထမ်းဆောင်ခြင်းဖြစ်ပြီး အရေးပေါ်ကာလတာဝန်များ ပြီးမြောက်အောင်ဆောင်ရွက်ပြီးပါက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ပြန်လည်ပြုလုပ်ကာ တာဝန်လွှဲပြောင်းမှုများ ဆက်လက်လုပ်ဆောင်သွားမည်။**
>
> ❖ **တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်း၊ မိမိတို့တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းဖြစ်သည်နှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး လုံခြုံအေးချမ်းစွာဖြင့် အေးအတူပူအမျှ လက်တွဲပြီး မိမိတို့နိုင်ငံအတွက် ဂုဏ်ယူဝင့်ကြွားစွာ နေထိုင်လုပ်ကိုင်နိုင်အောင် ခိုင်မာစွာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝတိုးတက်ရေး ကြိုးစားဆောင်ရွက်သွားမည်။**

ထိုသို့ မဲစာရင်းမှားယွင်းမှုများကို ဒီမိုကရေစီနည်းလမ်းများနှင့်အညီ အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မည်သို့မျှ ဆွေးနွေးညှိနှိုင်းဖြေရှင်းမရသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မ ကြံစည်ကြိုးပမ်းလာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှစ၍ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ဆက်လက်လုပ်ဆောင်သွားမည်

၂၀၂၀ ရွေးကောက်ပွဲတွင် မရိုးမသားဆောင်ရွက်ခဲ့သည့် ဥပဒေမဲ့လုပ်ဆောင်မှုကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ဥပဒေနှင့်အညီ ထမ်းဆောင်ခြင်းဖြစ်ပြီး အရေးပေါ်ကာလတာဝန်များ ပြီးမြောက်အောင် ဆောင်ရွက်ပြီးပါက လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲ ပြန်လည်ပြုလုပ်ကာ တာဝန်လွှဲပြောင်းမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်း၊ မိမိတို့တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းဖြစ်သည်နှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး လုံခြုံအေးချမ်းစွာဖြင့် အေးအတူပူအမျှ လက်တွဲပြီး မိမိတို့နိုင်ငံအတွက် ဂုဏ်ယူဝင့်ကြွားစွာ နေထိုင်လုပ်ကိုင်နိုင်အောင် ခိုင်မာစွာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝတိုးတက်ရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်

တပ်မတော်သားမိသားစုများအနေဖြင့် မိမိတို့၏ တစ်ဦးချင်းလုပ်ဆောင်ရမည့် တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ပြီး နိုင်ငံ့တာဝန်များကို တစ်ဖက်တစ်လမ်းမှ ပါဝင်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုး၊ ဘာသာ၊ သာသနာ တည်တံ့ခိုင်မြဲရေးနှင့် ထွန်းကားပြန့်ပွားရေးကိုလည်း ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏တာဝန်များကို ထမ်းဆောင်ရာတွင် ယုံယုံကြည်ကြည် ခိုင်ခိုင်မာမာဖြင့် ရည်မှန်းချက်ပြီးမြောက်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တာချီလိတ်တပ်နယ်မှူးက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက မိခင်နှင့်ကလေးထောက်ပံ့ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ဇနီးက လည်းကောင်း အသီးသီးလက်ခံရယူကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ ကျက်သရေဆောင် နောင်တုံရေကန်သို့ ရောက်ရှိကြပြီး နောင်တုံကန်သာယာလှပရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်းမှုများဖြင့် ဆောင်ရွက်လျက်ရှိသည့် ကန်ပတ်လမ်းအဆင့်မြှင့်တင်နေမှု၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ရေနုတ်မြောင်းပြုလုပ်ခြင်းနှင့် သာယာလှပရေး လုပ်ဆောင်နေမှုအခြေအနေများကို ကြည့်ရှုကြရာ ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ပြန်လည်ဆွေးနွေးခဲ့ပြီး နောင်တုံကန်ပတ်လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တဓမ္မသီရိအား “အဘိဓဇမဟာရဋ္ဌဂုရု” ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်တို့က ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသီရိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

နေပြည်တော် မတ် ၂၈

၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို မတ် ၂၇ ရက်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပခဲ့ပြီး ကျန်းမာရေးအခက်အခဲကြောင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသည့် ဆရာတော်ကြီးများကို သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်ပူဇော်လျက်ရှိသည်။

**ဆက်ကပ်ပူဇော်**

ဘွဲ့တံဆိပ်ဆက်ကပ်ပူဇော်ခံရသည့် ဆရာတော်ကြီးတစ်ပါးဖြစ်သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသီရိအား ၂၀၂၂ ခုနှစ် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နဂါးနှစ်ကောင်ကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်တိုင်တက်ရောက်ကြည်ညို၍ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်သည်။

အခမ်းအနားသို့ ဘွဲ့ခံဆရာတော်ကြီးဖြစ်သည့် နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ကြီးနှင့် ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရကျောင်းတိုက် ဦးစီးပဓာနနာယက(ဝစီပိတ်) ဆရာတော် ဘဒ္ဒန္တ ကောဝိဒ တို့အမှူးပြုသည့် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဦးစိုင်းလုံးဆိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်း၊ တာချီလိတ်ခရိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ငါးပါးသီလ ခံယူဆောက်တည်**

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဓမ္မသီရိထံ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသီရိအား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။

ဆက်ကပ်ပူဇော်သည်။ ဆက်လက်ပြီး ဆရာတော်ကြီးအား သင်္ကန်းပရိက္ခရာများ၊ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

ယင်းနောက် နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာန နာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဓမ္မသီရိ က သမ္မောဒနီယ သြဝါဒကထာနှင့် အနုမောဒနာတရား မြွက်ကြားချီးမြှင့်တော်မူရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်တို့က နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးကို မြန်မာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၉ ရက်နေ့တွင် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် ယန်းကိန်ကျေးရွာ၌ ခမည်းတော် ဦးဟောင်၊ မယ်တော် ဒေါ်နန်းပင်းတို့မှ မွေးဖွားခဲ့ပြီး ငယ်အမည်မှာ စိုင်းရှိန်လာဖြစ်ကြောင်း၊ ၁၂၉၉ ခုနှစ် တပေါင်းလဆန်း ၁၅ ရက်တွင် ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက်ဆရာတော်ထံ၌ “ရှင်ရှိန်လာ” အမည်ဖြင့် သာမဏေအဖြစ်သို့ ခံယူခဲ့ကြောင်း၊ ရဟန်းအဖြစ်သို့ ရောက်ရှိချိန်တွင် အရှင်ဓမ္မသီရိအဖြစ် အမည်တွင်ခဲ့ပါကြောင်း၊ နဂါးနှစ်ကောင်ကျောင်းတိုက်၌ စာသင်သား၊ ရဟန်း၊ သာမဏေတို့အား အစိုးရ ပထမပြန်နှင့် ဓမ္မာစရိယဆိုင်ရာ နေ့ဝါ ညဝါ ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူသည့်အပြင် ဓမ္မပဒ(ဂုံရှမ်းဘာသာ)၊ ပိဋ္ဋကတ်သုံးပုံ(ဂုံရှမ်းဘာသာ)ကျမ်းတို့ကို ရေးသားပြုစုခဲ့ကြောင်း၊ လက်ရှိအချိန်တွင် သက်တော် ၉၁ နှစ်၊ ဝါတော် ၇၁ ဝါရှိပြီဖြစ်ပြီး ဆရာတော်သည် ပုန်းတွန်ကျောင်း၊ နဂါးနှစ်ကောင်ကျောင်း စသည့်ကျောင်းများအပါအဝင် ကျောင်းတိုက်ပေါင်း ၁၂ တိုက်ကို တည်ထောင်တော်မူခဲ့ပြီး ဗုဒ္ဓသာသနာထွန်းကားရေးဆိုင်ရာများကို အားသွန်ခွန်စိုက် ပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဆရာတော်ကြီးသည် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခြင်း၊ သက်တော်ရှည် သံဃမထေရ် ဖြစ်တော်မူခြင်း၊ ကျမ်းဂန်တတ်သိ ဗဟုသုတနှင့် ပြည့်စုံခြင်း၊ လူအပေါင်းတို့၏ အကျိုးစီးပွားကို ဆောင်နိုင်ခြင်း၊ ကျမ်းဂန်များ ရေးသားပြုစုခြင်း စသည်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ယခုကဲ့သို့ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းရခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အများ၏ဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်လို

**ဒီမိုကရေစီဆိုသည်မှာ အများ၏ဆန္ဒနှင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အများ၏ဆန္ဒနှင့် ဆောင်ရွက်သည်ဆိုသော်လည်း အများ၏ဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်လိုကြောင်း၊ အများဆန္ဒသည် ရိုးသားမှုမရှိပါက ယင်းနိုင်ငံရေးသည် ဒီမိုကရေစီဟု ပြောနိုင်ရန်ခဲယဉ်းကြောင်း၊ တက်လာသည့်အစိုးရများသည် ဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အမှန်တကယ်အလုပ်လုပ်နိုင်မည့် အစိုးရဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀-၃-၂၀၂၁ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် ဘွဲ့တံဆိပ်တော်များအား အသီးသီးဆက်ကပ်ပူဇော်



**နေပြည်တော် မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပခန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလာဘိဝံသအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဆက်ကပ်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဖြစ်သော အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်ကို ဆက်ကပ်ပူဇော်ကာ လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။ (ယာပုံ)

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဝန်းသိုမြို့ ခန္တီပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနဝအား ဖူးမြော်ကြည်ညိုကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဆက်ကပ်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဖြစ်သော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်အား ဆက်ကပ်ပူဇော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရွှေဘိုတပ်နယ်နှင့် ဝန်းသိုတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကား ပြောကြားခဲ့သည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် အောင်ရေဖြူကျေးရွာအုပ်စု နာရဒရာမကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနာရဒ ဆရာတော်ကြီးအား ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်ဆန်းနှင့်အဖွဲ့ဝင်များ၊ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်နှင့်အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဆက်ကပ်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဖြစ်သော အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်အား ဆက်ကပ်ပူဇော်ကာ လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဝိဇ္ဇောတာရုံကျောင်းတိုက် ဦးစီးပဓာန နာယက၊ ပန္နရသရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် ဆရာတော်ဘုရားကြီးအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဖဒိုမန်းငြိမ်းမောင်၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်ကပ်သည့် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်အား ဆက်ကပ်ပူဇော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အလားတူ ၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲမဟာမင်္ဂလာ အခမ်းအနားသို့ ဘွဲ့တံဆိပ်တော်ယူရန် ကြွရောက်နိုင်ခြင်းမရှိသော ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ KWEKABAW ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် သာယာကုန်းကျေးရွာ သုံးထပ်ကျောင်းတိုက် ဦးစီးပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တပဏ္ဍိတအား ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညိုကာ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ ဆံတော်ရပ်ကွက်ရှိ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိကအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဆက်ကပ်သည့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ထို့အတူ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ မတ် ၂၇ ရက်နှင့် ယနေ့တို့တွင် ပြုလုပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်များအား အသီးသီး ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သစ်ခွပန်းစိုက်ပျိုးသူများလာပြီး ရောင်းအားကောင်းလာ

**ကျောက်ပန်းတောင်း မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် သစ်ခွမျိုးစုံ စိုက်ပျိုးရောင်းချသူများလာပြီး ပွဲလမ်းသဘင်မရှိသော်လည်း စိုက်ပျိုးထားသည့် သစ်ခွမျိုးစုံ ရောင်းအားကောင်းနေကြောင်း လွတ်လပ်ရေးရပ်ကွက်နေ သစ်ခွမျိုးစုံ စိုက်ပျိုးရောင်းချနေသည့် ဒေါ်စုစုအောင်ထံမှ သိရသည်။

ကျောက်ပန်းတောင်းမြို့တွင် သစ်ခွမျိုးစုံ ရောင်းချနေသည့် သစ်ခွခြံ ၂၀ ကျော်ရှိပြီး သစ်ခွအမျိုးမျိုးအား အပင်လိုက်ရောင်းချမှုများလာခဲ့ကာ ပွဲလမ်းသဘင်ရှိသည့်အချိန်တွင် သစ်ခွပန်းအခိုင်လိုက်ရောင်းချခြင်း၊ တစ်ပွင့်ချင်းရောင်းချခဲ့မှုများဖြင့် ဝယ်ယူသူမပြတ်ရှိခဲ့ကြောင်း၊ ယခုအချိန်တွင် သစ်ခွမျိုးစုံကို အပင်လိုက်ဝယ်ယူမှု များပြားလာကာ အွန်လိုင်းမှဝယ်ယူမှု ပိုမိုများပြားလာပြီး အချို့သစ်ခွကြိုက်နှစ်သူများက ပုပ္ပားဒေသမျိုး သစ်ခွများပါ တန်ဖိုးထားမြတ်နိုးမှု များပြားလာကြောင်း၊ ပွင့်လာသည့် သစ်ခွပန်း မည်သည့်အရောင်မျိုးဖြစ်စေ တန်ဖိုးထားကာ ဝယ်ယူ၍ ပြန်လည်စိုက်ပျိုးမှုများလာကြောင်း သိရသည်။

သစ်ခွမျိုးများကို တစ်ပင် ငွေကျပ် ၃၀၀၀ မှ ၄၀၀၀ အထိ ရောင်းချနေကြောင်း၊ သစ်ခွပန်းများ စိုက်ပျိုးရာတွင် ပိုက်စိမ်းစများဖြင့် နေရောင်တိုက်ရိုက်မထိတွေ့စေရန် မိုးထားရပြီး သစ်ခွပင်များရေဖျန်းပေးခြင်းကို ရေစက်ရေပေါက် မဖြစ်စေရန် ရေမှုန်ရေမွှားဖြာထွက်သည့် ရေဘူးဖြင့် ဖျန်းပေးရကြောင်း၊ ရေဖျန်းရာတွင်လည်း နံနက်နှင့် ညတစ်နေ့နှစ်ကြိမ် ပုံမှန်ဖျန်းပေးရကြောင်း ၎င်းက ပြောကြားသည်။

**ကိုထိန် (KPD)**

# မြင်တတ်အောင် ကြည့်ဖို့လိုပါတယ်

ငြိမ်းချမ်းမောင်

**မျက်မှောက်ကာလ မြန်မာ့နိုင်ငံရေး အခင်းအကျင်းမှာ အာဏာရှင်ဆန့်ကျင်ရေး ခေါင်းစဉ်တပ်ပြီး ပြည်သူတွေနဲ့ အထက်ပါအဖွဲ့အစည်းတွေ ပါဝင်ပတ်သက်လာအောင် ဖန်တီးလာခဲ့ပုံတွေကို မီးမောင်းထိုးဖော်ပြလိုပါတယ်။ ရည်ရွယ်ချက်ရှိရှိ ပျိုးထောင်ထားတဲ့ အထက်ဖော်ပြပါ Cells တွေထဲအနက် အမှတ်စဉ် (၄) နဲ့ (၆) အဖွဲ့အစည်းတွေနဲ့အတူ CDM လှုပ်ရှားမှုကိုအကြောင်းပြုလို့ ဆရာဝန်တွေရဲ့ အခန်းကဏ္ဍဟာ ပါဝင်လာခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး အနည်းငယ်တင်ပြလိုပါတယ်။ (ဆရာဝန်အများစုကို မရည်ရွယ်ပါဘူး) နိုင်ငံ့ဝန်ထမ်းဆရာဝန်တွေဟာ မရည်ရွယ်ဘဲ နိုင်ငံရေးအပြောင်းအလဲမှာ ပါဝင်လာခဲ့ကြတာဖြစ်ပါတယ်။**

သစ်ပင်တစ်ပင် ရှင်သန်ဖွံ့ဖြိုးလာအောင် အချိန်ကာလ ကြာရှည်စွာ ပြုစုပျိုးထောင်ရပါတယ်။ သစ်ပင်အပင်ပေါက်လေးကို စတင်ပြုစုပျိုးထောင်စဉ်ကတည်းက လေဒဏ်၊ မိုးဒဏ်၊ ရာသီဥတုဒဏ်တွေ မခံရအောင် ကာကွယ်ပေးရပါတယ်။ ပြီးရင် ပေါင်းသင်၊ ရေလောင်း၊ ပိုးမွှားဒဏ်တွေ မခံရအောင် ကာကွယ်ပေးရပါတယ်။ သစ်ပင်လေးဟာ တဖြည်းဖြည်း ကြီးထွားဖွံ့ဖြိုးလာပြီး နှစ်တွေကြာလာတာနဲ့အမျှ ကြီးမားခိုင်ခံ့တဲ့ သစ်ပင်ကြီးတစ်ပင်ဖြစ်လာပါတယ်။

ကြီးမားခိုင်ခံ့တဲ့ သစ်ပင်ကြီးတစ်ပင်ဖြစ်တယ်ဆိုပြီး ဂရုမစိုက်ဘဲ ပစ်ပယ်ထားလို့မရပါဘူး။ သစ်ပင်ကြီးထဲကို ပိုးမွှားတွေဝင်ရောက်လာတယ်ဆိုရင် အဲဒီပိုးတွေဟာ တဖြည်းဖြည်း လှိုက်စားပါတယ်။ သာမန်မျှသာဆိုတဲ့ ပိုးလေးတွေကြောင့် သစ်ပင်ကြီးဟာ တစ်နေ့မှာ ဗုန်းဗုန်းလဲပြိုကျသွားနိုင်ပါတယ်။ ဒီလိုဥပမာလိုပါပဲ သစ်ပင်ကြီး တစ်ပင်လို အရှည်တည်တံ့ကြာရှည်စွာ တည်ထောင်လာခဲ့တဲ့ တိုင်းပြည်ကြီးတစ်ပြည်ဟာလည်း ပိုးမွှားလေးတွေ အမျိုးမျိုးကြောင့် တဖြည်းဖြည်းယိုင်နဲ့ပြီး တစ်နေ့မှာ ပြိုလဲပျက်စီးသွားနိုင်ပါတယ်။

အမေရိကန်နိုင်ငံဟာ ၎င်းရဲ့ (US–NED) အဖွဲ့အစည်းရဲ့ နောက်ဆုံးထုတ်ပြန်ချက်အရ တစ်ကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံပေါင်း ၉၀ ကျော်မှာ ၎င်းမွေးမြူထားတဲ့ပိုး (Cells) တွေ ဖြန့်ကြဲပျိုးထောင်ထားတာကို တွေ့ရပါတယ်။

(၁) မီဒီယာတွေ၊
(၂) နိုင်ငံရေးသမားတွေ၊
(၃) ပညာရေးသုတေသနအဖွဲ့အစည်းတွေ၊
(၄) အရပ်ဘက်လူမှုရေး အဖွဲ့အစည်းတွေ၊
(၅) ဘာသာရေးအသွင်ယူထားတဲ့ အဖွဲ့အစည်းတွေ၊
(၆) ပြည်တွင်း/ပြည်ပ middle class & educated Burma campaign တွေ၊
(၇) ထောက်လှမ်းရေးသူလျှိုတွေ၊
(၈) သူ့လူကိုယ့်ဘက်သား defector – in – place တွေ၊
(၉) စီးပွားရေးလုပ်ကြံသူ economic hit–men တွေ

စတဲ့ပိုးပေါင်းများစွာကို မွေးမြူထားပါတယ်။ ဒီပိုးပေါင်းများစွာ ရှင်သန်ကြီးထွားရေးအတွက် (US–NED) ဟာ နှစ်စဉ် အမေရိကန်ဒေါ်လာသန်းပေါင်းများစွာ ကျခံသုံးစွဲပြီး ကမ္ဘာ့နိုင်ငံများမှာ အနုနည်း/အကြမ်းနည်း နိုင်ငံရေးကစားကွက်အမျိုးမျိုး ကစားနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

မျက်မှောက်ကာလ မြန်မာ့နိုင်ငံရေး အခင်းအကျင်းမှာ အာဏာရှင်ဆန့်ကျင်ရေး ခေါင်းစဉ်တပ်ပြီး ပြည်သူတွေနဲ့ အထက်ပါအဖွဲ့အစည်းတွေ ပါဝင်ပတ်သက်လာအောင် ဖန်တီးလာခဲ့ပုံတွေကို မီးမောင်းထိုးဖော်ပြလိုပါတယ်။ ရည်ရွယ်ချက်ရှိရှိ ပျိုးထောင်ထားတဲ့ အထက်ဖော်ပြပါ Cells တွေထဲအနက် အမှတ်စဉ် (၄) နဲ့ (၆) အဖွဲ့အစည်းတွေနဲ့အတူ CDM လှုပ်ရှားမှုကို အကြောင်းပြုလို့ ဆရာဝန်တွေရဲ့ အခန်းကဏ္ဍဟာ ပါဝင်လာခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး အနည်းငယ်တင်ပြလိုပါတယ်။ (ဆရာဝန်အများစုကို မရည်ရွယ်ပါဘူး) နိုင်ငံ့ဝန်ထမ်း ဆရာဝန်တွေဟာ မရည်ရွယ်ဘဲ နိုင်ငံရေးအပြောင်းအလဲမှာ ပါဝင်လာခဲ့ကြတာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံရေးအပြောင်းအလဲဖြစ်တာနဲ့ မွေးမြူထားတဲ့(Cells)ပိုးတွေဟာ ချက်ချင်းလှုပ်ရှားလာကြပါတယ်။ ဒီမိုကရေစီအရေး၊ လစ်ဘရယ်အရေး၊ စစ်အာဏာရှင်အရေး၊ တော်လှန်ရေးစတဲ့ မီးခိုးမှိုင်းတွေ ပြည်သူလူထုအတွင်းမှာ တစ်စတစ်စဖုံးလွှမ်းမှိုင်းမိလာပြီး အာဏာဖီဆန်တာတွေ၊ ဥပဒေချိုးဖောက်တာတွေ၊ အကြမ်းဖက်တိုက်ခိုက်တာတွေဖြစ်လာခဲ့တာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒီမိုကရေစီရရှိရေး၊ အာဏာရှင်ဆန့်ကျင်ရေးလို့ ပြည်သူတွေမြင်ထားပေမယ့် နောက်ပိုင်းမှာ အသွင်ယူထားတဲ့ ဒီမိုကရေစီကို ခွာချလိုက်ပြီး အမည်းရောင်တော်လှန်ရေးအသွင် ပြောင်းလာတာဟာ သွေးရိုးသားရိုးမဟုတ်ပါဘူး။ မြန်မာနိုင်ငံကို အမေရိကန်ဆော့ဖ်ပါဝါပိုးတွေ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အချိန်ကာလရှည်ကြာစွာ ပျိုးထောင်နိုင်ခဲ့တဲ့ အကျိုးရလဒ်ပဲဖြစ်ပါတယ်။

အမေရိကန်ဟာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ ရင်းနှီးမြှုပ်နှံမှု မရှိသလောက်ပါပဲ။ သူ့အကျိုးစီးပွားမရှိပါဘူး။ ဒါပေမယ့် ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးကို အကြောင်းပြပြီးတော့ မြန်မာ့နိုင်ငံက လူပုဂ္ဂိုလ်တွေ၊ အသင်းအဖွဲ့တွေ၊ လူမှုအသိုက်အဝန်းတွေကို အစောပိုင်းကတည်းက ကနေ့အထိ ထောက်ပံ့ပေးလျက်ရှိပါတယ်။ ဒါဟာ အမေရိကန်ဆော့ဖ်ပါဝါပိုးတွေ မွေးမြူနည်းဖြစ်ပါတယ်။ ပြည်သူတွေ အကျိုးရှိ/မရှိတော့ မသိပါဘူး။ အဲဒီလူတွေ၊ အဖွဲ့အစည်းတွေကတော့ အကျိုးရှိခဲ့ကြပါတယ်။ ဒါတွေဟာ လျှို့ဝှက်ထားတဲ့အရာတွေ မဟုတ်ပါဘူး။ ဘယ်သူတွေ၊ ဘယ်အဖွဲ့အစည်းတွေ ဘယ်လိုအကျိုးရှိတယ်၊ ဘယ်လိုအသုံးချတယ်ဆိုတာကို အင်တာနက်ထဲမှာ လေ့လာကြည့်ရင် အလွယ်တကူသိနိုင်ပါတယ်။

**မြန်မာပြည်က လူထုကြားမှာ ထင်ရှားတဲ့ လူပုဂ္ဂိုလ်အချို့ကို ဆုကောင်းကောင်းပေးပြီး ပိုးကြီးကြီး မွေးမြူခဲ့ကြပါတယ်။ NGOs တွေ၊ အသွင်ယူထားတဲ့ ပရဟိတအဖွဲ့တွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ ဝါသနာရှင်အဖွဲ့အစည်းတွေ၊ စီးပွားရေးအဖွဲ့အစည်းတွေ၊ ပညာရေးအဖွဲ့အစည်းတွေ၊ ဗားမားကမ်ပိန်း စတဲ့အဖွဲ့အစည်းအသီးသီးကြားမှာ ဒေါ်လာထောက်ပံ့ကြေးတွေပေးပြီး သစ်ပင်ကြီးကို လှိုက်စားနိုင်တဲ့ ထိုးဖောက်ဝင်ရောက်မယ့် ပိုးတွေကို မွေးထားနိုင်ခဲ့ပါတယ်။ ပိုးတွေစိမ့်ဝင်ထိုးဖောက်ခဲ့တဲ့အတွက် အချိန်အခါကျလာတဲ့အခါမှာ တစ်စစီပြိုကျရေးကို ပြုလုပ်ခဲ့ကြပါတယ်။ ပြည်သူ့ကျန်းမာရေးကဏ္ဍ တစ်ခုလုံး ပြိုလဲသွားလောက်အောင် ဆောင်ရွက်နိုင်ခဲ့တာကို အထင်အရှားတွေ့ရမှာ ဖြစ်ပါတယ်။**

မြန်မာပြည်က လူထုကြားမှာ ထင်ရှားတဲ့ လူပုဂ္ဂိုလ်အချို့ကို ဆုကောင်းကောင်းပေးပြီး ပိုးကြီးကြီး မွေးမြူခဲ့ကြပါတယ်။ NGOs တွေ၊ အသွင်ယူထားတဲ့ ပရဟိတအဖွဲ့တွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ ဝါသနာရှင်အဖွဲ့အစည်းတွေ၊ စီးပွားရေးအဖွဲ့အစည်းတွေ၊ ပညာရေးအဖွဲ့အစည်းတွေ၊ ဗားမားကမ်ပိန်း စတဲ့အဖွဲ့အစည်းအသီးသီးကြားမှာ ဒေါ်လာထောက်ပံ့ကြေးတွေပေးပြီး သစ်ပင်ကြီးကို လှိုက်စားနိုင်တဲ့ ထိုးဖောက်ဝင်ရောက်မယ့် ပိုးတွေကို မွေးထားနိုင်ခဲ့ပါတယ်။ ပိုးတွေစိမ့်ဝင်ထိုးဖောက်ခဲ့တဲ့အတွက် အချိန်အခါ ကျလာတဲ့အခါမှာ တစ်စစီပြိုကျရေးကို ပြုလုပ်ခဲ့ကြပါတယ်။ ပြည်သူ့ကျန်းမာရေးကဏ္ဍ တစ်ခုလုံး ပြိုလဲသွားလောက်အောင် ဆောင်ရွက်နိုင်ခဲ့တာကို အထင်အရှားတွေ့ရမှာ ဖြစ်ပါတယ်။

ပြည်သူ့ဆေးရုံတွေကို ပိတ်လိုက်လို့ အစိုးရ တစ်ရပ်ပြုတ်မကျသွားပါဘူး။ ပြည်သူတွေ ဒုက္ခအခက်အခဲတွေ့ပြီး တိုင်းပြည်ယိုင်နဲ့သွားစေတဲ့ အချက်တစ်ချက်ပဲဖြစ်ပါတယ်။ အခြေခံလူတန်းစားတွေ အဓိကအားထားရတဲ့ အခမဲ့ သို့မဟုတ် စရိတ်သက်သာတဲ့ ပြည်သူ့ဆေးရုံတွေကို ပိတ်လိုက်တော့ အခြေခံပြည်သူတွေ ရောဂါအနာတရဖြစ်တဲ့အခါ ရှိသမျှကို ရောင်းချပေါင်နှံပြီး ပုဂ္ဂလိကဆေးရုံတွေကို ပြေးကြရပါတယ်။ ပြည်သူတွေ ဒုက္ခရောက်တာ တိုင်းပြည်လည်း ဒုက္ခရောက်ပါတယ်။ ဖေဖော်ဝါရီလဆန်းပိုင်းကစတင်ခဲ့တဲ့ CDM လှုပ်ရှားမှု နောက်ကွယ်တွင် ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ဆရာဝန်အချို့ဟာ ကျင့်ဝတ်ကို လိုက်နာခြင်းမရှိဘဲ ပင်မတာဝန်ကို စွန့်ပယ်ကာ CDM တွင် ပါဝင်ကြသလို မပါဝင်လိုသော်လည်း ဖိအားပေး အကျပ်ကိုင်မှုကြောင့် ပါဝင်သွားကြသူတွေလည်း ရှိနိုင်ပါတယ်။

ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲမှိုင်းမိကြသူတွေရဲ့ လွှမ်းမိုးမှုဟာ သာမန်ပြည်သူတွေမဆိုထားနဲ့ ပညာတတ်ဆရာဝန်တွေပင် အမှား/အမှန်မခွဲခြားနိုင်တာဟာ အလွန် အစွမ်းထက်တဲ့ ပိုးကြောင့်လို့ ဆိုချင်ပါတယ်။ ပြည်သူလူထု အားကိုးအားထားပြုရတဲ့ ဆေးရုံတွေကို ပိတ်လိုက်တဲ့အတွက် ဆရာဝန်တွေအကြား၊ ပြည်သူလူထုတွေအကြား ဝေဖန်မှုတွေမြင့်တက်ခဲ့ပါတယ်။ နိုင်ငံရေးရဲ့ပရိယာယ်ကို နားလည်ကြတဲ့ ဆရာဝန်အချင်းချင်း CDM စကတည်းက မလုပ်သင့် မလုပ်ထိုက်ကြောင်း သတိပေးကြ၊ သဘောမတူကြောင်း ပြောကြ၊ ပြစ်မှုမြောက်ကြောင်း အသိပေးကြသော်လည်း ဆက်လက်ရှေ့တိုးမြဲရှေ့တိုးခဲ့ကြပါတယ်။

ယနေ့ကမ္ဘာကြီးမှာ နိုင်ငံတစ်နိုင်ငံကို စစ်ပွဲဆင်နွှဲ၍ သိမ်းပိုက်တဲ့ ခေတ်မဟုတ်တော့ပါဘူး။ ခေတ်သစ် ကိုလိုနီဝါဒခေတ်တွင် ဆော့ဖ်ပါဝါ ပျိုးထောင်ရေးနည်းနဲ့ နိုင်ငံဖြိုလှဲရေးစနစ်ကျင့်သုံးတာကို လက်တွေ့ တွေ့ရပြီဖြစ်ပါတယ်။ CDM လုပ်လို့ ဆရာဝန်တွေ အမြောက်အမြား အလုပ်ထုတ်ပယ်ခံရတာ၊ အဖမ်းမခံရအောင် ထွက်ပြေးနေရချိန်မှာ ပြည်ပက Cells တွေက ပြည်တွင်းက ဒုက္ခရောက်နေကြတာကို ရယ်မောပျော်ရွှင် အောင်ပွဲခံနေကြပါတယ်။ အခုလိုဖြစ်ရတာ စစ်အာဏာရှင်ကြောင့်လို့ လက်ညှိုးထိုးလွှဲချ ကြွေးကြော်နေကြပါတယ်။ ဒါပေမယ့် လက်ညှိုးထိုးလွှဲချလို့ မရပါဘူး။ ကြည့်တတ်သူကတော့ မြင်ကြပါတယ်။

တကယ်တော့ ဒီမိုကရေစီဆိုတာ၊ အာဏာရှင်ဆိုတာ အသွင်ယူထားတာသာဖြစ်ပါတယ်။ မြန်မာပြည်က ဆရာဝန်တွေဖြစ်စဉ်က ရိုးရှင်းပါတယ်။

စာမျက်နှာ ၇ သို့ ❍

**ဆန္ဒပြဖြစ်စဉ် အဆင့်ဆင့်ပြောင်းလဲလာတာကို ကြည့်မယ်ဆိုရင် တပ်မတော်မုန်းတီးရေးလမ်းကြောင်းပေါ်ကို မရောက်ရောက်အောင် ပို့နေတာကို တွေ့ရမှာဖြစ်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့တွေနဲ့ အကြမ်းဖက်တိုက်ခိုက် ထိပ်တိုက်တွေ့ဆုံစေဖို့ ဇာတ်နာအောင် ဖန်တီးကြပါတယ်။ တပ်မတော်ကို အလုံးစုံမုန်းတီးရေးလမ်းကြောင်းကို ဘာကြောင့်ဖန်တီးတာပါလဲ၊ ဘယ်သူဖန်တီးတာပါလဲ၊ ပြည်တွင်းမှာ သွေးမြေကျလို့ စိတ်မကောင်းဘူးပြောပြီး တစ်ဖက်က ဝမ်းမြောက်ဝမ်းသာဖြစ်နေကြတာ။ အဖြေရှင်းနေပါတယ်။ ဆေးရုံတွေပိတ်ထားတာ၊ ပြည်သူတွေဒုက္ခရောက်တာ တပ်မတော်ကြောင့်လို့ ပြောစေချင်သလို မြန်မာပြည် ပျက်စီးရေးလမ်းကြောင်းကို သွားနေလို့ပါပဲ။**

# ထားဝယ်မြို့နယ်ရှိ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်



**နေပြည်တော် မတ် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ တပ်မတော်သား မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စောသန်းလှိုင်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ထားဝယ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များက အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ထားဝယ်မြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ထားဝယ်မြို့၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်ကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော်ဝန်နှင့်အဖွဲ့ ရန်ကုန်မြို့ရေပေးဝေရေးနှင့် မြို့သန့်ရှင်းရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မတ် ၂၈**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်)ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီက မင်္ဂလာဒုံမြို့နယ် လှော်ကားရေလှောင်ကန်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် အင်ဂျင်နီယာဌာန (ရေအရင်းအမြစ်နှင့် ရေပေးဝေရေး) ဌာနမှူး ဦးမြင့်ဇော်သန်းက ရန်ကုန်မြို့သို့ ရေအရင်းအမြစ်များနှင့် ရေလှောင်ကန်ကြီးများ နေ့စဉ်ရေပေးဝေနေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လိုအပ်သည်များ မှာကြားသည်။

**ရေဂါလန် သန်း ၅၀၀ ဖြန့်ဖြူးနိုင်ရေး**

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် အင်ဂျင်နီယာဌာန (ရေအရင်းအမြစ်နှင့် ရေပေးဝေရေး)မှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံကာ ရန်ကုန်မြို့အား အဓိက ရေပေးဝေနေသည့် လှော်ကားရေလှောင်ကန်မှာ ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြသည့်အတွက် ပြည်သူများအား အထိရောက်ဆုံး အကျိုးပြုနေခြင်းဖြစ်ပြီး ရေအကျိုးဆယ်ပါးကို မတောင်းဘဲ ရနေကြောင်း၊ ယခုကဲ့သို့ တက်ညီလက်ညီလုပ်ကြမည်ဆိုပါက အနာဂတ်တွင် မျှော်မှန်းထားသည့် တစ်နေ့ရေဂါလန် သန်း ၅၀၀ ဖြန့်ဖြူးနိုင်ရေး အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် မြို့တော်ဝန်က မြောက်ဥက္ကလာပမြို့နယ်တွင် အရေးပေါ်ကာလအတွင်း နိုင်ငံပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကြိုးပမ်းဆောင်ရွက်ခဲ့သော အကြီးစား ပြုပြင်ထိန်းသိမ်းရေးဌာနစုမှ ဝန်ထမ်း ၁၈ ဦးကို ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ပြီး မြို့ရေပေးရေးအတွက် ရေပို့ပိုက်လိုင်းကြီးများ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းတစ်လျှောက် သွယ်တန်းလျက်ရှိရာ နှောင့်ယှက်လိုသူများက လမ်းပိတ်အတားအဆီးများအဖြစ်အသုံးချနေသည့်ကြားမှ မတ် ၁၂ ရက် ညတွင် ၁၆ လက်မ HDPE ပိုက် ၂၇ လုံး၊ မတ် ၂၀ ရက်တွင် ၁၂ လက်မ၊ ၁၆ လက်မ၊ ၄၈ လက်မ HDPE ပိုက် ၁၅၀ စုစုပေါင်းပိုက် ၁၇၇ လုံးကို နှောင့်ယှက်လိုသူလူအုပ်စုကြားမှ ခက်ခက်ခဲခဲ သယ်ယူရွှေ့ပြောင်းပေးခဲ့ခြင်းမှာ နိုင်ငံပိုင်ပစ္စည်းကို စွန့်စားကာကွယ်စောင့်ရှောက်ခြင်းဖြစ်၍ ယခုကဲ့သို့ ဂုဏ်ပြုရခြင်းဖြစ်ကြောင်း၊ အလားတူ ယခုအရေးပေါ်ကာလအတွင်း ဌာနအသီးသီးမှ ဝန်ထမ်းများစွာ စွန့်စား၍ အပင်ပန်းခံ ဆောင်ရွက်ခဲ့ကြသည်များကိုလည်း မှတ်တမ်းတင်ကြောင်းနှင့် ဂုဏ်ပြုချီးမြှင့်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှော်ကားရေလှောင်ကန်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု၊ စက်ပစ္စည်းနှင့် ယန္တရားများ ကြံ့ခိုင်ရေး ဆောင်ရွက်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည်



မွန်းတည့် ၁၂ နာရီတွင် ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်း ၁၂ ထပ်ခွဲရုံးရှိ မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနသို့ ရောက်ရှိရာ ဌာနမှူး ဦးချိုထွန်းအောင်က ရန်ကုန်မြို့တွင် နေ့စဉ်အမှိုက်သိမ်းဆည်းနေမှုစနစ်၊ လှော်ကားရှိ အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့်စက်ရုံ၊ ထိန်ပင်ရှိ ဘေးအန္တရာယ်ရှိ စွန့်ပစ်အမှိုက်များ မီးရှို့စက်တို့၏ လည်ပတ်ဆောင်ရွက်နေမှု၊ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ Final Disposal Site များနှင့် အမှိုက်ပုံများတွင် စုပုံနေမှု၊ တိုးတက်လာသည့် လူဦးရေနှင့်အညီ ထပ်မံလိုအပ်မည့် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ အသစ် လျာထားမှုများ၊ လေထုညစ်ညမ်းမှု စီမံခန့်ခွဲဆောင်ရွက်နေမှုများ၊ အမှိုက်စွန့်ပစ်မှု စီမံခန့်ခွဲရေးနှင့် အမှိုက်မှ စွမ်းအင်ထုတ်လုပ်ရေးအတွက် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက သန့်ရှင်းရေးဌာနအနေဖြင့် အသိပညာ၊ အတတ်ပညာနှင့် အတွေ့အကြုံများစွာ ရရှိလာပြီဖြစ်၍ အမှိုက်စွန့်ပစ်မှု စီမံခန့်ခွဲရေးကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်စွာ ဆောင်ရွက်ကြရန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ကျောဖုံးမှ**

အဆိုပါ မြို့ပတ်ရထားတွဲဆိုင်းသည် ရန်ကုန်ဘူတာကြီးမှ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ဆက်လက်ထွက်ခွာခဲ့ပြီး ဘူတာစဉ်ဖြတ်သန်းပြီးနောက် မင်္ဂလာဒုံဘူတာသို့ မွန်းလွဲ ၁ နာရီခွဲတွင် ရောက်ရှိ၍ ဆက်လက်ထွက်ခွာရာ အင်းစိန်ဘူတာသို့ မွန်းလွဲ ၂ နာရီတွင် ပြန်လည် ဆိုက်ရောက်ခဲ့သည်။

ဤသို့ရထားပြေးဆွဲမှု ဆောင်ရွက်စဉ်အတွင်း **ကြို့ကုန်းဘူတာနှင့် သမိုင်းမြို့သစ်ကြား မိုင်တိုင် (၇/၂၁-၂၂)တွင်** ရထားလမ်းပေါ်တွင် သစ်တုံး၊ သဲအိတ်၊ သံလမ်းတို့ဖြင့် ပိတ်ဆို့ထားခြင်း၊ သံလမ်းအရှည်ဖြင့် သံလမ်းပေါ် ကန့်လန့်ဖြတ်ပိတ်ဆို့ထားခြင်း၊ **သမိုင်းမြို့သစ်နှင့် သမိုင်းဘူတာကြား** အဆန်လမ်း၌ သစ်တုံး တစ်တုံး၊ အစုန်လမ်း၌ သစ်တုံး တစ်တုံး ကန့်လန့်ဖြတ်တင်ထားခြင်းနှင့် သံလမ်းထိန်းကလစ် ၂၅၀ ခန့်ဖြုတ်ထားခြင်း၊ **ကမာရွတ်ဘူတာလမ်း ကားလမ်းကူးတွင်** တာယာဟောင်း မီးရှို့၍ ကားလမ်းကူး ပိတ်ဆို့ထားခြင်း၊ သံလမ်းထိန်းကလစ် ၄၀၀ ခန့် ဖြုတ်ထားခြင်း၊ သံလမ်းအဆက်ပါဖြုတ်၍ သံလမ်းအဆက်နေရာ ဟထားခြင်းတို့ကြောင့် တပ်မတော်သားများ၊ ရထားရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံတာဝန်သိပြည်သူများနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီးနောက် ရထားသည် ခရီးဆုံးဘူတာသို့ အောင်မြင်စွာ ပြေးဆွဲနိုင်ခဲ့သည်။

မသမာသူအကြမ်းဖက်သမားများ၏ လုပ်ရပ်များနှင့် နှောင့်ယှက်ဖျက်ဆီးမှုများအတွက် မြန်မာ့မီးရထားမှ သက်ဆိုင်ရာနယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်လှစ်၍ အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့ပတ်ရထားခရီးစဉ်များကို မြန်မာ့မီးရထားက နေ့စဉ် ပုံမှန် ပြေးဆွဲလျက်ရှိသဖြင့် မိဘပြည်သူများ၊ ဝန်ထမ်းများအနေဖြင့် လိုက်ပါစီးနင်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❍ **စာမျက်နှာ ၆ မှ**

လစာနည်းနည်းလေးနဲ့ ဂုဏ်သိက္ခာ မြင့်မားလာဖို့ အလုပ်လုပ်နေကြတာဖြစ်ပါတယ်။ ပြည်ပက မြန်မာအချို့ရဲ့ မြန်မာပြည်အပေါ်ထားတဲ့ အမုန်းတရားတွေ၊ မြန်မာပြည်က ဆရာဝန်တွေကို ပြည်သူလူထု ကြည်ညိုလေးစားတဲ့ အောင်မြင်မှုတွေအပေါ် ဣဿာဖြစ်တာတွေ၊ တပ်နဲ့ပတ်သက်တဲ့ အောင်မြင်မှုတွေအပေါ် မစ္ဆရိယဖြစ်တာတွေနဲ့ရောပြီး နိုင်ငံရေးရေချိန်တက်ချိန်မှာ လုပ်မှားကိုင်မှားဖြစ်ကြတာလို့ ဆိုချင်ဆိုနိုင်ပါတယ်။

**ဆန္ဒပြဖြစ်စဉ် အဆင့်ဆင့်ပြောင်းလဲလာတာကို ကြည့်မယ်ဆိုရင် တပ်မတော်မုန်းတီးရေးလမ်းကြောင်းပေါ်ကို မရောက်ရောက်အောင် ပို့နေတာကို တွေ့ရမှာဖြစ်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့တွေနဲ့ အကြမ်းဖက်တိုက်ခိုက် ထိပ်တိုက်တွေ့ဆုံစေဖို့ ဇာတ်နာအောင် ဖန်တီးကြပါတယ်။ တပ်မတော်ကို အလုံးစုံ မုန်းတီးရေးလမ်းကြောင်းကို ဘာကြောင့်ဖန်တီးတာပါလဲ၊ ဘယ်သူဖန်တီးတာပါလဲ၊ ပြည်တွင်းမှာ သွေးမြေကျလို့ စိတ်မကောင်းဘူးပြောပြီး တစ်ဖက်က ဝမ်းမြောက်ဝမ်းသာဖြစ်နေကြတာ အဖြေရှင်းနေပါတယ်။ ဆေးရုံတွေ ပိတ်ထားတာ၊ ပြည်သူတွေ ဒုက္ခရောက်တာ တပ်မတော်ကြောင့်လို့ ပြောစေချင်သလို မြန်မာပြည်ပျက်စီးရေးလမ်းကြောင်းကို သွားနေလို့ပါပဲ။**

မြန်မာပြည်က အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး ပြည်ပနိုင်ငံတစ်နိုင်ငံမှ မြန်မာဆရာဝန်တစ်ဦးရေးခဲ့တဲ့ "အမုန်းတရားနိုင်ငံရေး၊ ပြင်ပကမ္ဘာ့အရေးနားမလည်တဲ့ ပညာမရှိမှုကို ဦးနှောက်ဖွင့်၊ နှလုံးသားဖွင့် မလေ့လာဘဲ ပြောသူတွေ အရှုံးဖြစ်ရတဲ့ လောကလို့ Keynes west ပြောသလို mob အမုန်းတရားလူတစ်စု၊ မမှန်ကန်တဲ့စေတနာ၊ ဘဝပျက်ခံရတဲ့ ဆရာဝန်၊ သေကျေဝေဒနာခံစားရတဲ့ ပြည်သူနဲ့မိသားစုရဲ့ curses တွေ၊ Clouds တွေ လာနေပြီ"ဆိုတဲ့ မှတ်ချက်လေးကို သတိရမိပါတယ်။ ။

# ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိကြသည့် နေပြည်တော်ကောင်စီနယ်မြေမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်တို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်



**နေပြည်တော် မတ် ၂၈**

၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် နေပြည်တော်ကောင်စီနယ်မြေမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်တို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ပေးအပ်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနဝံ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီနယ်မြေ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ တပ်ကုန်းမြို့ ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက် တိုက်အုပ်နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိ အမှူးပြုသော ဘွဲ့ခံဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးဇေယျာလင်းနှင့် ဦးမြင့်စိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ တပ်ကုန်းမြို့ ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ပုဗ္ဗသီရိမြို့ အောင်စည်သာပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏက သမ္ဗောဒနီယဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိစက္ခဏနှင့် တပ်ကုန်းမြို့နယ် ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပညာသာမိ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဒက္ခိဏသီရိမြို့နယ် ရွှေစေတီတောရကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုသလိယထံတို့ကို ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ဂန္ထဝါစကပဏ္ဍိတနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်တို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ပေးအပ်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုဏ္ဍလာဝုဓထံမှ ဧည့်ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် နေပြည်တော်ကောင်စီနယ်မြေမှ ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားတွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် နှစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော်နှစ်ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော် သုံးပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော် လေးပါး၊ မဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော် လေးပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် တစ်ပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော် တစ်ပါး၊ ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ခုနစ်ပါး၊ သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါး၊ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင် ဆရာကြီး နှစ်ပါးနှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ် နှစ်ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို ဆက်ကပ်ပူဇော်ပေးအပ်ခဲ့ကြောင်း သိရသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခံရသော ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နေပြည်တော် စည်ပင်ဧည့်ရိပ်သာ၌ ယနေ့နံနက်ပိုင်းက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူး၍ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ဘားအံ မတ် ၂၈**

ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီကကြီးမှူး၍ ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို မတ် ၂၇ ရက် မွန်းလွဲ ၁ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသိန်းကိုကိုနှင့် ပြည်နယ်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ စတင်ပြီး ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဓမ္မဝါသီကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဥတ္တရထံမှ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဘွဲ့တံဆိပ်တော်ရ ပြည်နယ်ကမ္မဋ္ဌာန်းကျောင်းဆရာတော် ဘဒ္ဒန္တသုဇာတက သမ္ဗောဒနီယ ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက ပြည်နယ်သံဃနာယကဆရာတော် အရှင်သူမြတ်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မြဝတီမြို့ မြသုခ(၂၇၅) တပ်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာနန္ဒ အရှင်သူမြတ်အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။



ယင်းနောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသိန်းကိုကိုက ပြည်နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တာဝန်ရှိသူများက ဆရာတော် အရှင်သူမြတ်များနှင့် သီလရှင်ဆရာကြီးအား ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များ အသီးသီး ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# စစ်တွေမြို့၌ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှစ်ပါး လှည့်လည်အပူဇော်ခံ



**စစ်တွေ မတ် ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပသော ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်ပြီး အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ခံယူကြသည့် ဆရာတော်ကြီးနှစ်ပါးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ စစ်တွေမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ကြွရောက်တော်မူကြပြီး မြို့တွင်း လှည့်လည် အပူဇော်ခံကြသည်။

ရှေးဦးစွာ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး နှစ်ပါးဖြစ်ကြသော မြောက်ဦးမြို့ အောင်မင်္ဂလာဆရာတော် (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) ဒေါက်တာ ဘဒ္ဒန္တပညာသာမိနှင့် စစ်တွေမြို့မဏိရတနာဆရာတော်(နိုင်ငံတော်သံဃမဟာနာယက-ငြိမ်း) ဘဒ္ဒန္တသောမ ဆရာတော်ကြီးတို့အား ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းနှင့် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက စစ်တွေလေဆိပ်တွင် ခရီးဦးကြိုဆိုဖူးမြော်ကြပြီး မြို့တွင်းလှည့်လည် အပူဇော်ခံမည့် မော်တော်ယာဉ်များသို့ ပင့်ဆောင်ကြသည်။ ထို့နောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှစ်ပါးအား စစ်တွေလေဆိပ်မှ မေယုလမ်း၊ မေယုလမ်းမှ လမ်းမကြီး၊ လမ်းမကြီးမှ သဘောၤဆိပ်လမ်း၊ သဘောၤဆိပ်လမ်းမှ စက်ရုံလမ်း၊ စက်ရုံလမ်းမှ သီတင်းသုံးရာကျောင်းတိုက်အသီးသီးသို့ အပူဇော်ခံ ပင့်ဆောင်ခဲ့ကြသည်။ ဆရာတော်ကြီးများ ကြွရောက်တော်မူရာ လမ်းတစ်လျှောက်တွင် ဆရာတော်ကြီးများ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကိုကြည်ညိုသောအားဖြင့် ဒကာ၊ ဒကာမများက လမ်းဘေး ဝဲ၊ ယာ တစ်ဖက်တစ်ချက်မှ ကုသိုလ်ပွားကာ ပူဇော်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ လှူဖွယ်ပစ္စည်းများ၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

**နေပြည်တော် မတ် ၂၈**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနဝ္ဂနွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ရပ်ကွက် အာယုဒီကကျောင်းတိုက်၊ တိုက်ကြီးမြို့နယ် အဖျောက်မြို့ အမှတ်(၄)ရပ်ကွက် ချမ်းမြေ့ရိပ်သာကျောင်းတိုက်နှင့် အမ်းမြို့ မဟာဂန္ဓာရုံကျောင်းတိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ဘိုးသိန်းတန် ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် အမ်းမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနဝ္ဂနွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား တပ်မတော်မှ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ ရောဂါဝေဒနာ ခံစားနေရသည့်ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သောလူနာများကို ခွဲစိတ်ကုသခြင်းများ ဆောင်ရွက်ပေးခဲ့သည်။



အလားတူ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပြည်သူ့ဆေးရုံရှိ ဆရာဝန်များနှင့် သူနာပြုများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းမရှိဘဲ တာဝန်များ ပျက်ကွက်လျက်ရှိပြီး ဒေသခံပြည်သူများက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ အကူအညီတောင်းခံလာခဲ့သဖြင့် ယနေ့တွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မှ တပ်မတော်သားဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့ကို အဆိုပါဆေးရုံသို့ စေလွှတ်ခဲ့ရာ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာစွာဖြင့် လှိုက်လှဲစွာကြိုဆိုခဲ့ကြကြောင်းနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မတ် ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၀၀၈၇၃ ဦး၊ အတွင်းလူနာ ၄၁၉၁ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၄၇၂၄ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၂၄၉၇ ဦး စုစုပေါင်း ၇၂၂၁ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၅၃၀ ကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၃၈၆၇ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၆၃၉၇ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

# CDM ဆွယ်တရားကို ကြံ့ကြံ့ခံရင်း ပြည်သူ့အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်သွားမည်သာ

ရတီ

"ကိုယ့်ရွာ မျက်နှာမှမထောက် သူပဲ အရှက်မရှိ သွားတုန်း" ဟု တစ်ဖက်ခြံထဲကနေ ဝိုင်းဖွဲ့၍ ကျွန်မ ကြားအောင် တမင်ဆိုလိုက်သံကြောင့် ရုံးသွားဖို့ ဆိုင်ကယ်ထုတ်နေတဲ့ကျွန်မ ချက်ချင်းတုံ့ပြန် စကားဆိုမိပါတယ်။

"ကျွန်မကို ပြောသလား။ ရွာကို အရှက်ရတယ်ဆိုရအောင် ကျွန်မက ရွာရဲ့ ပျက်စီးရာ ပျက်စီးကြောင်းလည်း မလုပ်ဘူး။ အကျိုးယုတ်စရာလည်း မလုပ်ဘူး။ ရှိခဲ့ရင် ပြောပြကြပါဦး" ဟု ဒေါသစွက်သံဖြင့် ဆိုမိပါသည်။

"ညည်းလို့ ဆိုလို့လားအေ" စကားဝိုင်းရဲ့ ပြောဆိုသံကြောင့် ပြန်ပြောဖို့ ဟန်ပြင်နေစဉ်မှာပဲ အမေက အိမ်ထဲက ထွက်လာပြီး တားတဲ့အတွက် ဘာမှဆက်၍ မဆိုဖြစ်တော့။ ကျွန်မလည်း လူငယ်တစ်ယောက်၊ မဟုတ်တာပြောရင် မခံချင်။ သို့သော် အလုပ်တက်ချိန် နောက်ကျမှာစိုးသည်က တစ်ကြောင်း၊ ကျွန်မကို ပြောဆိုတာ မခံချင်လို့ အမေနဲ့ဆက်ပြီး ရန်ဖြစ်နေမှာစိုးသည်က တစ်ကြောင်း စိတ်ထဲကြိတ်မှိတ်မျိုသိပ်ရင်း ရုံးသို့သာ ဦးတည်ခဲ့ပါတယ်။ ရုံးလာရင်း နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေတာနဲ့ အပြစ်ရှိရော့လားလို့ စဉ်းစားနေမိဆဲ။

**အယ်ဒီတာ့ထံပေးစာ တစ်စောင်**

ရုံးရောက်တော့ စိတ်မောမောနဲ့ ခဏထိုင်ရင်း သူတို့ကို ဘယ်လိုတုံ့ပြန်ပြောဆိုရင် ကောင်းမလဲဟု စဉ်းစားနေမိပြန်သည်။ လုပ်ဖော်ကိုင်ဖက် ညီမလေး သူဇာက "အစ်မ မျက်နှာလည်း မကောင်းပါ့လား၊ ဘာဖြစ်နေတာလဲ၊ ရော့ သတင်းစာဖတ်ဦးမလား" ဟု ဆိုကာ ရုံးကယူတဲ့ နေ့စဉ်ထုတ် သတင်းစာတွေကို စားပွဲပေါ် ချထားခဲ့၏။ သူဇာ့အပြောကြောင့် ဘာရယ်မဟုတ်၊ သတင်းစာတွေ လှန်လှောဖတ်ရင်း ကြေးမုံသတင်းစာမှာပါတဲ့ အယ်ဒီတာ့ထံပေးစာ တစ်စောင်ကိုလည်း ဖတ်ဖြစ်မိ၏။ ထိုပေးစာကြောင့် ရုံးလာရင်း အရှိန်တက်ခဲ့တဲ့ ဒေါသနှောတဲ့ အတွေးစိတ်တွေ ပျက်ပြယ်သွားပါတော့တယ်။

စာက ကျွန်မလို တွေ့ကြုံခံစားနေရတဲ့ ပြည်သူတစ်ဦးက ကြေးမုံအယ်ဒီတာထံ ပေးပို့ထားတဲ့ပေးစာတစ်စောင်။ စာပါအကြောင်းအရာက နေပြည်တော်မှာ အလုပ်လုပ်တဲ့ နိုင်ငံ့ဝန်ထမ်းသားကို အကြောင်းပြုပြီးတော့ ရွာက အမေကို ခနဲ့ကြ၊ လှောင်ကြ၊ သားကို CDM လုပ်လာစေဖို့ ခြိမ်းခြောက်ကြ၊ ပြီးတော့ နေပြည်တော် တိုက်ခိုက်ခံရတော့မယ်ဟု ကောလာဟလတွေကို လာရောက်ဆိုသူကဆို၊ ဒီလိုတွေ ရင်ဆိုင်ခံစားနေရတဲ့အတွက် ကောလာဟလစကားတွေကို ဖေ့စ်ဘွတ်မှာ ဖြန့်ဝေနေသူတွေနဲ့ အခြေအမြစ်မရှိတဲ့ အကြောင်းအရာတွေ ပြောဆိုနေသူတွေကို အရေးယူပေးဖို့ ကြေးမုံသတင်းစာကတစ်ဆင့် တာဝန်ရှိသူတွေထံ တင်ပြခြင်းသာ။

ပေးစာလေးဖတ်ပြီး ဒေါသ ဘာကြောင့် လျော့သလဲလို့ တွေးကြပါလိမ့်မယ်။ အခြေအမြစ်မရှိတဲ့ ဖေ့စ်ဘွတ်ပေါ်က မြှောက်ပင့်လှုံ့ဆော်မှုတွေ၊ ကောလာဟလတွေကို ယုံကြည်ကာ ပြည်သူချင်း ပြစ်တင်ဝေဖန်ခံရတာ အခုအချိန်မှာ ကျွန်မ တစ်ယောက်တည်း မဟုတ်။ တာဝန်ကျေပွန်ဖို့ ကြိုးစားနေတဲ့ နိုင်ငံ့ဝန်ထမ်းတိုင်းဟာ ဒီလို ပြောဆိုသံတွေကြားထဲက ကြိုးစားလုပ်ကိုင်နေကြတာပဲ ဆိုတဲ့ ကိုယ်ချင်းစာအတွေးစိတ်ကြောင့် ပြေပျောက်ခဲ့ရသည်သာ။ ပြည်သူအချင်းချင်း မုန်းမာန် မပွားလိုပါ။

**ပြည်သူထဲက ပြည်သူတွေ**

သို့သော်ငြားလည်း နိုင်ငံ့ဝန်ထမ်းတွေကို မတ်လကုန် နောက်ဆုံးထားပြီး CDM ပါဝင်ကြဖို့ ဖိတ်ခေါ်လှုံ့ဆော်မှုတွေကလည်း အဆက်မပြတ်။ တစ်ဖက်ကလည်း CDM မလုပ်တဲ့ နိုင်ငံ့ဝန်ထမ်းတွေကို Social Bullying လုပ်ဆောင်မှုတွေကလည်း ရပ်မသွား။ နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းဆိုတာ ပြည်သူထဲက ပြည်သူတွေသာ။

တစ်ဖက်က လာပါလို့ ခေါ်သလို တစ်ဖက်က မလာရင် ပြစ်တင်ရှုတ်ချမှုတွေနဲ့ CDM လှုပ်ရှားမှုတွေကြောင့် ကျွန်မတို့လို နိုင်ငံ့ဝန်ထမ်းတွေ တာဝန်ထမ်းဆောင်ရတာ ကျဉ်းထဲကျပ်ထဲမှာပါ။

CDM မလုပ်တဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ခေါင်းစဉ်တပ်ပြီး ပြစ်တင်ကဲ့ရဲ့ကြသည်မှာ စိတ်မကောင်းဖွယ်။ နိုင်ငံ့ဝန်ထမ်းတွေ တာဝန်ကနေ ကင်းကွာအောင် လှုံ့ဆော်နေကြဆဲပါ။ အစိုးရ ယန္တရား ရပ်တန့်ရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျန်းမာရေးဝန်ထမ်းတွေ ပြည်သူတွေကို ဆေးကုသမှု မပေးနိုင်အောင်၊ ပညာရေးဝန်ထမ်းတွေ ကျောင်းသားကျောင်းသူတွေကို စာမသင်နိုင်အောင် CDM က လှုံ့ဆော်ခြိမ်းခြောက်နေဆဲပင်။

CDM လှုပ်ရှားမှုမှာ ယုံကြည်ချက်ကြောင့် ပါဝင်သူဝန်ထမ်းတွေ ရှိခဲ့ပါတယ်။ ယုံကြည်ချက်ကြောင့်ထက် ငွေကြေးနဲ့ သွေးဆောင်ခံရမှုတွေ၊ သွေးထိုးလှုံ့ဆော်မှုတွေ၊ မသိနားမလည်မှုတွေ၊ ဖိအားပေးအကျပ်ကိုင်မှုတွေကြောင့် ပါဝင်ကြတဲ့ ဝန်ထမ်းတွေက အများအပြားပါ။ လှုံ့ဆော်မှုတွေကို ယုံမှားနားယောင်ကာ CDM မှာ ပါဝင်မိပေမယ့် လုပ်ငန်းခွင်ပြန်ဝင်ပြီး ပြည်သူ့ဝန်ကို ထမ်းဆောင်သူတွေ ထမ်းဆောင်နေကြပါပြီ၊ ယုံမှားခဲ့မှုကြောင့် အရှိန်လွန်ကာ ဝန်ထမ်းဘဝကို ကျောခိုင်းရသူတွေလည်း ရှိခဲ့ပါပြီ။

**နိုင်ငံ့ဝန်၊ ပြည်သူ့ဝန်**

နိုင်ငံ့ဝန်ထမ်းဆိုတာ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ထမ်းဆောင်ရမယ့်သူတွေပါ။ နိုင်ငံ့ဝန်ထမ်းဥပဒေအရလည်း နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ထမ်းရွက်ရမယ့် တာဝန်ရှိသူတွေ ဖြစ်ကြပါတယ်။ နိုင်ငံ့ဝန်၊ ပြည်သူ့ဝန်ကို ထမ်းနိုင်တဲ့ ဝန်ထမ်းတစ်ယောက်အဖြစ် ရပ်တည်နိုင်ဖို့က လွယ်ကူလှတာမဟုတ်။ လွယ်ပါတယ်လို့ ထင်သူတွေလည်း ရှိနိုင်ပါတယ်။

ကျွန်မအနေနဲ့ လွယ်ကူတယ်လို့ မဆိုရခြင်းမှာ အကြောင်းရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေ ထမ်းဆောင်ရမယ့် တာဝန် ၁၂ ရပ်၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အခြေခံမှုတွေ၊ ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုတွေ၊ ပြစ်ဒဏ်တွေ စတာတွေ အပါအဝင် နိုင်ငံ့ဝန်ထမ်းတွေရဲ့ တာဝန်ထမ်းဆောင်မှုနဲ့ ပတ်သက်တဲ့အကြောင်းအရာအားလုံးကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေမှာ အခန်းအရပ်ရပ်နဲ့ အသေးစိတ်ပြဋ္ဌာန်းပြီးသား ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ယောက်အဖြစ် နိုင်ငံ့တာဝန်ထမ်းဆောင်မယ်ဆိုရင် ဒီပြဋ္ဌာန်းချက်တွေအပြင် ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကိုပါ လိုက်နာရပါတယ်။ ဒါကြောင့် လွယ်ကူတယ်လို့ ထင်မြင်သူတွေကိုလည်း နိုင်ငံ့ဝန်ထမ်းနည်းဥပဒေကို လေ့လာစေလိုပါတယ်။

ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့ ထိန်းကျောင်းထားတဲ့ ဝန်ထမ်းဘဝကို လွတ်လွတ်လပ်လပ် နေထိုင်လိုသူ၊ လစာကောင်းကောင်းနဲ့ ချမ်းချမ်းသာသာ နေထိုင်ဖို့ ရည်မှန်းထားသူတွေက မရွေးချယ်ကြပါ။ အများအတွက် သယ်ပိုးလိုစိတ် အရင်းခံရှိသူတွေသာ ဝန်ထမ်းဘဝကို ရွေးချယ်ကြတာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေအရလည်း ကိုယ်ကျိုးထက် နိုင်ငံနှင့် ပြည်သူအကျိုး သယ်ပိုးလိုစိတ်ရှိသူတွေ နိုင်ငံ့ဝန်ထမ်းဖြစ်လာစေဖို့ လမ်းကြောင်းထားပြီးသား ဖြစ်ပါတယ်။ ဒီလိုပဲ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သင်တန်းတွေကလည်း နိုင်ငံနှင့် ပြည်သူအကျိုးသယ်ပိုးစေဖို့သာ ဝန်ထမ်းတွေကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါတယ်။

**နိုင်ငံ့ဝန်ထမ်းဥပဒေ**

နိုင်ငံ့ဝန်ထမ်းတွေဟာ အများဝန်ကို ဆောင်ရွက်ရသူတွေမို့ သူကောင်းမှ ကိုယ်ကောင်းမယ်ဆိုတဲ့ စိတ်ဓာတ်မျိုး မရှိအောင် နိုင်ငံ့တာဝန်ထမ်းဥပဒေအရ ထိန်းကျောင်းထားပြီးဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ယောက်ဖြစ်လာပြီဆိုရင် နိုင်ငံနဲ့ ပြည်သူ့အကျိုးကို အလေးထားဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားကိုလည်း အပ်နှင်းထားပြီး ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံ့ဝန်ထမ်းဆိုတာ နိုင်ငံနဲ့ ပြည်သူ့အတွက် အဓိကဖြစ်တာမို့ နိုင်ငံရေးအရောင်အသွေးတွေ စွန်းပေမခံလိုပါ။ လွဲမှားတဲ့ ခံယူချက် မရှိစေလိုပါ။ CDM ဆွယ်တရားတွေကို ကြံ့ကြံ့ခုခံရင်း ပြည်သူ့အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်သွားမည်သာ။ ဒါ့အပြင် နိုင်ငံ့ဝန်ထမ်းဖြစ်တည်မှုကို ကောင်းစွာနားမလည်လို့ဆိုမိတဲ့ ပြည်သူအချင်းချင်း ပြစ်တင်ဝေဖန်မှုတွေကိုလည်း ခွင့်လွှတ်အပြုံးနဲ့ တုံ့ပြန်နိုင်ဖို့ ကြိုးစားရမှာ ဖြစ်ပါတယ်။ ။

> **ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့ ထိန်းကျောင်းထားတဲ့ ဝန်ထမ်းဘဝကို လွတ်လွတ်လပ်လပ် နေထိုင်လိုသူ၊ လစာကောင်းကောင်းနဲ့ ချမ်းချမ်းသာသာ နေထိုင်ဖို့ ရည်မှန်းထားသူတွေက မရွေးချယ်ကြပါ။ အများအတွက် သယ်ပိုးလိုစိတ် အရင်းခံရှိသူတွေသာ ဝန်ထမ်းဘဝကို ရွေးချယ်ကြတာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေအရလည်း ကိုယ်ကျိုးထက် နိုင်ငံနှင့် ပြည်သူအကျိုး သယ်ပိုးလိုစိတ်ရှိသူတွေ နိုင်ငံ့ဝန်ထမ်းဖြစ်လာစေဖို့ လမ်းကြောင်းထားပြီးသား ဖြစ်ပါတယ်။ ဒီလိုပဲ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သင်တန်းတွေကလည်း နိုင်ငံနှင့် ပြည်သူအကျိုး သယ်ပိုးစေဖို့သာ ဝန်ထမ်းတွေကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိ။**

## သံဖြူဇရပ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ



**သံဖြူဇရပ် မတ် ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ နယ်စပ်ဒေသများ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၅၂၇ ဒသမ ၁၅၇ သန်းဖြင့် စခန်းကြီးကျေးရွာအုပ်စု စခန်းကြီး - အတွင်း စခန်းကြီး - ရဲတံခွန်လမ်း ၃ မိုင် ၂ ဖာလုံ အနက် ၂ မိုင် ကျောက်ခင်းခြင်း၊ ပယော်ဟဲကျေးရွာအဝင်လမ်း ၁ မိုင် ၄ ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ဝဲကလိကျေးရွာအုပ်စု ဝဲကလိ - အိုင်ရှည်လမ်း ၃ မိုင်အနက် ၁ မိုင် ၄ ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

ငွေကြယ်

# စစ်ရေးလေ့ကျင့်မှုအတွင်း ရုရှားရေငုပ်သင်္ဘောသုံးစင်း အာတိတ်ရေခဲမျက်နှာပြင်အထက်သို့ တိုးထွက်နိုင်သည့်စွမ်းရည်ပြသ



**မော်စကို မတ် ၂၈**

နျူကလီးယားဒုံးကျည်ထိပ်ဖူးများ သယ်ဆောင်နိုင်သည့် ရုရှားရေငုပ်သင်္ဘော သုံးစင်းသည် စစ်ရေးလေ့ကျင့်မှုတစ်ခုအတွင်း အာတိတ်ရေခဲပြင်အောက်မှ မျက်နှာပြင်အထက်သို့ တိုးထွက်လာနိုင်သည့် စွမ်းရည်ကို ပြသခဲ့ကြောင်း သိရသည်။

မတ် ၂၆ ရက်တွင် ပြုလုပ်ခဲ့သည့် သမ္မတ ဗလာဒီမာပူတင်တက်ရောက်သော အစည်းအဝေး၌ ရုရှားစစ်ဦးစီးချုပ် နီကိုလီ ယက်ဗ်မန်နိုဗ်က အဆိုပါ ရေငုပ်သင်္ဘောသုံးစင်း၏ စွမ်းပကားနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အာတိတ်ဒေသ၌ ရေငုပ်သင်္ဘောများသည် ရေခဲထုများကို ဖြိုခွင်းပြီး ရေခဲမျက်နှာပြင်ပေါ်သို့ တိုးထွက်လာနိုင်ခြင်းသည် ရုရှားရေတပ်ဖွဲ့၏ သမိုင်းတွင် ပထမဆုံးအောင်မြင်မှုပင်ဖြစ်ကြောင်း ရုရှားစစ်ဦးစီးချုပ် နီကိုလီ ယက်ဗ်မန်နိုဗ်က ဆိုသည်။

အဆိုပါရေငုပ်သင်္ဘောများသည် အချင်း မီတာ ၃၀၀ ဝန်းကျင်၌ ပေါ်ထွက်လာခဲ့ပြီး ၁ ဒသမ ၅ မီတာ အနက်ရှိ ရေခဲထုကို ဖြိုခွင်းကာ ရေခဲမျက်နှာပြင်ပေါ်သို့ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ရေငုပ်သင်္ဘောများ ရေခဲမျက်နှာပြင်ပေါ်သို့ တိုးထွက်လာစဉ်တွင် ကျယ်လောင်သောအသံကြီး ထွက်ပေါ်လာခဲ့ပြီး ရေငုပ်သင်္ဘောတစ်စင်းပေါ်မှ သင်္ဘောသားတစ်ဦးက သင်္ဘောပေါ်တွင် မတ်တပ်ရပ်ပြီး လက်ဝှေ့ယမ်းပြနေသည်ကို ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ မှတ်တမ်းတင်ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်တွင် တွေ့မြင်ရသည်။

ရုရှားရေတပ်ဖွဲ့က ဆိုးရွားသောရာသီဥတုအခြေအနေများတွင် ရုရှားစစ်ဘက်သုံး စက်ကိရိယာများကို စမ်းသပ်သည့်အနေဖြင့် အာတိတ်သမုဒ္ဒရာအတွင်းရှိ Franz Josef Land ကျွန်းစုအနီးတွင် စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့သည်။

ရုရှားနိုင်ငံ၏ ခေတ်သစ်သမိုင်းတွင် အာတိတ်ဒေသ၌ ကာကွယ်ရေးစွမ်းပကားများ ပိုမိုတိုးတက်ကောင်းမွန်လာကြောင်း သမ္မတ ပူတင်က မှတ်ချက်ပြု ပြောကြားခဲ့သည်။

**ကိုးကား- သည်ဒရိုက်**

**ဘာသာပြန်- အောင်ကျော်ကျော်**

# အင်ဒိုနီးရှားနိုင်ငံ၌ အသေခံဗုံးဖောက်ခွဲမှု ဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာရ

**ဂျကာတာ မတ် ၂၈**

အင်ဒိုနီးရှားနိုင်ငံ မာကာစ်ဆာမြို့ရှိ ခရစ်ယာန်ကက်သလစ်ဘုရားကျောင်း၏ အပြင်ဘက်၌ အသေခံဗုံး ဖောက်ခွဲတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ရာ အသေခံဗုံးဖောက်ခွဲရေးသမား နှစ်ဦး သေဆုံးခဲ့ပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း အင်ဒိုနီးရှားရဲအရာရှိများက ယနေ့ပြောကြားခဲ့သည်။

အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်မှုသည် အီစတာဘာသာရေးပွဲတော်ပထမနေ့ဖြစ်သည့် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက်ကို အတိအကျပြောကြားနိုင်ခြင်း မရှိသေးသော်လည်း ထိခိုက်ဒဏ်ရာရရှိသူအရေအတွက်သည် ပိုမိုများပြားနိုင်ဖွယ်ရှိကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အာဂို ယုဝိုနိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများတွင် ခရစ်ယာန်ဘုရားကျောင်းအဖွဲ့ဝင် ငါးဦးနှင့် လာရောက်ဝတ်ပြုသူ လေးဦးတို့ ပါဝင်ကြောင်း တောင်ဆူလာဝီစီရဲချုပ် မာဒီစ်ယမ်က ပြောကြားခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် အသေခံဗုံးဖောက်ခွဲသူနှစ်ဦးသည် ဘုရားကျောင်းအတွင်းသို့ မော်တော်ဆိုင်ကယ်မောင်းနှင်ပြီး ဝင်ရောက်ရန် ကြိုးပမ်းရာ လုံခြုံရေးအရာရှိတစ်ဦးက ဘုရားကျောင်းဝင်ပေါက်၌ စစ်ဆေးမေးမြန်းစဉ် အဆိုပါမော်တော်ဆိုင်ကယ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်တွင် ရပ်နားထားသောမော်တော်ယာဉ်များမီးလောင်ပျက်စီးခဲ့ရသည်။ ယင်းဗုံးဖောက်ခွဲမှုကို မည်သည့်အကြမ်းဖက်အဖွဲ့အစည်းက လုပ်ဆောင်သည်ကိုမူ စုံစမ်းစစ်ဆေးဆဲဖြစ်သည်။

အဆိုပါဗုံးဖောက်ခွဲမှုနှင့်ပတ်သက်ပြီး သမ္မတ ဂျိုကိုဝီဒိုဒိုက ရှုတ်ချခဲ့ပြီး ပြည်သူများအား သတိရှိစွာဖြင့် နေထိုင်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

**ကိုးကား- စီအင်န်အေ**

**ဘာသာပြန်- အောင်ကျော်ကျော်**



# COVAX အစီအစဉ်နှင့် နှစ်နိုင်ငံသဘောတူညီချက်များမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၆ သန်းကျော် အာဖရိကနိုင်ငံများ ရရှိ

**အဒစ်အဘာဘာ မတ် ၂၈**

အာဖရိကနိုင်ငံများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်သည့် COVAX အစီအစဉ်နှင့် နှစ်နိုင်ငံ သဘောတူညီချက်များမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ၂၆ သန်းကျော် လက်ခံရရှိခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင် ၂၈ နိုင်ငံခန့်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်သည့် COVAX အစီအစဉ်မှ တစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁၆၂၄၅၅၆၀ ရရှိခဲ့ခြင်းဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

ထို့ပြင် အာဖရိကသမဂ္ဂအဖွဲ့ဝင် ၁၈ နိုင်ငံခန့်မှာမူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်သည့် COVAX အစီအစဉ်၏ ပြင်ပဖြစ်သော နှစ်နိုင်ငံသဘောတူညီချက်များမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁၀၀၃၄၂၂၀ ရရှိခဲ့ကြောင်းလည်း သိရသည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

# ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၆ ဦး ထပ်မံတွေ့ရှိ

**ဖနောင်ပင် မတ် ၂၈**

ကမ္ဘောဒီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၆ ဦးထပ်မံတွေ့ရှိခဲ့ပြီး အဆိုပါရောဂါကြောင့် တစ်ဦးထပ်မံသေဆုံးခဲ့ကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ ရောဂါကူးစက်ခံရသူများအနက် ၂၅ ဦးသည် မြို့တော် ဖနောင်ပင်မှဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၃၃ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၀ ဦးရှိကာ ရောဂါပြန်လည်သက်သာလာသူ ၁၁၆၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှစ၍ နိုင်ငံအတွင်းသို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့ခဲ့ကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၀၂ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မတ် ၂၈**

မလေးရှားနိုင်ငံ၌ ယနေ့တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၀၂ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၄၁၉၄၄ ဦးအထိ မြင့်တက်လာခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရောဂါထပ်မံတွေ့ရှိသူများအနက် ကိုးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၁၂၉၃ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နူဟစ်ဟမ်အဒူလာရှ်က ယနေ့ သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

အလားတူ ယနေ့တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် လေးဦးထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၁၂၅၅ ဦးရှိလာခဲ့ပြီဖြစ်သည်။

သို့သော် လူနာ ၁၁၂၇ ဦးရောဂါမှ ပြန်လည်သက်သာလာခဲ့သဖြင့် ကျန်းမာရေးအခြေအနေကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းခွင့်ရရှိသူပေါင်း ၃၂၆၃၀၉ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# တရုတ်နှင့် အီရန် နှစ်နိုင်ငံ ၂၅ နှစ်တာ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုး



**ပေကျင်း မတ် ၂၈**

တရုတ်နှင့် အီရန်နှစ်နိုင်ငံအကြား ၂၅ နှစ်တာ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက် ဇာရစ်ဖ်တို့သည် နှစ်နိုင်ငံ၏ စီးပွားရေးနှင့် လုံခြုံရေးကဏ္ဍများ အပါအဝင် အခြားသောကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် ယမန်နေ့က သဘောတူညီ လက်မှတ်ရေးထိုးခဲ့ကြသည်။

အရှေ့အလယ်ပိုင်းရှိ နိုင်ငံခြောက်နိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်လျက်ရှိသည့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် အီရန်သမ္မတ ဟာဆန်ရိုဟာနီနှင့် တွေ့ဆုံခဲ့ပြီး ၂၀၁၅ ခုနှစ် အီရန်နျူကလီးယားစာချုပ်အရေးကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်နိုင်ငံအား အဆိုပါ နျူကလီးယားစာချုပ်မှ နုတ်ထွက်စေခဲ့ပြီး အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ စတင်ချမှတ်ခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်လက်ထက်တွင် အမေရိကန်နိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် နျူကလီးယားစာချုပ်သို့ ပြန်လည်ဝင်ရောက်လာနိုင်မှုအပေါ် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ကြိုဆိုပါကြောင်း ပြောကြားခဲ့သည်။

သို့သော် အီရန်နိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများကို အမေရိကန်နိုင်ငံက ပြန်လည်ရုပ်သိမ်းပေးသင့်ကြောင်း ဝမ်ယိက ဆိုသည်။ **ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**



# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄ ဒသမ ၁၆ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ မတ် ၂၈**

အာဖရိကတိုက်၌ မတ် ၂၇ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၁၆၆၅၅၅ ဦးရှိသွားပြီဖြစ်ကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ယနေ့တွင် ပြောကြားခဲ့သည်။

အာဖရိကသမဂ္ဂ၏ ကျန်းမာရေးအေဂျင်စီများကို ကိုယ်စားပြုသော အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူစုစုပေါင်း ၁၁၁၅၄၀ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၃၇၃၄၆၄၁ ဦးရှိကြောင်းလည်း သိရသည်။

အာဖရိကတိုက်ရှိ နိုင်ငံများအနက် တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုဒဏ် အခံရဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

လက်ရှိတွင် အာဖရိကတိုက်တွင် လူဦးရေ ၃၉ ဒသမ ၈ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးထားပြီးဖြစ်ကြောင်းလည်း အဆိုပါ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**

# စူးအက်တူးမြောင်း၌ ကုန်တင်သင်္ဘောကြီးတစ်စင်း သောင်တင်ပိတ်ဆို့လျက်ရှိ

**ကိုင်ရို မတ် ၂၈**

အီဂျစ်နိုင်ငံ စူးအက်တူးမြောင်း၌ ကုန်တင်သင်္ဘောကြီးတစ်စင်း ရေတိမ်တွင်သောင်တင် ပိတ်ဆို့လျက်ရှိသည့်အတွက် ကုန်တင်သင်္ဘော ၃၂၁ စင်းသည်လည်း အဆိုပါတူးမြောင်းအတွင်း ပိတ်မိလျက်ရှိကြောင်း သိရသည်။

တူးမြောင်းအတွင်း ပိတ်မိနေသည့် ကုန်တင်သင်္ဘော ၃၂၁ စင်းတို့အား ထောက်ပံ့ပို့ဆောင်ဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း စူးအက်တူးမြောင်း အာဏာပိုင်ဥက္ကဋ္ဌ အိုစမာ ရာဘီက ပြောကြားခဲ့သည်။

မတ် ၂၆ ရက်မှစပြီး ပနားမားနိုင်ငံအလံလွှင့်ထူထားသည့် EVERGREEN ကုန်တင်သင်္ဘောကြီးသည် စူးအက်တူးမြောင်းရှိ ရေတိမ်ပိုင်းတစ်နေရာတွင် မြေအောက်သဲသောင်များနှင့် ပွတ်တိုက်မိကာ သောင်တင်လျက်ရှိသည်။ သင်္ဘောကြီး၏ တန်ချိန်မှာ ၂၂၄၀၀၀ ခန့်ရှိပြီး ကုန်အပြည့်တင်ဆောင်ထားသည့်အတွက် ရေတိမ်ပိုင်းမှ ရေနက်ပိုင်းသို့ ရွှေ့လျားရန် ခက်ခဲမှုများနှင့် ရင်ဆိုင်နေရသည်။

လက်ရှိအချိန်တွင် ကုန်တင်သင်္ဘောကြီး ရွှေ့လျားသွားလာနိုင်ရေးအတွက် စက်လှေ ၁၄ စင်းဖြင့် ဆွဲကာ ကြိုးပမ်းလျက်ရှိသည်။





အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ မကြာမီလုပ်ဆောင်သွားမည်ဖြစ်ကြောင်း စူးအက်တူးမြောင်းအာဏာပိုင်ဥက္ကဋ္ဌ အိုစမာရာဘီက ပြောကြားခဲ့သည်။

ထို့ပြင် EVERGREEN ကုန်တင်သင်္ဘောကြီးအား ရေနက်ပိုင်းသို့ ရောက်ရှိရန် ကြိုးပမ်းရာတွင် စူးအက်တူးမြောင်းအာဏာပိုင်များအား ကူညီထောက်ပံ့မှုပေးရန် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ ပါဝင်သည့် သောင်တူးခြင်းနှင့် ဝန်ချီစက်များ ဝန်ဆောင်မှုပေးသည့် နယ်သာလန်နိုင်ငံ အခြေစိုက် Boskalis လုပ်ငန်းကို EVERGREEN ကုန်တင်သင်္ဘောပိုင်ရှင်က ငှားရမ်းပေးထားကြောင်း သိရသည်။

ပင်လယ်နီနှင့် မြေထဲပင်လယ်အတွင်းသို့ သွယ်တန်းဖောက်လုပ်ထားသည့် စူးအက်တူးမြောင်းသည် အာဖရိကသို့ လှည့်ပတ်သွားလာစရာမလိုဘဲ ဥရောပနှင့် တောင်အာရှတို့အကြား တိုက်ရိုက်ဖြတ်သန်းသွားလာနိုင်သည့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုအတွက် အဓိကပင်မ အသက်သွေးကြောတစ်ခုဖြစ်သည်။

ထို့ပြင် ဥရောပနှင့် အိန္ဒိယနိုင်ငံတို့အကြား ပင်လယ်ရေလမ်းကြောင်း ကီလိုမီတာ ၇၀၀၀ ခန့် လျှော့ချပေးကြောင်း သိရသည်။

ကမ္ဘာ့ကုန်သွယ်မှုပမာဏ၏ ၁၂ ရာခိုင်နှုန်းသည် စူးအက်တူးမြောင်းမှ ဖြတ်သန်းစီးဆင်းလျက်ရှိကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာနှင့် အနီးဝန်းကျင်ရှိ ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်အမြင့်ဆုံးအဆင့် သတ်မှတ်မည်

**မနီလာ မတ် ၂၈**

ဖိလစ်ပိုင်နိုင်ငံအစိုးရသည် မြို့တော် မနီလာနှင့် အနီးဝန်းကျင်ရှိ ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခရီးသွားလာခွင့်ကန့်သတ်ချက်များကို မတ် ၂၉ ရက်မှ စတင်ကာ အမြင့်ဆုံးအဆင့်သို့ တိုးမြှင့်သတ်မှတ်မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခရီးသွားလာခွင့်ကန့်သတ်ချက် အမြင့်ဆုံးချမှတ်မည့် ဆုံးဖြတ်ချက်သည် ယခုလအစပိုင်းမှစတင်ကာ ဖိလစ်ပိုင်နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု သိသိသာသာမြင့်တက်မှုကို ကာကွယ်တားဆီးရန်ဖြစ်ပြီး နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်သည် မတ် ၂၆ ရက်တွင် ၉၈၃၈ ဦးအထိ မြင့်တက်ခဲ့ကြောင်းလည်း သိရသည်။

ဖိလစ်ပိုင်အစိုးရသည် အစားအစာနှင့် ဆေးဝါးကဲ့သို့သော မရှိမဖြစ် လိုအပ်သောပစ္စည်းများ ဝယ်ယူရေးမှလွဲ၍ အပြင်ထွက်ခွင့်ကို တားမြစ်ပိတ်ပင်သွားမည်ဖြစ်ကြောင်းနှင့် ညနေ ၆ နာရီမှ နံနက် ၅ နာရီအကြား အပြင်ထွက်ခွင့်ကိုလည်း ခွင့်ပြုသွားမည်မဟုတ်ကြောင်း သိရသည်။

ကုမ္ပဏီများကိုလည်း အနည်းဆုံး ဆက်သွယ်ဆောင်ရွက်နိုင်မည့် ဝန်ထမ်းအရေအတွက်ကို ကန့်သတ်သွားရန်လည်း တောင်းဆိုထားကြောင်း သိရသည်။

ဖိလစ်ပိုင်အစိုးရ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခရီးသွားလာခွင့် ကန့်သတ်ချက် အမြင့်ဆုံးချမှတ်မှုကြေညာခဲ့ပြီးနောက် ပြည်သူများသည်လည်း စည်သွတ်အစားအစာများ၊ ခေါက်ဆွဲခြောက်များ၊ အိမ်သာသုံးစက္ကူများကဲ့သို့သော မရှိမဖြစ်လိုအပ်သည်များ ဝယ်ယူရန် မနီလာမြို့ရှိ စူပါမားကတ်များသို့ စုပြုံရောက်ရှိလာခဲ့ကြကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**





# အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၂၇၁၄ ဦးရှိ

**နယူးဒေလီ မတ် ၂၈**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၂၇၁၄ ဦးရှိသဖြင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၁၉၇၁၆၂၄ ဦးအထိ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၁၂ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ စုစုပေါင်း ၁၆၁၅၅၂ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုနှင့် သေဆုံးမှုသည် ယခုနှစ်အတွင်း အမြင့်ဆုံးကူးစက်မှုနှင့် သေဆုံးမှုဖြစ်ပြီး ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၁၁၃၂၃၇၆၂ ဦး ရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာအရေအတွက်မှာ ၄၈၆၃၁၀ ကျန်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်သည် လွန်ခဲ့သည့် ခုနစ်ရက်တာကာလအတွင်းမှ စတင်ကာမြင့်တက်လာခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီလအတွင်းကမူ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်မှာ ၁၀၀၀၀ အောက်သာရှိခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီလအတွင်းက စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ သန်း ၆၀ ကျော် ရှိသွားပြီဖြစ်ကြောင်း သိရသည်။

မြို့တော်နယူးဒေလီသည် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀ ဦးရှိခဲ့ခြင်းကြောင့် လက်ရှိတွင် မြို့တော်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၀၉၈၇ ဦး ရှိသွားပြီဖြစ်ကြောင်း နယူးဒေလီကျန်းမာရေးဌာနက အတည်ပြုပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ ဆီရမ်အင်စတီကျူက ဒုတိယမြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လက်တွေ့စမ်းသပ်မှုစတင်

**နယူးဒေလီ မတ် ၂၈**

အိန္ဒိယနိုင်ငံ၏ ဆေးဝါးထုတ်လုပ်ရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် ဆီရမ်အင်စတီကျူသည် ဒုတိယမြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြစ်သည့် Covovax ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လက်တွေ့စမ်းသပ်မှုကို နိုင်ငံအတွင်း စတင်ခဲ့ကြောင်း မတ် ၂၇ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ အသစ်ထုတ်လုပ်သည့် Covovax ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အမေရိကန်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရေးကုမ္ပဏီ Novavax နှင့် ပူးပေါင်းထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ ယင်း Covovax ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အာဖရိကနှင့် ဗြိတိန်တို့တွင် တွေ့ရှိခဲ့သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်အား တိုက်ဖျက်ရန် စမ်းသပ်စစ်ဆေးနေခြင်းဖြစ်ကြောင်းနှင့် ယင်းကာကွယ်ဆေး၏ အာနိသင်ထိရောက်မှုမှာ ၈၉ ရာခိုင်နှုန်းရှိကြောင်း ဆီရမ်အင်စတီကျူ၏ အမှုဆောင်အရာရှိချုပ် အက်ဒါပွန်နာဝယ်လာက လူမှုမီဒီယာတစ်ခုတွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ Covovax ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ယခုနှစ် စက်တင်ဘာလတွင် စတင်ဖြန့်ဖြူးနိုင်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ ဆီရမ်အင်စတီကျူ၏ ပထမကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမှာ Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြစ်ပြီး ယင်းကာကွယ်ဆေးအား အောက်စ်ဖို့ဒ်တက္ကသိုလ်၊ ဗြိတိန်-ဆွီဒင် ဆေးဝါးကုမ္ပဏီ AstraZeneca တို့နှင့် ပူးပေါင်းထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**




## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၂၇၄၁၂၂၈၈ | ဦး |
| သေဆုံးသူ | ၂၇၉၁၃၆၀ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၀၂၆၉၁၄၅၈ | ဦး |

# တာချီလိတ်မြို့နယ် တာလေမြို့၌ ငွေကျပ်သိန်း ၂၆၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်းကဖင်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၈**

တာချီလိတ်မြို့နယ် တာလေမြို့တွင် ငွေကျပ်သိန်း ၂၆၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေး ဆောင်ရွက်နေစဉ် မတ် ၂၆ ရက် ည ၉ နာရီခွဲတွင် တာချီလိတ်မြို့နယ် တာလေမြို့ နိမ့်ပိန်းကျေးရွာနေ ဝင်းထွေး(၃၄)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်ခြံဝင်းအတွင်း ရပ်ထားသည့် ယာဉ်နှစ်စီးပေါ်မှ ငွေကျပ်သိန်း ၂၆၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းအဖြစ်အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း အလေးချိန် ၃ ဒသမ ၂၇၅ တန် သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသော ကဖင်းများမှာ တာချီလိတ်မြို့နယ် တာလေမြို့ မဲခေါင်မြစ်ဘေးရှိ ကျကကျေးရွာမှ တရားမဝင် သယ်ဆောင်လာခြင်းဖြစ်ပြီး မိုင်းဆတ်ခရိုင်အတွင်းသို့ သယ်ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဝင်းထွေးအား သိမ်းဆည်းရမိသည့် ကဖင်းများနှင့်အတူ တွေ့ရစဉ်။





# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ အမျိုးသား တစ်ဦးနှင့် "မြတောင်" ကျောင်းတိုက်အတွင်းမှ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် ပစ္စည်းကိရိယာများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် မဟာအောင်မြေမြို့နယ်၊ ၈၅ x ၃၅ လမ်းရှိ "မြတောင်" ကျောင်းတိုက်အနီးတွင် လုံခြုံရေးဆောင်ရွက်လျက်ရှိစဉ် ကျောင်းတိုက် တောင်ဘက်မုခ်အနီး၌ သူရစိုး (ခ)စိုးသူ (၃၀)နှစ် (ဘ) ဦးအောင်ထူးအား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် သွားရောက်စစ်ဆေးခဲ့ရာ ၎င်းလွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ လက်လုပ်မိုင်း သုံးလုံး၊ ကျည်ကာအင်္ကျီ တစ်ထည်၊ လက်အိတ်တစ်ထုပ်၊ ကင်းဘတ်ဖိနပ် နှစ်ရန်၊ လေးခွ တစ်လက်၊ ဒူးကာ လေးခု၊ တံတောင်ကာ သုံးခု၊ ဖန်ဂေါ်လီ အလုံး ၃၀ နှင့် ဦးထုပ် နှစ်လုံးတို့အား တွေ့ရှိ သိမ်းဆည်းရမိသဖြင့် သူရစိုးအား လိုအပ်သော စစ်ဆေးမှုများပြုလုပ်နိုင်ရေး ထိန်းသိမ်းထားရှိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးဆောင်ရွက်နေစဉ် မွန်းလွဲ ၁ နာရီ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ပါဝင်သော ပူးပေါင်းအဖွဲ့ကို ကျောင်းတိုက်ဘက်မှ အမျိုးသားတစ်ဦး (စိစစ်ဆဲ)က လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ပေါက်ခဲ့သဖြင့် ပေါက်ကွဲခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးတွင် နဖူးထိမှန်ဒဏ်ရာရရှိခဲ့၍ "မြတောင်" ကျောင်းတိုက်ဆရာတော်အား ခွင့်ပြုချက်တောင်းခံကာ ကျောင်းဝင်းအတွင်းရှိအဆောင်များကို ဝင်ရောက်ရှာဖွေခဲ့ရာ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် ဒိုင်းအချပ် ၃၀၊ ဦးထုပ်မျိုးစုံ ခုနစ်လုံး၊ ကျည်ကာအင်္ကျီ ငါးထည်၊ Hand Speaker နှစ်လုံး၊ မျက်မှန်အလက် ၁၀၀ ယာဉ်နံပါတ်ပြားခြောက်ခုနှင့် နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ လက်ကိုင်ဆိုင်းဘုတ်များကို သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသည့် သူရစိုး (ခ)စိုးသူနှင့် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့်ပစ္စည်းများ သိုဝှက်သိမ်းဆည်းထားသူများကို ဥပဒေနှင့်အညီဖော်ထုတ် အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြို့နယ်အချို့တို့၌ လေသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆက်စပ်ပစ္စည်းများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ



**နေပြည်တော် မတ် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင်လက်နက် ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေ ပြည်သူများက နားလည်သဘောပေါက်ကာ လက်လုပ်သေနတ် ၁၂ လက်နှင့် အခြားအန္တရာယ်ဖြစ်စေနိုင်သည့်ပစ္စည်းများကို ၎င်းတို့သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီး လာရောက်အပ်နှံခဲ့ကြသည်။

အလားတူ မတ် ၂၇ ရက်နှင့် ယနေ့တို့တွင် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၊ သာပေါင်းမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ကျောင်းကုန်းမြို့၊ ကျုံပျော်မြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့များရှိ ကျေးရွာအချို့တို့မှ ဒေသခံပြည်သူများက လက်လုပ်သေနတ် ၄၂ လက်၊ လေသေနတ် ရှစ်လက်နှင့် အခြားအန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီးလာရောက်အပ်နှံခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်တည်ထောင်ရေးမှာ ပါဝင်ကြပါ

**ထွန်းထွန်း(ခရေရိပ်)**

မြို့တစ်မြို့က CDM မလုပ်တဲ့ နိုင်ငံ့ဝန်ထမ်းတစ်ဦးရဲ့ ပုံအချို့ လူမှုကွန်ရက်ပေါ်မှာ ပျံ့နှံ့လာပါတယ်။ ရုံးတက်နေတဲ့အတွက် လူမှုအသိုင်းအဝိုင်းအတွင်း အရှက်ရအောင် ရုံးဝတ်စုံနဲ့ပုံတွေကို ပုံစာအမျိုးမျိုးနဲ့ တင်ထားတာဖြစ်ပါတယ်။ အဲဒီပုံတွေကို Social Bullying လုပ်ဖို့အတွက် ပြီးခဲ့တဲ့လွှတ်တော် သက်တမ်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက Share ထားတာကိုလည်း တွေ့ရပါတယ်။

စဉ်းစားမိတာလေးတစ်ခုက အဲဒီလွှတ်တော်ကိုယ်စားလှယ်အကြောင်းပါ။ သူက မဲဆွယ်စည်းရုံးရေးကာလတစ်လျှောက် သူရွေးကောက်ခံမယ့် ဒေသ၊ မြို့နယ်တစ်ခွင် လှည့်လည်ပြီး ပြည်သူတွေနဲ့ တွေ့ဆုံခဲ့၊ စကားတွေပြောခဲ့၊ သူရွေးကောက်ခံရရင် ပြည်သူတွေရဲ့ လိုအပ်ချက်ကို ဘယ်လိုတွေဖြည့်ဆည်းပေးမယ်၊ လမ်းတွေဖောက်ပေးမယ်၊ တံတားတွေ ဆောက်ပေးမယ်၊ ဘာတွေလုပ်ဆောင်ပေးမယ် စသည်ဖြင့်ရွေးကောက်ပွဲ ကတိကဝတ်တွေပေးခဲ့၊ ပြောခဲ့ပါတယ်။

## ပြည်သူနဲ့အတူ

ပြည်သူနဲ့အတူဆိုတော့ နိုင်လည်း နိုင်ခဲ့ပါတယ်။ လွှတ်တော်တက်ရောက်ဖို့ နေပြည်တော် စည်ပင်ဧည့်ရိပ်သာကို ရောက်တော့လည်း ရောက်နေပါပြီ။ ပြည်သူ့အတွက် တာဝန်ထမ်းဆောင်ရန် အသင့် စသည်ဖြင့် သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာမှာ ဓာတ်ပုံတွေဝေဝေဆာဆာနဲ့ တင်ထားတာတွေ့ရပါတယ်။

သို့သော် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ တပ်မတော်က မလွှဲသာမရှောင်သာ အခြေအနေတွေကြောင့် နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို ထိန်းသိမ်းရယူခဲ့ရတဲ့ အခြေအနေကို ဆုပ်ကိုင်ပြီး ပြည်သူလူထုအကြားမှာ စိတ်ဝမ်းကွဲပြားမှုတွေ ဖြစ်ပေါ်အောင်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားအောင် ကိုယ်ကျိုးစီးပွားအတွက် သွေးထိုးလှုံ့ဆော်ကြပါတော့တယ်။

အကျိုးဆက်အဖြစ် ဆူပူအုံကြွမှုတွေ၊ လူထုကိုလမ်းပေါ်ရောက်စေခဲ့ပါတယ်။ လူငယ်တွေကို ဂျန်နရေးရှင်းဇက်လို့ နာမည်လှလှလေးတွေနဲ့ မြှောက်ပင့်ပေးပြီး နွေဦးတော်လှန်ရေးလို့ ခေါင်းစဉ်တပ်ထားတဲ့ လူထုအုံကြွမှုရဲ့ ရှေ့တန်းကို တွန်းပို့ကြပါတယ်။ အစိုးရရဲ့ လုပ်ငန်းယန္တရား ရပ်ဆိုင်းသွားရင် နွေဦးတော်လှန်ရေး အောင်မြင်ပြီဆိုတဲ့ ရည်ရွယ်ချက်နဲ့ နိုင်ငံ့ဝန်ထမ်းတွေကို CDM မှာ ပါဝင်ဖို့ စည်းရုံးလှုံ့ဆော်ကြပါတော့တယ်။

အဲဒီလို အခြေအနေမှာ တိုင်းပြည်အတွက်၊ ပြည်သူ့အတွက်လို့ ကြွေးကြော်နေခဲ့သူ အချို့တွေဟာ “ကြောက်စရာတွေ့တိုင်း ကြောက်နေလို့ မရပါဘူး”၊ “CDM လုပ်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေကိုလည်း ကျေးဇူးတင်ပါတယ်၊ သတ္တိရှိရှိ ပူးပေါင်းပါဝင်ပေးကြပါ၊ စားရေးနေရေး ကူညီပေးသွားပါမယ်။ ငြိမ်းချမ်းစွာ တိုက်ပွဲဝင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ပြည်သူလူထုတစ်ရပ်လုံးကို လေးစားစွာ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါတယ်၊ ရုံးမတက်နဲ့ ရှန်းထွက်၊ အရေးတော်ပုံ အောင်ရမယ်” စသည်ဖြင့် တင်ပါတယ်။

**ကိုဗစ် - ၁၉ ရောဂါကို အတန်အသင့် ထိန်းနိုင်နေပြီဖြစ်လို့ စာသင်ခန်းတွေထဲမှာ၊ ဘာသာစကားသင်တန်းတွေမှာ၊ အသက်မွေးဝမ်းကျောင်းသင်တန်းတွေမှာ တွေ့ရမယ့်အစား၊ အိုင်တီနည်းပညာတွေ လေ့လာနေရမယ့်အစား၊ မိဘတွေရဲ့ ရင်ခွင်မှာ နွေးထွေးလုံခြုံစွာနေရမယ့်အစား လမ်းပေါ်ရောက်အောင် လုပ်နေတာဟာ တရားပါရဲ့လား။ မိမိတို့ ရင်နှစ်သည်းချာတွေဆိုရင်ရော ဒီလိုခွင့်ပြုကြပါ့မလား။ ဆူးခင်းလမ်းကို လျှောက်ခွင့်ပေးပါ့မလား။**

UN နဲ့ မတရားအသင်း ကြေညာထားတဲ့ CRPH မှ ထုတ်ပြန်ချက်တွေလည်း သူက တင်ပါတယ်။ ဒီကိစ္စတွေပြီးလို့ ကိုယ့်အစိုးရနဲ့ ကိုယ်ပြန်ဖြစ်ရင် CDM လုပ်ခဲ့တဲ့ဝန်ထမ်းတွေကို CDM ဝန်ထမ်းကောင်းတံဆိပ်နဲ့ ရင်ထိုးချီးမြှင့်ပေးဖို့၊ အခွန်အချို့ လျှော့ပေါ့ကင်းလွတ်ခွင့်ပေးဖို့ တောင်းဆိုမယ်။ လူတိုင်းက ရင်ထိုးကိုမြင်ရင် လေးစားပါတယ်လို့ နှုတ်ဆက်ရအောင်အထိ ဂုဏ်သိက္ခာတင်ပေးပါမယ် စသည်ဖြင့် သူများတင်တဲ့ပို့စ်တွေလည်း အကုန်လုံးကို Share ပါတယ်။ CDM လုပ်နေတဲ့၊ လုပ်ရဲကြတဲ့ ပြည်သူ့ဝန်ထမ်းတိုင်းဟာ တိုင်းပြည်ကို ကယ်တင်မယ့်အာဂသူရဲကောင်းတွေပါ။ အဲဒီကျေးဇူးတရားတွေကို အစွမ်းကုန်ဆပ်ကြရပါမယ်ဆိုတဲ့ ပို့စ်တွေလည်း တင်ပြီးမြှောက်ပါတယ်။ ခြောက်ပါတယ်။ ဆူပူအုံကြွမှုကို ကြီးထွားလာအောင် လှုံ့ဆော်နေပါတယ်။

## လူငယ်တွေ၊ နိုင်ငံ့ဝန်ထမ်းတွေ

ဒါပေမယ့်နိုင်ငံရေးသမားအရေခြုံတွေက သူတို့ကိုယ်တိုင် အပြင်ထွက်သလား ကြည့်ပါ။ အွန်လိုင်းပေါ်မှာသာ ရဲရဲတောက်နေပြီး အိမ်အပြင် ခြေတစ်လှမ်းတောင် မလှမ်းပါဘူး။ သူတို့ မြို့နယ်ရဲ့ သမိုင်းမရိုင်းစေနဲ့ဆိုပြီး လူငယ်တွေ၊ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ပြည်သူလူထုကိုသာ လမ်းပေါ်ထွက်စေခဲ့တာ ဖြစ်ပါတယ်။

ငယ်ရွယ်ပျိုမျစ်တဲ့၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါတဲ့ လူသားအရင်းအမြစ်လူငယ်တွေကို အန္တရာယ်ကြားကို တွန်းပို့ပါတယ်။ လူငယ်တို့ရဲ့ ပျိုမျစ်လန်းဆန်းတက်ကြွတဲ့ အားမာန်တွေ၊ ပြင်းပြတဲ့လှုံ့လတွေကို ရည်ရွယ်ချက်မှန်မှန် အသုံးချခွင့်မရအောင် လမ်းကြောင်းမှားသွားအောင် စည်းရုံးလှုံ့ဆော်ကြပါတယ်။

ဒီနေရာမှာ သတိရမိတာက မဟော်သဓာရဲ့ သားတရားစီရင်ခန်းပါ။ အားလုံးလည်း သိပြီးကြတဲ့အတိုင်းပါပဲ။ မိခင်ရင်းနဲ့ ဘီလူးမတို့ သားလေးကို အပြိုင်လုကြပါတယ်။ ဘီလူးမကတော့ ကနဦးကတည်းက စားဖို့ရည်ရွယ်တာဆိုတော့ ကလေးကို ရရင်ပြီးရောဆိုပြီး မညှာမတာ လုပါတယ်။ မိခင်အရင်းကတော့ သူ့သားကလေးရဲ့ အသားနုနုလေးတွေ နာသွားမလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ ညှာလိုက်တော့ ဘီလူးက အနိုင်ရသွားပါတယ်။

အဲဒီလိုပါပဲ **အတ္တ၊ နိုင်ချင်စိတ်တစ်ခုနဲ့ ချနင်းနေတာ လူငယ်တွေ၊ ပြည်သူလူထုရဲ့ အသက်တွေ၊ အနာဂတ်တွေပါ။ တကယ်မေတ္တာ၊ စေတနာတွေကို ရှေးရှုရင် နိုင်ငံ့အရေးဆိုပြီး လူငယ်တွေ နားမလည်နိုင်တဲ့ ဝေါဟာရတွေနဲ့ လူငယ်တွေကို အနာဂတ်ပျောက်အောင်လုပ်မှာ မဟုတ်ပါဘူး။ နွေပူပူ၊ နေပူပူမှာ သွေးဆူအောင်၊ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ လောင်မြိုက်စေပြီး အကြမ်းဖက်မှုအသွင် ဆန့်ကျင်အောင်၊ ဥပဒေမဲ့အပြုအမူတွေကို လုပ်ဆောင်အောင် သွေးထိုးမြှောက်ပင့်မှာ မဟုတ်ပါဘူး။**

ကိုဗစ်-၁၉ ရောဂါကို အတန်အသင့် ထိန်းနိုင်နေပြီဖြစ်လို့ စာသင်ခန်းတွေထဲမှာ၊ ဘာသာစကားသင်တန်းတွေမှာ၊ အသက်မွေးဝမ်းကျောင်းသင်တန်းတွေမှာ တွေ့ရမယ့်အစား၊ အိုင်တီနည်းပညာတွေ လေ့လာနေရမယ့်အစား၊ မိဘတွေရဲ့ ရင်ခွင်မှာ နွေးထွေးလုံခြုံစွာနေရမယ့်အစား လမ်းပေါ်ရောက်အောင် လုပ်နေတာဟာ တရားပါရဲ့လား။ မိမိတို့ ရင်နှစ်သည်းချာတွေဆိုရင်ရော ဒီလိုခွင့်ပြုကြပါ့မလား။ ဆူးခင်းလမ်းကို လျှောက်ခွင့်ပေးပါ့မလား။

သားတရားစီရင်ခန်းထဲက ဘီလူးမလို မေတ္တာမျိုးနဲ့တော့ လူငယ်တွေရဲ့ အနာဂတ်အတွက်ဆိုတဲ့ အသုံးအနှုန်းတွေနဲ့ မချည်နှောင်ပါနဲ့တော့လို့ ပြောချင်ပါတယ်။ ကိုယ်တိုင်ကတော့ အရိပ်အောက်မှာ၊ အဲကွန်းခန်း၊ ဟိုတယ်မှာ နှစ်ခြိုက်စွာ အနားယူအိပ်စက်နေပြီး ပြည်သူလူထုကို ကြောက်ရွံ့မှုတွေနဲ့ မိုးလင်းတဲ့အထိ တစ်ရေးမှမအိပ်လိုက်ရတဲ့ အဖြစ်တွေကို မပေးပါနဲ့တော့လို့ တောင်းဆိုလိုပါတယ်။

သားသမီးတွေ ဆုံးရှုံးသွားလို့ ငိုကြွေးရတဲ့ မိဘတွေ၊ မိခင်၊ ဖခင်တွေ စွန့်လွှတ်လိုက်ရလို့ ခိုလှုံရာကောင်းကင်မဲ့သွားရတဲ့ ကလေးငယ်တွေအတွက် “ တိုင်းပြည်အတွက် အသက်ပေးသွားတာ ဂုဏ်ယူပါတယ်။ Rest in Peace ငြိမ်းချမ်းစွာ အနားယူပါတော့” ဆိုတဲ့စကားလုံးတွေ၊ ငွေကြေးထောက်ပံ့မှုတွေ၊ ကျန်ခဲ့တဲ့ကလေးတွေအတွက် ပညာသင်စရိတ် ထောက်ပံ့ပေးသွားပါမယ်ဆိုတာလောက်နဲ့ မနှစ်သိမ့်ပါနဲ့တော့။ ဘယ်လိုပဲဖြစ်ဖြစ် လူသားတစ်ယောက်မို့ မွေးရာပါ လူသားအခွင့်အရေး၊ ဂုဏ်သိက္ခာဆိုတာ ရှိပါတယ်။ သူ့မိသားစုအတွက်တော့ သူဟာ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးတွေ ရှိပါတယ်။ ပြန်လည်အစားထိုးမရတဲ့ ဆုံးရှုံးမှုတွေပဲ ဖြစ်ပါတယ်။

လူတစ်ယောက်အပေါ် ပုဂ္ဂိုလ်စွဲနဲ့ အလွန်အမင်း မိုခိုအားကိုးအောင် လုပ်ဆောင်နေမှုတွေကို ရပ်တန့်လိုက်ပါ။ တန်ဖိုးရှိလှတဲ့ လူငယ်တွေကို သူတို့ခြေထောက်ပေါ် သူတို့ရပ်တည်နိုင်အောင် လွတ်လပ်စွာ တွေးခေါ်မြော်မြင်နိုင်ဖို့ အချိန်ပေးလိုက်ပါ။ တိုင်းပြည်ရဲ့ အနာဂတ်အတွက် လူငယ်တွေရဲ့ ဦးတည်ချက်၊ ပန်းတိုင်တွေ မပျောက်ရှဖို့က အရေးကြီးတယ်ဆိုတာ အသက်အရွယ်နဲ့ အတွေ့အကြုံအရ လူကြီးတွေက ပိုမိုသိကြမှာ ဖြစ်ပါတယ်။

## အနှစ်သာရရှိတဲ့ ရွေးကောက်ပွဲ

လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေတွေကလည်း ရွေးကောက်ပွဲမဲစာရင်း မှားယွင်းမှုတွေ၊ နိုင်ငံတော်အာဏာကို အဓမ္မနည်းလမ်းသုံးပြီး ရယူဖို့ ကြိုးပမ်းလုပ်ဆောင်မှုတွေနဲ့ အမျိုးဘာသာ သာသနာ ရေရှည်တည်တံ့စေဖို့၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မသွားစေဖို့အတွက် တပ်မတော်က နိုင်ငံတော်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ မလွှဲမရှောင်သာ ထိန်းသိမ်းလိုက်ခြင်းဖြစ်ပါတယ်။ အရေးပေါ်ကာလ ပြီးဆုံးသွားရင် စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိတဲ့ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးသွားမှာဖြစ်ကြောင်း၊ အနိုင်ရပါတီကို အာဏာလွှဲအပ်သွားမှာဖြစ်ကြောင်းကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြေညာထားပြီး ဖြစ်ပါတယ်။

ဒါကြောင့် လူထုရဲ့ ထောက်ခံမှုကို ရနေပြီးဖြစ်တဲ့ ဂျန်နရေးရှင်းဇက်တွေအနေနဲ့ နိုင်ငံရေးကို စိတ်ဝင်စားရင် ရွေးကောက်ပွဲမှာ ပါဝင်ကြပါ။ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ ငြိမ်းချမ်းရေး ရရှိရေးတွေမှာ အုတ်တစ်ချပ်သဲတစ်ပွင့်ပါဝင်ကြပါ။ ဂျန်နရေးရှင်း X, Y, Z , Alpha အထိ အမျိုးသားညီညွတ်ရေးကို ရအောင်ယူပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးမှာ ပါဝင်ကြပါလို့ တိုက်တွန်းလိုပါတယ်။ ။

**နိုင်ငံရေးသမားအရေခြုံတွေက သူတို့ကိုယ်တိုင် အပြင်ထွက်သလား ကြည့်ပါ။ အွန်လိုင်းပေါ်မှာသာ ရဲရဲတောက်နေပြီး အိမ်အပြင် ခြေတစ်လှမ်းတောင် မလှမ်းပါဘူး။ သူတို့ မြို့နယ်ရဲ့သမိုင်း မရိုင်းစေနဲ့ဆိုပြီး လူငယ်တွေ၊ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ပြည်သူလူထုကိုသာ လမ်းပေါ်ထွက်စေခဲ့တာ ဖြစ်ပါတယ်။**

# အရောင်းအဝယ်မလည်ပတ်တော့ ငွေမလွှဲနိုင်၊ ကိုယ်ကလည်း အရင်းတွေ တစ်ရင်းပြီးတစ်ရင်း စိုက်ထားပြီး ငွေကမပေါ်၊ အရောင်းအဝယ်ကလည်း အရင်တုန်းကထက် လေးပုံတစ်ပုံလောက်ပဲ အလုပ်ဖြစ်တော့တယ်။ ရေရှည်ဆိုရင် အရောင်းအဝယ်တွေ ရပ်သွားတော့မယ်ထင်တယ်။

**ကိုတင်မြင့်အောင်**

နိုင်ငံတစ်ဝန်း၌ CDM လှုပ်ရှားမှုမှ စတင်ခဲ့သည့် ဆန္ဒပြပွဲများ၊ ဆူပူမှုများ၊ မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ရာ အေးချမ်းစွာနေလိုသည့် ပြည်သူများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူများ၊ ပုဂ္ဂလိကလုပ်ငန်းများတွင် လုပ်ကိုင်နေသူများက ၎င်းတို့ခံစားနေရသည့် အခက်အခဲများ၊ ခံစားချက် ခံယူချက်များကို ယခုလိုဖွင့်ဟပြောကြားခဲ့ကြပါသည်။

"ကျွန်တော်ကတော့ အဲကွန်းနဲ့ပတ်သက်တဲ့ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးပါ။ ကျွန်တော် ၁၀ တန်း အောင်ပြီးလောက်ကတည်းက ဒီလုပ်ငန်းကို ဝါသနာပါလို့ သင်တန်းတက်ပြီး ဒီဆိုင်မှာ အလုပ်ဝင်ဖြစ်တာပါ။ သုံး၊ လေးနှစ်လောက်ရှိပြီ။ ဒီအလုပ်တစ်ဖက်နဲ့ပဲ အဝေးသင်တက္ကသိုလ်ဆက်တက်တာပါ။ ကျန်တဲ့ညီအစ်ကို မောင်နှမတွေရှိပေမယ့် အိမ်ထောင်ခွဲနေကြတာဆိုတော့ မိဘတွေကို တစ်ဖက်တစ်လမ်းက ကိုယ်တတ်နိုင်သလောက် ပြန်ပြီးကူညီတဲ့သဘောလည်း ပါတယ်။ မနှစ်ကတော့ ကိုဗစ်ဖြစ်တာနဲ့ ကျောင်းတွေက ပိတ်ထားတော့ ဘွဲ့ရဖို့ကလည်း တစ်နှစ်ကျန်နေသေးတယ်။ ပြီးခဲ့တဲ့ တစ်လကျော် နှစ်လလောက်က နိုင်ငံရေးအပြောင်းအလဲ ဖြစ်စဉ်တွေကြောင့် သူငယ်ချင်းအချို့ CDM လုပ်ကြတယ်။ ကျွန်တော်လည်း အစပိုင်းတုန်းကတော့ ဟုတ်သလိုလိုဆိုပြီး စိတ်ပါခဲ့ပေမယ့် နောက်ပိုင်းကျတော့ ကျွန်တော့် စိတ်ကူးနဲ့ သူတို့ပြောတာနဲ့ လက်တွေ့ဖြစ်နေတာတွေက တခြားစီ ဖြစ်နေတော့ အဲဒီ CDM ကို ကျွန်တော်ဆက်မလုပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ နောက်ပြီး နွေပိုင်းကိုရောက်လာတော့ ကျွန်တော်တို့ အလုပ်ကလည်း တအားကျလာတော့ ကိုယ့်အလုပ်ကိုပဲအေးအေးဆေးဆေး ဆက်လုပ်ဖြစ်တယ်။ ပြောရရင်တော့ ကျွန်တော့်ဆုံးဖြတ်ချက်မှန်တယ်လို့ပဲ ပြောရမှာပါ။ အရင် CDM လုပ်တော့ အမေနဲ့ အဖေက ကျွန်တော့်အတွက် စိတ်တွေပူပြီး တားကြ၊ ဆုံးမကြနဲ့ ပူပန်နေရတယ်၊ အခုတော့ ကိုယ့်အလုပ်ကို အေးအေးဆေးဆေးပြန်လုပ်နေတော့ သူတို့လည်း စိတ်အေးလက်အေးနေရတာမြင်တော့ ကျွန်တော်လည်း စိတ်ချမ်းသာရတယ်။ အခုတော့ ကျောင်းတွေလည်း ပြန်ဖွင့်တော့မယ်ဆိုတော့ ပျော်တာပေါ့ဗျာ။ အလုပ်ကိုလည်း ပိုပြီးကြိုးကြိုးစားစားလုပ်မယ်၊ ကျောင်းတက်ရင် သူငယ်ချင်းတွေနဲ့ လျှောက်လည်ပြီး စားဖို့သုံးဖို့ ပိုက်ဆံတွေလည်း စုထားမယ်၊ သူငယ်ချင်းတွေနဲ့လည်း ပြန်ဆုံရတော့မှာဆိုပြီး အတွေးနဲ့ကိုပျော်နေတာပဲ။ ကျွန်တော့်မှာလည်း ကျွန်တော့် ကိုယ်ပိုင် စိတ်ကူးအိပ်မက်ဆိုတာ ရှိခဲ့ပါတယ်။ ကျွန်တော့် အိပ်မက်၊ ကျွန်တော့်အလုပ်ကလည်း ကျွန်တော့်ဘဝအတွက် ကျွန်တော့် နိုင်ငံရေးပဲလို့ ခံယူထားတယ်ဗျာ။ ကိုယ့်နိုင်ငံကို ချစ်တာပေါ့ဗျာ၊ ဒါပေမယ့် ကိုယ့်ဘဝအရေးကိုတောင် အောင်မြင်အောင် မလုပ်နိုင်သေးခင် ကျွန်တော်မနိုင်ဝန်လည်း မထမ်းချင်သေးပါဘူး။ အလှမ်းကျယ်အလယ်လပ်တော့ အဖြစ်မခံနိုင်ဘူးဗျာ။ အခုဆို လမ်းတွေပေါ်မှာ ဆန္ဒပြတဲ့သူတွေကလည်း ရှိနေတယ်၊ လူတွေကလည်း အဖြူအမည်း မသဲကွဲတော့ အလုပ်သွားရင်တော့ နည်းနည်းဂရုစိုက်ရတာပေါ့ဗျာ။ အခု ဒီလို CDM ကိစ္စတွေ၊ ဆူပူဆန္ဒပြတာတွေ ပြီးသွားရင်တော့ ပိုကောင်းတာပေါ့ဗျာ"ဟု အေးချမ်းစွာ အလုပ်လုပ်နေသူ ကိုသက်နိုင်ဦးက ပြောသည်။

"ကျွန်တော်ကတော့ ကွမ်းပွဲရုံဖွင့်ထားတဲ့ ပွဲရုံပိုင်ရှင်တစ်ယောက်ပါ။ ကျွန်တော်တို့ပွဲရုံကနေ ကွမ်းတွေကို လားရှိုး၊ မြစ်ကြီးနား၊ လွိုင်ကော်၊ တောင်ကြီးနဲ့ ကျွန်တော်တို့နဲ့နီးစပ်ရာနယ်မြို့တွေကို ပို့ပါတယ်။ အဟောင်းပေး အသစ်ယူနဲ့ရှိသလို လကုန်ရှင်း၊ နှစ်ကုန်ရှင်းတွေလည်း ရှိပါတယ်။ ကုန်တွေကို သက်ဆိုင်ရာ လိုင်းကားတွေနဲ့ပို့ပြီး ငွေကိုတော့ ဘဏ်ကနေရှင်းပါတယ်။ တစ်ခါတလေလည်း အလည်အပတ် သွားလာကြရင်း လူကိုယ်တိုင်ရှင်းတဲ့အခါလည်း ရှင်းပါတယ်။ အရင်တုန်းကတော့ ကိစ္စအားလုံးဟာ အဆင်ပြေစွာ လည်ပတ်နေပေမယ့် အခုအချိန်မှာတော့ အခက်အခဲတွေရှိလာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုအချိန်မှာ ဆူပူဆန္ဒပြမှုတွေကြောင့် လမ်းပန်းဆက်သွယ်ရေး အဆင်မပြေတာက တစ်ကြောင်း၊ ဘဏ်ဝန်ထမ်းတွေ CDM လုပ်လို့ ဘဏ်တွေမဖွင့်တာက တစ်ကြောင်း၊ ဖွင့်ပြန်တော့လည်း ဆူပူအကြမ်းဖက်သူတွေရန်က တစ်ကြောင်းနဲ့ ငွေလွှဲတာတွေ၊ ကုန်ပို့တာတွေကအစ အဆင်မပြေတော့ဘူး။ ဟိုဘက်ကလည်း အရောင်းအဝယ်မလည်ပတ်တော့ ငွေမလွှဲနိုင်၊ ကိုယ်ကလည်း အရင်းတွေ တစ်ရင်းပြီးတစ်ရင်း စိုက်ထားပြီး ငွေကမပေါ်၊ အရောင်းအဝယ်ကလည်း အရင်တုန်းကထက် လေးပုံတစ်ပုံလောက်ပဲ အလုပ်ဖြစ်တော့တယ်။ ရေရှည်ဆိုရင် အရောင်းအဝယ်တွေ ရပ်သွားတော့မယ်ထင်တယ်။ ကျွန်တော်ကတော့ အမြန်အေးအေးချမ်းချမ်းဖြစ်ပြီး အရောင်းအဝယ်တွေ အမြန်ပြန်ပြီး လည်ပတ်စေချင်တာပါပဲဗျာ"ဟု ကွမ်းအရောင်းအဝယ်လုပ်ကိုင်သူ ကိုတင်မြင့်အောင်က ပြောသည်။

"ကျွန်တော်ကတော့ နိုင်ငံ့ဝန်ထမ်းဘဝက အငြိမ်းစားယူထားတဲ့ ပြည်သူတစ်ဦးပါ။ ဝန်ထမ်းဘဝနဲ့ နိုင်ငံအနှံ့ရွှေ့ပြောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အခုအချိန်မှာတော့ ပင်စင်လစာလေးနဲ့ အဆင်ပြေအောင် စားသောက်နေထိုင်ရင်း တစ်ဖက်ကလည်း ရပ်ရွာကောင်းကျိုးကို ကိုယ်လုပ်နိုင်တဲ့ဘက်ကနေ ပါဝင်လုပ်ကိုင်နေပါတယ်။ ကျွန်တော့်ဘဝတစ်လျှောက်လည်း အရေးအခင်းအမျိုးမျိုးကို တွေ့ကြုံခဲ့ဖူးခဲ့ပါတယ်။ အနီးစပ်ဆုံး ၈၈ အရေးအခင်းပေါ့ဗျာ။ အဲဒီတုန်းကလည်း ခံယူချက်အမျိုးမျိုး၊ ကြွေးကြော်သံအမျိုးမျိုး၊ အစွဲအမျိုးမျိုးနဲ့ လုပ်ကြတာပဲ။ အခုလည်း CDM တွေ လုပ်ကြတယ်၊ ဆန္ဒတွေပြကြတယ်၊ ဆူပူအကြမ်းဖက်မှုတွေလုပ်ကြတယ်။ ခံယူချက်တွေ၊ ခံစားချက်တွေ၊ ခေါင်းစဉ်တွေ၊ ကြွေးကြော်သံတွေ အမျိုးမျိုးနဲ့ပေါ့ဗျာ။ အွန်လိုင်းပေါ်မှာလည်း အမျိုးမျိုးသော လှုံ့ဆော်မှုတွေက နေရာယူထားတော့ လူတွေကလည်း သွေးဆူပြီး အမှား၊ အမှန်တွေလည်း စဉ်းစားခွဲခြားနိုင်တဲ့ စွမ်းအားတွေ လျော့နည်းလာတာလည်း ပါတယ်။ အစောပိုင်းကတော့ ငြိမ်းချမ်းစွာဆန္ဒပြကြတယ်ဆိုတော့ ဟုတ်သလိုလိုနဲ့ အခုနောက်ပိုင်းကျတော့ လုံခြုံရေးတပ်ဖွဲ့တွေကို ရန်ပြုတာတွေအထိ လုပ်လာကြတယ်။ ပိုဆိုးတာက နိုင်ငံပိုင် ရုံးအဆောက်အအုံတွေ၊ စာသင်ကျောင်းတွေ၊ ရဲစခန်းတွေကို မီးရှို့ကြတယ်ဗျာ။ CDM လှုပ်ရှားမှုတွေ၊ ဆန္ဒပြတာတွေက အချိန်ကြာဆိုးရွားလာတာနဲ့အမျှ အရေးယူမှုတွေ၊ ဖမ်းဆီးမှုတွေကလည်း အကြောင်းနောက် အကျိုးပါဆိုသလို ဖြစ်လာပြီးတော့ လက်သည်းဆိတ်တော့ လက်ထိပ်နာဆိုတဲ့ ရလဒ်တွေကို ခံစားကြရတယ်။ ဘယ်သူမပြုမိမိမှုပဲမို့ ဘာတတ်နိုင်မှာလဲဗျာ။ လုပ်တဲ့သူကလုပ်တော့ အရေးယူတဲ့သူကလည်း အရေးယူရပြီ။ ဦးဆောင်ဦးရွက်လုပ်တဲ့သူတွေ၊ နောက်ကွယ်က ပံ့ပိုးကူညီသူတွေကို အရေးယူတော့ နောက်လိုက်တွေ၊ ပတ်သက်ရာပတ်သက်ကြောင်းတွေက မခံနိုင်၊ မတရားဘဲဖမ်းဆီးခံရသလိုလိုနဲ့ တရားခံတွေ ပြန်လွှတ်ရေးဆိုပြီး ရဲစခန်းတွေကို လူအုပ်စုနဲ့ ဝိုင်း၊ ဖျက်လိုဖျက်ဆီးလုပ်လိုလုပ်၊ မီးရှို့လိုရှို့၊ အကြမ်းဖက်ပြီး အနိုင်အထက်လုပ်လိုလုပ်နဲ့ ကြားရမြင်ရတာ စိတ်မချမ်းသာစရာပါဗျာ။ တကယ်ဆိုဗျာ ကိုယ့်အိမ်မှာကိုယ်နေပြီး အေးအေးနေတဲ့သူကို ဘယ်သူက အလကားသက်သက်လာဖမ်းမှာတုန်းဗျာ။ လုပ်တုန်းကလုပ်ပြီး အခုမှ အမေကယ်ပါ၊ အဖေကယ်ပါ လုပ်နေကြတာ၊ မဆီမဆိုင် အပြစ်မဲ့ဝန်ထမ်းမိသားစုဝင်တွေကို နှိပ်စက်ညှဉ်းပန်းတာတွေ၊ တိုက်ခိုက်တာတွေကို တရားလက်လွှတ်လုပ်ရက်ကြတာ စိတ်မကောင်းစရာပါ။ ကျွန်တော်ကတော့ ဒီကိစ္စတွေကိုမြင်တော့ ကျွန်တော်တာဝန်ကျခဲ့တဲ့ ဒေသက ဒေသိယစာချိုးတစ်ခုကို သွားသတိရတယ်ဗျာ၊ အဲဒါလေးကတော့ 'ပြောတော့လည်း မကြိုက်၊ ယာတောလည်းမလိုက်၊ ဆိုပြန်တော့ ငိုပြန်၊ ရိုက်ပြန်တော့ ပထွေးထင်' ဆိုတာလေးပါ" ဟု ပြည်သူတစ်ဦးဖြစ်သူ ဦးကိုကိုထွေးက ပြောသည်။

**တွေ့ဆုံမေးမြန်း - မေချိုးဖြူ**

## တိုင်းစစ်ဌာနချုပ်အသီးသီး၌ (၇၆)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၊ အဆင့်တိုးမြှင့်ခြင်းနှင့် ဆုပေးပွဲများ ကျင်းပ

**နေပြည်တော် မတ် ၂၈**

(၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ အသီးသီးကျင်းပကြရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများက တက်ရောက်မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် (၇၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲများတွင် ပထမဆုရရှိကြသည့် အရာရှိစစ်သည်များနှင့် အဆင့်တိုးမြှင့်ခြင်းခံရသည့် စစ်သည်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများက အဆင့်တံဆိပ်များ၊ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့



## ကချင်ပြည်နယ်အတွင်း လုံခြုံရေးနှင့် တည်ဆောက်ရေးကိစ္စရပ်များ ဆွေးနွေး

**မြစ်ကြီးနား မတ် ၂၈**

ကချင်ပြည်နယ်အတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသ ဖွံ့ဖြိုးရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို မတ် ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး မလိခခန်းမ၌ ကျင်းပသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်မှုအခြေအနေ၊ စီးပွားရေးအခွင့်အလမ်းအတွက် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်နယ်သူ၊ ပြည်နယ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုမြင့်မားလာစေရေး စီမံဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြကြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်နယ်ကောင်စီအဖွဲ့ဝင်များက လိုအပ်ချက်များအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပြည်နယ်ကောင်စီဥက္ကဋ္ဌက ဌာနဆိုင်ရာများအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် တည်ဆောက်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေး လိုအပ်သည့်အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဘားအံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

**ဘားအံ မတ် ၂၈**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် မတ် ၂၆ ရက် နံနက်ပိုင်းက ဘားအံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ထုံးအိုင်-မိန်းမလှကျွန်း ကျေးရွာချင်းဆက် ကုန်ထုတ်ကွန်ကရစ်လမ်း အကျယ် ၁၄ ပေ၊ ဒု ခုနစ်လက်မခင်းနိုင်ရေး အောက်ခံကျောက်ကြမ်းလွှာခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ စိုက်ဧက ၂၀၀ ကျော်ကို အကျိုးပြုလျက်ရှိသော ပေ ၈၃၀၀ ရှိ မိန်းမလှကျွန်းရေမြောင်းနှင့် ရေတံခါးတို့ကိုလည်းကောင်း၊ အရှည်ပေ ၃၆၀၊ အကျယ်ပေ ၂၀ ရှိ သံကူကွန်ကရစ်အမျိုးအစား မိန်းမလှကျွန်းတံတား တည်ဆောက်ပြီးစီးမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ကရင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သူကြွယ်နှင့် တာဝန်ရှိသူများက လမ်းတံတားနှင့် ဆည်/မြောင်း ဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဘားအံမြို့နယ် မဲဘောင်-နောင်လုံ ရေသွင်း/ရေနုတ်မြောင်းမကြီး(ဖဲကတာမြောင်းမကြီးအပိုင်း) အရှည်ပေ ၁၂၄၀၀ ပြန်လည်တူးဖော်ခြင်း လုပ်ငန်းနှင့် ရေထိန်းတံခါးတို့ကို လည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခြံကလေး-တောင်သူကုန်း နှစ်မိုင်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေး၊ လမ်းပခုံးများအဆင့်မြှင့်တင်နိုင်ရေးနှင့် မိုးရာသီတွင်ရေကြီးရေလျှံမှုများဖြစ်ပွားလေ့ရှိသည့်အတွက် လိုအပ်သည့်နေရာများတွင် Box Culvert များ ထည့်သွင်းဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘားအံမြို့နယ် ဇာသပြင်ကျေးရွာတွင် ပြန်လည်ဖွင့်လှစ်လျက်ရှိသော ဇာသပြင်တိုက်နယ်ဆေးရုံသို့သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုများ ပြန်လည်ဆောင်ရွက်ပေးနေသည့် တိုက်နယ်ဆရာဝန်နှင့် သူနာပြုများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရွှေတော-ကော့မူးတာ နှစ်မိုင် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုနှင့် လာမည့်နှစ်တွင် ဆောင်ရွက်မည့် ကော့မူးတာ-ဖြတ်လှိုင်းလမ်း၊ ဖြတ်လှိုင်း-ဒုံသို့ လမ်းပိုင်းတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင်များ၊ အစာစပ်စက်ရုံလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**ပဲခူး မတ် ၂၈**

ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင်များ၊ အစာစပ်စက်ရုံလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို မတ် ၂၄ ရက် မွန်းလွဲ ၂ နာရီက ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး တော်ဝင်ဟံသာခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေတောင်သူများဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ အောင်မြင်မှသာ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များ (Value Added Products)အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး လုပ်ငန်းရှင်များအနေဖြင့် ကြိုးစားဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဝင် (၃) ဦးတင်သိန်းနှင့် အတွင်းရေးမှူး ဦးစိုးသိန်းတို့က ဒေသအတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ အစာစပ်စက်ရုံလုပ်ငန်ရှင်များအနေဖြင့် ကြုံတွေ့နေရသည့် အခက်အခဲများကို တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီက ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာဝင့်သူက တိရစ္ဆာန်အစာစပ်စက်ရုံများအနေဖြင့် အစာထုတ်လုပ်ရာတွင် ပဋိဇီဝဆေးများအား သတ်မှတ်ရာခိုင်နှုန်းအတိုင်းသာ ဆောင်ရွက်ရန်၊ ဥသားဖောက်စက်များအနေဖြင့် မှတ်ပုံတင်ထားရှိရန်နှင့် ဇီဝလုံခြုံရေးအတွက် လိုအပ်သောထောက်ခံချက်များ၊ စစ်ဆေးချက်များရရှိထားရန် လိုအပ်ကြောင်းကိုလည်းကောင်း အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသည့် မွေးမြူရေးလုပ်ငန်းရှင်များနှင့် အစာစပ်စက်ရုံလုပ်ငန်းရှင်များက သယ်ယူပို့ဆောင်ရေး၊ ကုန်ထုတ်လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ဘဏ်လုပ်ငန်းများ လွယ်ကူနိုင်စေရေးတို့အား တင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ရန်ကုန်တိုင်းဒေသကြီး၌ နွေရာသီကာလ ပြည်သူများ သောက်သုံးရေပြည့်ဝစွာရရှိရေး ဆွေးနွေးပွဲကျင်းပ



**ရန်ကုန် မတ် ၂၈**

နွေရာသီကာလ မြို့ပြနှင့်ကျေးလက်ဒေသရှိ သောက်သုံးရေ အခက်အခဲဖြစ်နိုင်သည့် ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ပြည့်ဝစွာရရှိရေးဆွေးနွေးပွဲကို မတ် ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည် ။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာ (ရေသန့်) ဌာနမှူး ဦးမြင့်ဇော်သန်းက လှော်ကား၊ ဂျိုးဖြူ၊ ဖူးကြီး၊ ငမိုးရိပ်ရေလှောင်ကန်များမှ နေ့စဉ်ရေပေးဝေမှု၊ ကုက္ကိုဝမြစ်ရေတင်စီမံကိန်း၊ လဂွန်းပြင်ဆည်မှ ငမိုးရိပ်ရေထိန်းတံခါးသို့ ရေပေးပို့မှု၊ နွေရာသီကာလ ဆည်ရေလျော့နည်းချိန်တွင် ဖြည့်စွက်ပေးဝေနိုင်ရန် စီမံထားမှု၊ ရေလိုအပ်ချက် မြင့်မားလာမှုအတွက် အနာဂတ်ရေပေးဝေရေးစနစ် ၂၀၄၀ Master Plan၊ ရန်ကုန်မြို့၏ လက်ရှိရေဖိုးရေခကောက်ခံမှုအခြေအနေနှင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှ ရေသန့်စင်မှုစနစ် အဆင့်မြှင့်တင်သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်တင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးနေဝင်းအောင်တို့က နှစ်စဉ်နွေရာသီတွင် ကော့မှူး၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့တို့တွင် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေမှုများအတွက် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန် မြို့အလိုက်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှု၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများက ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းများတွင် ဌာနအလိုက် ပါဝင်ဆောင်ရွက်နေရသော လုပ်ငန်းကဏ္ဍများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက နွေရာသီသောက်သုံးရေအခက်အခဲဖြစ်နေသော ကျေးရွာများနှင့် မြို့နယ်များ တစ်နှစ်ပတ်လုံး ရေအခက်အခဲမရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျေးရွာများရှိသောက်ရေကန်များကို ဌာနပိုင် စက်ယန္တရားများဖြင့် ရွံ့နုန်း၊ သဲများ ဆယ်ထုတ်ပြီး သန့်ရှင်းရေးပြုလုပ်ရန်နှင့် လတ်တလော နွေရာသီ သောက်သုံးရေ အခက်အခဲဖြစ်နိုင်သော ပင်လယ်ကမ်းစပ်ကျေးရွာဒေသများ အပါအဝင် ရေအခက်အခဲရှိနိုင်သည့် ဒေသများသို့ ရေကားဖြင့် လိုက်လံပေးဝေမည့် အစီအစဉ်များကို သက်ဆိုင်ရာမြို့နယ်အလိုက် အဖွဲ့များဖွဲ့၍ကြီးကြပ်ဆောင်ရွက်ကြရန်၊ အနာဂတ်ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပေါ်သာမက ကျေးလက်ဒေသပါ သန့်ရှင်းသောသောက်သုံးရေရရှိစေရန်နှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရေးအတွက် ယခုအစည်းအဝေးတွင် အကြံပြုဆွေးနွေးချက်များကို လက်တွေ့အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ စနစ်တကျကြီးကြပ် ဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မတ်လ ၂၈ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်နှင့် အရာတော်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် မဲရုံပေါင်း ၉၆ ရုံ | ၁၀၉၂၁၉ | ၈၀၈၆၅ | ၆၇၂၈ | ၄၆၉ | ၉၆၃၀ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် မဲရုံပေါင်း ၁၂၃ ရုံ | ၁၄၂၃၆၆ | ၁၁၁၈၁၂ | ၁၇၀၈၂ | ၁၀၄၆ | ၁၅၆၅၆ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်နှင့် အရာတော်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၂၁၉ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၈၁၂၂၃ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၀၃၀၇၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၈၁၄၉၊ မြေပြင်လက်ကျန် ၇၁၃၃၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၇၄၃၃ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၆၁၈ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဆားလင်းကြီး | ၉၆ | ၁၂၁၃၈၉ | ၈၉၅၈၅ | ၃၁၈၀၄ | ၃၀၇၈၂ | ၁၄၂၁ | ၃၉၉ |
| ၂ | အရာတော် | ၁၂၃ | ၁၅၉၈၃၄ | ၁၁၃၄၈၉ | ၄၆၃၄၅ | ၄၀၅၅၂ | ၆၀၁၂ | ၂၁၉ |
| | စုစုပေါင်း | ၂၁၉ | ၂၈၁၂၂၃ | ၂၀၃၀၇၄ | ၇၈၁၄၉ | ၇၁၃၃၄ | ၇၄၃၃ | ၆၁၈ |

**ဆားလင်းကြီးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်တွင် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၉ အုပ်စု၊ မဲရုံပေါင်း ၉၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၂၁၃၈၉ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၉၅၈၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၃၁၈၀၄ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၀၇၈၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၁၄၇၉၉ | ၈၉၃၂၈ | ၂၅၄၇၁ | ၂၄၅၀၀ | ၁၃၇၀ | ၃၉၉ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၅၇ | ၂၅၇ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၆၃၃၃ | | ၆၃၃၃ | ၆၂၈၂ | ၅၁ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၂၁၃၈၉ | ၈၉၅၈၅ | ၃၁၈၀၄ | ၃၀၇၈၂ | ၁၄၂၁ | ၃၉၉ |

၆။ ဆားလင်းကြီးမြို့နယ်၊ ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၉ အုပ်စုရှိ မဲရုံ ၉၆ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၄၂၁ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၃၉၉ အပိုတွေ့ရှိရပါသည်။

၇။ ဆားလင်းကြီးမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ် (၁) ရပ်ကွက် | ၁၈၀၀ | ၁၃၀၇ | ၄၉၃ | ၄၉၃ | | |
| ၂ | အမှတ် (၂) ရပ်ကွက် | ၁၄၅၀ | ၁၁၅၂ | ၂၉၈ | ၂၉၈ | | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၁၉၀၀ | ၁၅၆၂ | ၃၃၈ | ၃၃၈ | | |
| ၄ | ကျားတက်ကျေးရွာအုပ်စု | ၃၉၀၀ | ၂၈၆၆ | ၁၀၃၄ | ၉၈၄ | ၅၀ | |
| ၅ | ကွဲခိုတောကျေးရွာအုပ်စု | ၁၆၅၀ | ၁၃၅၄ | ၂၉၆ | ၂၉၆ | | |
| ၆ | ကျိုင်းခမောက်ကျေးရွာအုပ်စု | ၁၈၅၀ | ၁၃၂၅ | ၅၂၅ | ၅၂၅ | | |
| ၇ | ကျောက်မျက်ကျေးရွာအုပ်စု | ၄၆၀၀ | ၃၈၂၃ | ၇၇၇ | ၇၇၃ | ၄ | |
| ၈ | ခွန်သာကျေးရွာအုပ်စု | ၂၁၀၀ | ၁၄၁၂ | ၆၈၈ | ၆၈၈ | | |
| ၉ | ချောင်းရိုးကျေးရွာအုပ်စု | ၆၀၀ | ၄၄၅ | ၁၅၅ | ၁၅၅ | | |
| ၁၀ | ငါးခုန်ကျေးရွာအုပ်စု | ၃၃၅၀ | ၂၅၉၈ | ၇၅၂ | ၇၅၂ | | |
| ၁၁ | ဆုံတားကျေးရွာအုပ်စု | ၂၂၅၀ | ၁၇၁၇ | ၅၃၃ | ၅၃၃ | | |
| ၁၂ | ဆားထုံးကျေးရွာအုပ်စု | ၃၄၅၀ | ၂၇၅၂ | ၆၉၈ | ၆၉၈ | | |
| ၁၃ | ဆားခါးကျေးရွာအုပ်စု | ၁၇၀၀ | ၁၂၇၂ | ၄၂၈ | ၄၁၈ | ၁၀ | |
| ၁၄ | ဇီးချိုင်ကျေးရွာအုပ်စု | ၁၃၅၀ | ၉၈၈ | ၃၆၂ | ၃၆၂ | | |
| ၁၅ | ဇီးပနီ(တောင်)ကျေးရွာအုပ်စု | ၁၃၀၀ | ၉၈၈ | ၃၁၂ | ၃၁၂ | | |
| ၁၆ | ဇီးပနီ(မြောက်)ကျေးရွာအုပ်စု | ၁၇၅၀ | ၁၃၇၉ | ၃၇၁ | ၃၇၁ | | |
| ၁၇ | ညောင်ပင်တိုကျေးရွာအုပ်စု | ၁၃၅၀ | ၁၀၁၀ | ၃၄၀ | ၂၄၀ | ၁၀၀ | |
| ၁၈ | ညောင်ပင်ကြီးကျေးရွာအုပ်စု | ၅၂၀၀ | ၄၂၁၈ | ၉၈၂ | ၁၀၃၂ | | ၅၀ |
| ၁၉ | တရားကျေးရွာအုပ်စု | ၂၇၀၀ | ၁၉၇၇ | ၇၂၃ | ၇၂၃ | | |
| ၂၀ | တုံကျေးရွာအုပ်စု | ၂၅၀၀ | ၂၀၅၃ | ၄၄၇ | ၃၉၇ | ၅၀ | |
| ၂၁ | တောင်ပလူကျေးရွာအုပ်စု | ၃၂၅၄ | ၂၈၅၂ | ၄၀၂ | ၃၄၇ | ၅၅ | |
| ၂၂ | ထန်းဇင်ကျေးရွာအုပ်စု | ၃၉၀၀ | ၂၉၆၈ | ၉၃၂ | ၈၈၂ | ၅၀ | |
| ၂၃ | ဒူးထောက်ကျေးရွာအုပ်စု | ၁၅၅၀ | ၁၂၉၂ | ၂၅၈ | ၂၅၈ | - | |
| ၂၄ | ဒုံးတောကျေးရွာအုပ်စု | ၆၃၄၅ | ၄၉၈၆ | ၁၃၅၉ | ၁၁၆၂ | ၁၉၇ | |
| ၂၅ | နှောကူးတို့ကျေးရွာအုပ်စု | ၂၅၀၀ | ၁၉၅၅ | ၅၄၅ | ၅၄၅ | | |
| ၂၆ | ပေါင်းဝကျေးရွာအုပ်စု | ၁၄၅၀ | ၁၀၈၃ | ၃၆၇ | ၃၆၇ | | |
| ၂၇ | ပန်းထူးကျေးရွာအုပ်စု | ၂၉၅၀ | ၂၂၀၈ | ၇၄၂ | ၇၃၈ | ၄ | |
| ၂၈ | ဖလန်ကန်ကျေးရွာအုပ်စု | ၃၃၀၀ | ၂၆၀၅ | ၆၉၅ | ၆၉၆ | | ၁ |
| ၂၉ | ဖောင်းကတာကျေးရွာအုပ်စု | ၅၂၅၀ | ၄၃၀၂ | ၉၄၈ | ၈၄၈ | ၁၀၀ | |
| ၃၀ | ဘုတ်စုကျေးရွာအုပ်စု | ၂၂၅၀ | ၁၇၁၇ | ၅၃၃ | ၅၃၃ | | |
| ၃၁ | ဘိုက်သရက်ကျေးရွာအုပ်စု | ၁၁၀၀ | ၈၁၀ | ၂၉၀ | ၂၉၀ | | |
| ၃၂ | မတောင့်တကျေးရွာအုပ်စု | ၂၁၀၀ | ၁၆၀၅ | ၄၉၅ | ၄၄၅ | ၅၀ | |
| ၃၃ | မိုးကြိုးပြင်ကျေးရွာအုပ်စု | ၅၅၀၀ | ၄၃၃၄ | ၁၁၆၆ | ၉၆၆ | ၂၀၀ | |
| ၃၄ | မြေစွန်းကျေးရွာအုပ်စု | ၃၁၅၀ | ၂၄၀၇ | ၇၄၃ | ၇၄၃ | | |
| ၃၅ | ရေမိန်ကျေးရွာအုပ်စု | ၁၂၀၀ | ၁၀၄၂ | ၁၅၈ | ၁၅၈ | | |
| ၃၆ | ရုံးပင်ရိုးကျေးရွာအုပ်စု | ၁၈၅၀ | ၁၂၆၈ | ၅၈၂ | ၂၃၂ | ၃၅၀ | |
| ၃၇ | ရွှေသမင်ကျေးရွာအုပ်စု | ၂၄၀၀ | ၁၅၄၇ | ၈၅၃ | ၈၅၃ | | |
| ၃၈ | ရွာသမင်းကျေးရွာအုပ်စု | ၁၈၀၀ | ၁၁၉၇ | ၆၀၃ | ၄၅၃ | ၁၅၀ | |
| ၃၉ | ရွာရှည်ကျေးရွာအုပ်စု | ၇၀၀၀ | ၅၇၈၀ | ၁၂၂၀ | ၁၄၂၀ | | ၂၀၀ |
| ၄၀ | လက်ပတောင်းကျေးရွာအုပ်စု | ၃၄၅၀ | ၂၈၇၈ | ၅၇၂ | ၅၇၂ | | ၀ |
| ၄၁ | လင်းစကျက်ကျေးရွာအုပ်စု | ၃၃၀၀ | ၂၂၄၄ | ၁၀၅၆ | ၁၁၅၄ | | ၉၈ |
| ၄၂ | သမ္မတောကျေးရွာအုပ်စု | ၂၄၅၀ | ၂၀၅၀ | ၄၀၀ | ၄၅၀ | | ၅၀ |
| | ရပ်ကွက်/ကျေးရွာချုပ်စုစုပေါင်း | ၁၁၄၇၉၉ | ၈၉၃၂၈ | ၂၅၄၇၁ | ၂၄၅၀၀ | ၁၃၇၀ | ၃၉၉ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၅၇ | ၂၅၇ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၆၃၃၃ | | ၆၃၃၃ | ၆၂၈၂ | ၅၁ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၂၁၃၈၉ | ၈၉၅၈၅ | ၃၁၈၀၄ | ၃၀၇၈၂ | ၁၄၂၁ | ၃၉၉ |

**အရာတော်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၈။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်တွင် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၉ အုပ်စု၊ မဲရုံပေါင်း ၁၂၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၅၉၈၃၄ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၁၃၄၈၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၆၃၄၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၀၅၅၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၅၆၂၅၄ | ၁၁၃၀၀၉ | ၄၃၂၄၅ | ၃၇၄၅၂ | ၆၀၁၂ | ၂၁၉ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၄၈၀ | ၄၈၀ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၃၁၀၀ | | ၃၁၀၀ | ၃၁၀၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၅၉၈၃၄ | ၁၁၃၄၈၉ | ၄၆၃၄၅ | ၄၀၅၅၂ | ၆၀၁၂ | ၂၁၉ |

စာမျက်နှာ ၁၉ သို့ ❂

❂ စာမျက်နှာ ၁၈ မှ

၉။ အရာတော်မြို့နယ်၊ ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၉ အုပ်စုရှိ မဲရုံ ၁၂၃ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၆၀၁၂ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၂၁၉ အပို တွေ့ရှိရပါသည်။

၁၀။ အရာတော်မြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ် (၁) ရပ်ကွက် | ၄၂၅၀ | ၂၇၃၄ | ၁၅၁၆ | ၁၀၁၆ | ၅၀၀ | |
| ၂ | အမှတ် (၂) ရပ်ကွက် | ၂၆၀၀ | ၁၈၅၄ | ၇၄၆ | ၇၄၆ | | |
| ၃ | အမှတ် (၃) ရပ်ကွက် | ၂၄၅၀ | ၁၆၀၇ | ၈၄၃ | ၇၉၂ | ၅၁ | |
| ၄ | ကန်သာကျေးရွာအုပ်စု | ၃၄၀၀ | ၂၅၆၆ | ၈၃၄ | ၈၃၄ | | |
| ၅ | ကမ်းဖြူကျေးရွာအုပ်စု | ၅၁၅၀ | ၃၄၅၂ | ၁၆၉၈ | ၁၄၄၉ | ၂၄၉ | |
| ၆ | ကျောက်ပျောက်ကျေးရွာအုပ်စု | ၂၈၀၀ | ၂၂၂၃ | ၅၇၇ | ၅၂၇ | ၅၀ | |
| ၇ | ငွေတွင်းရွာကျေးရွာအုပ်စု | ၂၉၀၀ | ၂၃၅၁ | ၅၄၉ | ၃၄၉ | ၂၀၀ | |
| ၈ | ဆင်တလည်ကျေးရွာအုပ်စု | ၁၃၅၀ | ၉၆၇ | ၃၈၃ | ၃၃၃ | ၅၀ | |
| ၉ | ဇရစ်ကျေးရွာအုပ်စု | ၂၁၅၀ | ၁၅၈၇ | ၅၆၃ | ၅၆၃ | | |
| ၁၀ | ညောင်ခြေထောက်ကျေးရွာအုပ်စု | ၃၅၅၀ | ၂၇၁၃ | ၈၃၇ | ၆၃၇ | ၂၀၀ | |
| ၁၁ | ဒုံဒစ်ကျေးရွာအုပ်စု | ၂၆၀၀ | ၁၇၀၁ | ၈၉၉ | ၈၉၉ | | |
| ၁၂ | မလဲသာကျေးရွာအုပ်စု | ၇၅၀၀ | ၆၃၉၄ | ၁၁၀၆ | ၈၆၂ | ၂၄၄ | |
| ၁၃ | မကျီးစောက်ကျေးရွာအုပ်စု | ၃၁၀၀ | ၂၂၉၁ | ၈၀၉ | ၈၀၉ | | |
| ၁၄ | မင်းကျေးရွာအုပ်စု | ၃၀၅၀ | ၂၄၀၈ | ၆၄၂ | ၄၄၂ | ၂၀၀ | |
| ၁၅ | မြေနက်ကျေးရွာအုပ်စု | ၂၄၀၀ | ၁၇၆၀ | ၆၄၀ | ၆၄၀ | | |
| ၁၆ | ဝါးတန်းကျေးရွာအုပ်စု | ၆၂၀၀ | ၄၀၈၉ | ၂၁၁၁ | ၁၄၆၁ | ၆၅၀ | |
| ၁၇ | ပျော်ပုံကျေးရွာအုပ်စု | ၂၆၀၀ | ၂၀၇၈ | ၅၂၂ | ၅၂၂ | | |
| ၁၈ | ဝါးရောင်းကျေးရွာအုပ်စု | ၈၂၅၀ | ၆၇၄၁ | ၁၅၀၉ | ၁၄၅၉ | ၅၀ | |
| ၁၉ | ဝက်ခဲကျေးရွာအုပ်စု | ၂၈၀၀ | ၂၁၈၇ | ၆၁၃ | ၇၁၃ | | ၁၀၀ |
| ၂၀ | သလဲဘာကျေးရွာအုပ်စု | ၄၅၀၀ | ၃၂၀၀ | ၁၃၀၀ | ၁၂၀၀ | ၁၀၀ | |
| ၂၁ | သခွပ်ပင်လယ်ကျေးရွာအုပ်စု | ၃၁၅၀ | ၂၁၂၇ | ၁၀၂၃ | ၉၇၃ | ၅၀ | |
| ၂၂ | ကျွန်းတောကျေးရွာအုပ်စု | ၁၀၅၀ | ၇၉၃ | ၂၅၇ | ၂၅၇ | | |
| ၂၃ | ကိုင်းကျေးရွာအုပ်စု | ၂၅၀၀ | ၁၇၈၁ | ၇၁၉ | ၇၁၉ | | |
| ၂၄ | ခင်သာကျေးရွာအုပ်စု | ၃၂၀၀ | ၂၅၄၉ | ၆၅၁ | ၆၅၃ | | ၂ |
| ၂၅ | ခြင်ပင်ကျေးရွာအုပ်စု | ၅၂၅၀ | ၂၉၄၅ | ၂၃၀၅ | ၁၆၀၅ | ၇၀၀ | |
| ၂၆ | ငှက်ပျောခြံကျေးရွာအုပ်စု | ၃၇၅၀ | ၂၈၈၄ | ၈၆၆ | ၈၁၆ | ၅၀ | |
| ၂၇ | နောင်ကြီးအိုင်ကျေးရွာအုပ်စု | ၅၈၀၀ | ၃၇၁၉ | ၂၀၈၁ | ၁၉၉၁ | ၉၀ | |
| ၂၈ | နေရာခင်းကျေးရွာအုပ်စု | ၂၆၅၀ | ၂၀၂၃ | ၆၂၇ | ၅၇၇ | ၅၀ | |
| ၂၉ | ဘောင်းကျကျေးရွာအုပ်စု | ၃၀၀၀ | ၂၆၂၅ | ၃၇၅ | ၄၉၂ | | ၁၁၇ |
| ၃၀ | မကျီးကန်ကျေးရွာအုပ်စု | ၈၇၅၀ | ၆၄၄၄ | ၂၃၀၆ | ၂၂၀၆ | ၁၀၀ | |
| ၃၁ | မှော်တောကျေးရွာအုပ်စု | ၃၉၅၀ | ၂၅၂၂ | ၁၄၂၈ | ၇၂၈ | ၇၀၀ | |
| ၃၂ | ရသစ်ကျေးရွာအုပ်စု | ၅၇၅၀ | ၄၀၂၄ | ၁၇၂၆ | ၁၆၂၆ | ၁၀၀ | |
| ၃၃ | ရေယိုကျေးရွာအုပ်စု | ၅၄၀၀ | ၃၇၁၁ | ၁၆၈၉ | ၁၄၁၇ | ၂၇၂ | |
| ၃၄ | ရဲချင်းကျေးရွာအုပ်စု | ၃၂၀၀ | ၁၈၅၇ | ၁၃၄၃ | ၉၄၃ | ၄၀၀ | |
| ၃၅ | ရှားကုန်းကျေးရွာအုပ်စု | ၂၂၀၀ | ၁၇၄၈ | ၄၅၂ | ၄၅၂ | | |
| ၃၆ | လိန်လှကျေးရွာအုပ်စု | ၃၅၀၀ | ၂၂၃၁ | ၁၂၆၉ | ၉၁၉ | ၃၅၀ | |
| ၃၇ | ဝါးတောမကျေးရွာအုပ်စု | ၅၈၅၀ | ၄၀၃၆ | ၁၈၁၄ | ၁၈၁၄ | | |
| ၃၈ | အုပ်ရှင်းကြီးကျေးရွာအုပ်စု | ၂၆၅၀ | ၂၁၅၆ | ၄၉၄ | ၄၉၄ | | |
| ၃၉ | အုပ်ရှစ်ကြီးကျေးရွာအုပ်စု | ၅၈၅၀ | ၄၂၆၉ | ၁၅၈၁ | ၁၄၇၉ | ၁၀၂ | |
| ၄၀ | သစ်ကျင်းကြီးကျေးရွာအုပ်စု | ၂၀၀၀ | ၁၂၈၉ | ၇၁၁ | ၂၁၁ | ၅၀၀ | |
| ၄၁ | အောင်သာကျေးရွာအုပ်စု | ၁၇၀၀ | ၁၃၁၁ | ၃၈၉ | ၃၈၉ | | |
| ၄၂ | တောင်မွာကျေးရွာအုပ်စု | ၁၅၀၄ | ၁၀၆၂ | ၄၄၂ | ၄၃၈ | ၄ | |
| | ရပ်ကွက်/ကျေးရွာချုပ်စုစုပေါင်း | ၁၅၆၂၅၄ | ၁၁၃၀၀၉ | ၄၃၂၄၅ | ၃၇၄၅၂ | ၆၀၁၂ | ၂၁၉ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၄၈၀ | ၄၈၀ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၃၁၀၀ | | ၃၁၀၀ | ၃၁၀၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၅၉၈၃၄ | ၁၁၃၄၈၉ | ၄၆၃၄၅ | ၄၀၅၅၂ | ၆၀၁၂ | ၂၁၉ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၂၁ ခုနှစ် ဧပြီလ လပတ်အတွက် မိုးလေဝသခန့်မှန်းချက်

**နေပြည်တော် မတ် ၂၈**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

ကချင်ပြည်နယ်တွင် ရွာသွန်းမှုမြဲအောက် လျော့နည်းနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲထက်ပိုနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၁၄ ရက်မှ ၁၈ ရက်ခန့်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ကိုးရက်မှ ၁၃ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် လေးရက်မှ ရှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၁ ခုနှစ် ဧပြီလအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် သုံးပေမှ ငါးပေခန့်နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

# စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူစာပေဆု ချီးမြှင့်ပွဲ အခမ်းအနားများ ကျင်းပမည်

**နေပြည်တော် မတ် ၂၈**

၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုများကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ရာ ယင်းစာမူဆုနှင့် စာပေဆု ချီးမြှင့်ပွဲများကို ဧပြီ ၁ ရက်နှင့် ၂ ရက် တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကျင်းပရာ၌ ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပေးပွဲအခမ်းအနားကို ဧပြီ ၁ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု အခမ်းအနားကို ဧပြီ ၂ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင်လည်းကောင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ရန်ကုန်မြို့ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမတွင် ကျင်းပမည်ဖြစ်သည်။

ဆုချီးမြှင့်ခံရသူများအား အခမ်းအနားတက်ရောက်ရန် ဖိတ်ကြားထားပြီး အသေးစိတ်သိရှိလိုပါက စာပေဗိမာန်ရုံး စီမံရေးရာဌာန တယ်လီဖုန်း ၀၁ – ၃၈၁၄၄၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့နယ် နမ္မတွန် - ရှာဟော့လူ မြေသားလမ်းအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကော့သောင်း မတ် ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ ကောင်းမွန်စေရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ ကော့သောင်းမြို့နယ် နမ္မတွန်–ရှာဟော့လူ နယ်စပ်ပတ်မြေသားလမ်း ၃၆ မိုင် ၂ ဖာလုံပေါ်တွင် မြေသားလမ်းပြုပြင်ခြင်းနှင့် အမာခံလမ်း ငါးမိုင် ခင်းခြင်းလုပ်ငန်းအား ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၁၈၂ ဒသမ ၆၆၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်း ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ နယ်စပ်ပတ်မြေသားလမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၃ – ၂၀၁၄ ဘဏ္ဍာနှစ်တွင် မြေလမ်း ၁၄ မိုင် ၂ ဖာလုံအားလည်းကောင်း၊ ၂၀၁၄ – ၂၀၁၅ ဘဏ္ဍာနှစ်တွင် မြေလမ်း ၂၂ မိုင်အားလည်းကောင်း စုစုပေါင်း ၃၆ မိုင် ၂ ဖာလုံအား ဖောက်လုပ်ခဲ့ပြီး ယခုအခါ လမ်းရေရှည်တည်တံ့စေရန်အတွက် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

# ဘီလျံနာ ဝါရင်ဘတ်ဖက် (Warren Buffet)

*"နာမည်ကောင်းတစ်ခုရဖို့ အနှစ် ၂၀ လောက် တည်ဆောက်ရပါတယ်။ နာမည်ကောင်းကို ဖျက်ဆီးပစ်ချင်ရင် ၅ မိနစ်ပဲ လိုပါတယ်။ ဒါကို သဘောပေါက်ရင် သင်လုပ်တဲ့ အလုပ်တွေက ကျင့်ဝတ်နဲ့ ပြည့်စုံလာလိမ့်မယ်။"*

ကျော်ကျော်လှိုင်

၂၁ ရာစုတစ်လွှား လူသားအကျိုးပြုသူများ စာရင်းထဲမှာ ဝါရင်ဘတ်ဖက်ပါမှ ပြည့်စုံမှာပါ။ ကမ္ဘာပေါ်မှာ ဒုတိယအချမ်းသာဆုံးလူဖြစ်ပြီး လူမှုရေးလုပ်ငန်းတွေအတွက် လှူဒါန်းမှုအများဆုံး ပြုလုပ်ခဲ့သူ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ဒုတိယ အချမ်းသာဆုံးလူဖြစ်ရုံသာမက အမေရိကန် ပြည်ထောင်စုရဲ့ စီးပွားရေးလောကမှာလည်း ဩဇာအာဏာကြီးမားသူတစ်ယောက်လည်း ဖြစ်ပါတယ်။ ပွင့်လင်းမြင်သာတဲ့ မြန်မာနိုင်ငံအစိုးရနဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ဆက်ဆံရေးအခြေအနေဟာလည်း တစ်နေ့တခြား တိုးတက်ကောင်းမွန်လာနေပါတယ်။ အမေရိကန်နိုင်ငံက ကုမ္ပဏီကြီးတွေလည်း မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံ ဝင်ရောက်လာကြမှာ သေချာပါတယ်။ ဝါရင်ဘတ်ဖက်ရဲ့ အကြောင်းကနေ အမေရိကန်စီးပွားရေး လုပ်ငန်းရှင်တွေရဲ့အကြောင်းကို တစေ့တစောင်း လေ့လာနိုင်အောင် ဝါရင်ဘတ်ဖက်အကြောင်းကို ရေးသားခြင်း ဖြစ်ပါတယ်။

ဝါရင်ဘတ်ဖက်ရဲ့ ချမ်းသာကြွယ်ဝမှုက အမေရိကန်ဒေါ်လာ သန်းပေါင်း ၇၃ ဒသမ ၄ ဘီလီယံ ရှိပါတယ်။ အတိုင်းအတာနဲ့ပြောရရင်တော့ ထိုင်းနိုင်ငံရဲ့ ၂၀၁၇ ခုနှစ် ဇူလိုင်လ နိုင်ငံခြားငွေပိုင်ဆိုင်မှုက ၁၇၇ ဒသမ ၃ ဘီလီယံရှိတဲ့အတွက် ဝါရင်ဘတ်ဖက်ရဲ့ ချမ်းသာကြွယ်ဝမှုဟာ ထိုင်းနိုင်ငံရဲ့ နိုင်ငံခြားငွေ ပိုင်ဆိုင်မှုရဲ့ ၄၁ ရာခိုင်နှုန်းရှိတယ်လို့ ပြောလို့ရပါတယ်။

ဝါရင်ဘတ်ဖက်ရဲ့ အဓိကလုပ်ငန်းကတော့ အစုရှယ်ယာတွေကို ဝယ်ယူခြင်း၊ ရောင်းချခြင်းပဲ ဖြစ်ပါတယ်။ ကုမ္ပဏီပေါင်း ၆၄ ခုကျော်က အစုရှယ်ယာပေါင်း မြောက်မြားစွာကို ပိုင်ဆိုင်ပါတယ်။ ဘဏ်တွေ၊ Credit Card လို့ခေါ်တဲ့ အကြွေးဝယ်ကတ် ကုမ္ပဏီတွေ၊ ရေနံကုမ္ပဏီကြီးတွေ၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်တဲ့ ကုမ္ပဏီ၊ ကျန်းမာရေးဝန်ဆောင်မှုကုမ္ပဏီ၊ ကွန်ပျူတာကုမ္ပဏီ၊ အာမခံကုမ္ပဏီ စသဖြင့် စီးပွားရေးနယ်ပယ် တော်တော်များများမှာ ဝါရင်ဘတ်ဖက်က ရင်းနှီးမြှုပ်နှံထားပါတယ်။

ဝါရင်ဘတ်ဖက် ရင်းနှီးမြှုပ်နှံထားတဲ့ ကုမ္ပဏီတွေထဲမှာ အိုင်ဘီအမ် (IBM) ကုမ္ပဏီကတော့ မြန်မာနိုင်ငံမှာ ကွန်ပျူတာနဲ့ ပတ်သက်ရင် လူသိများပါတယ်။ အင်တဲ (Intel) လည်းပါပါတယ်။ အင်တဲက ကွန်ပျူတာ ပရိုဆက်ဆာတွေထုတ်တဲ့ ကုမ္ပဏီ ဖြစ်ပါတယ်။ "ဂျွန်ဆင်အင်ဂျွန်ဆင်" (Johnson & Johnson) ကတော့ အလှကုန်တွေ၊ လူသုံးကုန်တွေ ထုတ်ပါတယ်။ မြန်မာပြည်မှာ နာမည်ကြီးတဲ့ ဂျွန်ဆင် ကလေးသုံးဘေဘီပေါင်ဒါ ထုတ်ပါတယ်။ အားကစားပစ္စည်းတွေထုတ်တဲ့ နိုင်ကီ (Nike) ပါပါတယ်။ နိုင်ကီဖိနပ်ကို လူငယ်တွေရော၊ လူကြီးတွေရော ကြိုက်ကြပါတယ်။ ကရဖ်ဖူဒ် (Kraft Foods) ကုမ္ပဏီကတော့ မြန်မာနိုင်ငံမှာ လူကြိုက်များတဲ့ ကရဖ်တံဆိပ်ချိစ်တို့၊ မရောနိစ် (Mayonnise)တို့ ထုတ်ပါတယ်။ ဂလက်ဆိုစမစ်ကလိုင်း (Glaxo Smith Kline) ကတော့ ဆေးကုမ္ပဏီဖြစ်ပြီး မြန်မာနိုင်ငံမှာသုံးတဲ့ အမော့စလ် (Amoxil) အနုဇီဝဆေးတွေကို ဂလက်ဆိုစမစ်ကလိုင်းက ထုတ်ပါတယ်။

**ငယ်ဘဝအကြောင်းနဲ့ ချမ်းသာလာပုံ**

ဝါရင်ဘတ်ဖက်ကို ဩဂုတ်လ ၃၀ ရက်နေ့ ၁၉၃၀ ပြည့်နှစ်က အမေရိကန်ပြည်ထောင်စု နီဘရာစ်က (Nebraska) ပြည်နယ် အိုမာဟ (Omaha) မြို့မှာ မွေးဖွားပါတယ်။ ဝါရင်ဘတ်ဖက်ရဲ့ဖခင်က လွှတ်တော်အမတ်တစ်ဦး ဖြစ်ပါတယ်။ ၁၉၄၂ ခုနှစ်မှာ ဝါရှင်တန်ဒီစီကို ဖခင်နဲ့အတူ မိသားစုပြောင်းလာခဲ့ပါတယ်။ ကလေးဘဝကတည်းက ဝါရင်ဘတ်ဖက်က တစ်အိမ်တက်ဆင်း အချိုရည်တို့၊ မဂ္ဂဇင်းတို့ရောင်းရင်း ငွေရှာခဲ့ပါတယ်။ တခြားကလေးတွေနဲ့မတူဘဲ ငွေရှာဖို့၊ ရတဲ့ငွေကို စုဆောင်းဖို့ပဲ စိတ်ဝင်စားခဲ့ပါတယ်။ ဝါရှင်တန်ဒီစီကို ပြောင်းရွှေ့လာပြီး ဝုဒ်ဒရိုဝီလ်ဆင် (Woodrow Wilson) အထက်တန်းကျောင်းမှာ တက်ခဲ့ပါတယ်။ အထက်တန်း



ဘီလျံနာ ဝါရင်ဘတ်ဖက်

> **"ကလေးဘဝကတည်းက ဝါရင်ဘတ်ဖက်က တစ်အိမ်တက်ဆင်း အချိုရည်တို့၊ မဂ္ဂဇင်းတို့ရောင်းရင်း ငွေရှာခဲ့ပါတယ်။ တခြားကလေးတွေနဲ့မတူဘဲ ငွေရှာဖို့၊ ရတဲ့ငွေကို စုဆောင်းဖို့ပဲ စိတ်ဝင်စားခဲ့ပါတယ်။ ဝါရှင်တန်ဒီစီကို ပြောင်းရွှေ့လာပြီး ဝုဒ်ဒရိုဝီလ်ဆင် (Woodrow Wilson) အထက်တန်းကျောင်းမှာ တက်ခဲ့ပါတယ်။ အထက်တန်းကျောင်းသားဘဝမှာလည်း သတင်းစာရောင်း၊ ဂေါက်သီးဘောလုံးရောင်း၊ တံဆိပ်ခေါင်းရောင်းပြီး ငွေရှာခဲ့။"**

ကျောင်းသားဘဝမှာလည်း သတင်းစာရောင်း၊ ဂေါက်သီးဘောလုံးရောင်း၊ တံဆိပ်ခေါင်းရောင်းပြီး ငွေရှာခဲ့ပါတယ်။

**ဝင်ငွေကြေညာလွှာကို အခွန်ဌာနကို ၁၉၄၄ ခုနှစ် အသက် ၁၄ နှစ်အရွယ်မှာ ပထမဦးဆုံး တင်သွင်းပါတယ်။**

ဝင်ငွေကြေညာလွှာမှာ ဝါရင်ဘတ်ဖက်က အမေရိကန်ဒေါ်လာ ၃၅ ဒေါ်လာကို သတင်းစာပို့တဲ့နေရာမှာသုံးတဲ့ စက်ဘီးနဲ့ လက်ပတ်နာရီအတွက် သုံးရတဲ့ငွေလို့ အသုံးစရိတ်မှာ ဖော်ပြခဲ့ပါတယ်။

အသက် ၁၄ နှစ်မှာ အခွန်ဆောင်ဖို့ ဝင်ငွေကြေညာလွှာ တင်သွင်းတယ်ဆိုတာ တော်တော်ချီးကျူးဖို့ ကောင်းပါတယ်။ တိုးတက်ချမ်းသာတဲ့ နိုင်ငံတိုင်းမှာ ဝင်ငွေရှိသူတိုင်း ဝင်ငွေခွန်ဆောင်ရပါတယ်။ ဘယ်လိုနည်းနဲ့ပဲဝင်ငွေရရ ဝင်ငွေခွန်ဆောင်ရပါတယ်။ ဒါ ပြည်သူတစ်ဦးရဲ့ တာဝန်ပါ။ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်မယ်ဆိုရင် ဝင်ငွေရှိသူတိုင်း ထိုက်သင့်တဲ့ဝင်ငွေခွန်ကို ပေးဆောင်ဖို့ ပြည်သူ ပြည်သားတိုင်း မိမိတာဝန်ကို မိမိကျေဖို့ လိုပါတယ်။

၁၉၄၅ ခုနှစ် အထက်တန်းကျောင်းသားဘဝမှာ ဝါရင်ဘတ်ဖက်က သူငယ်ချင်းတစ်ဦးနဲ့ စပ်တူ ပိုက်ဆံထည့်ကာ ကစားရတဲ့ ကစားစရာစက်ကို ဝယ်ပြီး ဆံပင်ညှပ်ဆိုင်မှာ ထားပါတယ်။ လအနည်းငယ်အတွင်းမှာပဲ ရတဲ့ငွေနဲ့ စက်တွေထပ်ထပ်ဝယ်ပြီး ဆံပင်ညှပ်ဆိုင်တွေမှာ လိုက်ထားပါတယ်။ စတော့ရှယ်ယာဈေးကွက်ကို ငယ်စဉ်ကတည်းက ဝါရင်ဘတ်ဖက် အလွန်စိတ်ဝင်စားပါတယ်။ နယူးယောက်မြို့ကို အသက် ၁၀ နှစ်သားမှာ ပထမဦးဆုံး ရောက်ဖူးပါတယ်။ ရောက်တဲ့အခေါက်မှာပဲ နယူးယောက်မြို့ရဲ့ စတော့ရှယ်ယာရောင်းတဲ့ ဈေးကွက်နေရာကို ကြည့်ချင်တယ် ပူဆာလို့ ဖခင်က လိုက်ပြရပါတယ်။

အထက်တန်းကျောင်းက ၁၉၄၇ ခုနှစ်မှာ အောင်ပါတယ်။ ဒီအချိန်မှာ ဝါရင်ဘတ်ဖက်ရဲ့ လက်ထဲမှာ စုဆောင်းမိနေတဲ့ ပိုက်ဆံဟာ ယနေ့ခေတ် တန်ဖိုးနဲ့တွက်ရင် အမေရိကန်ဒေါ်လာ ၉၀၀၀၀ လောက်ရှိပါတယ်။ အထက်တန်းကျောင်းက အောင်တဲ့အခါ စီးပွားရေးတက္ကသိုလ်ကို တက်ခဲ့ပါတယ်။ အသက် ၁၉ နှစ်မှာ စီးပွားရေးစီမံခန့်ခွဲမှုဘွဲ့ ရပါတယ်။ ကိုလံဘီယာ (Columbia) စီးပွားရေးတက္ကသိုလ်မှာတက်စဉ် ဘင်ဂျမင် ဂရေဟမ် (Benjamin Graham) ရေးတဲ့ The Intelligent Investor "ဦးနှောက်သုံး၍ ရင်းနှီးမြှုပ်နှံခြင်း" စာအုပ်ကို ဖတ်ပြီးတဲ့အခါ ဝါရင်ဘတ်ဖက်က ဘင်ဂျမင်ဂရေဟမ်ကို အလွန်သဘောကျ ကြည်ညိုသွားပါတယ်။ ၁၉၅၁ ခုနှစ်ကနေ ၁၉၅၄ ခုနှစ်အထိ စတော့ရှယ်ယာတွေရောင်းတဲ့ အရောင်းစာရေးအဖြစ် ဘတ်ဖက်ဖော့က် (Buffet-Falk & Co) မှာ လုပ်ခဲ့ပါတယ်။ ၁၉၅၄ ခုနှစ်ကနေ ၁၉၅၆ ခုနှစ်အထိ ဂရေဟမ်နယူးမင် (Graham Newman) ကုမ္ပဏီမှာ လုပ်ခဲ့ပါတယ်။ ဂရေဟမ်နယူးမင် Graham-Newman ကုမ္ပဏီနာမည်မှာပါတဲ့ ဂရေဟမ်ဆိုတာ ဝါရင်ဘတ်ဖက် ကြည်ညိုတဲ့ စာရေးဆရာ ဘင်ဂျမင်ဂရေဟမ် ပါပဲ။

၁၉၅၆ ခုနှစ်မှာတော့ ဝါရင်ဘတ်ဖက်ဟာ သူမွေးဖွားခဲ့တဲ့ အိုမာဟမြို့မှာ ဘတ်ဖက် အကျိုးတူလုပ်ငန်း (Buffet Partnership) လို့ခေါ်တဲ့ ဘတ်ဖက်ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီကိုထောင်ပြီး ပါတနာတွေကို ဖိတ်ခေါ်ပါတယ်။ ၁၉၆၀ ပြည့်နှစ်မှာတော့ ဘတ်ဖက်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီက အကျိုးတူ ရင်းနှီးမြှုပ်နှံမှု ခုနစ်ခု လုပ်ကိုင်လာနိုင်ပါတယ်။ ၁၉၆၂ ခုနှစ်မှာ ဝါရင်ဘတ်ဖက်က မီလျံနာ ဖြစ်လာပါတယ်။ ၁၉၆၂ ခုနှစ် ဇန်နဝါရီလမှာ ဘတ်ဖက်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီရဲ့ ပိုင်ဆိုင်မှုက အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော်ရှိပြီး ဝါရင်ဘတ်ဖက်ရဲ့ ပိုင်ဆိုင်မှုက တစ်သန်းကျော် ပါပါတယ်။

အသက် ၃၂ နှစ်ကတည်းက ဝါရင်ဘတ်ဖက်က မီလျံနာတစ်ယောက် ဖြစ်ခဲ့ပါတယ်။ ၁၉၆၅ ခုနှစ်မှာ ချည်မျှင်နဲ့ အထည်ထုတ်လုပ်တဲ့ ဘက်ရှိုင်းယာဟာသာဝေး (Berkshire Hathaway) ကုမ္ပဏီရဲ့ ရှယ်ယာအမြောက်အမြားကို ဝယ်ယူပြီး ဘက်ရှိုင်းယာဟာသာဝေးကုမ္ပဏီကို ဦးဆောင်ခဲ့ပါတယ်။ ၁၉၆၅ ခုနှစ်ကနေ ၁၉၉၀ ပြည့်နှစ်အထိ ဝါရင်ဘတ်ဖက်ဟာ ဘက်ရှိုင်းယာဟာသာဝေးကုမ္ပဏီ နာမည်နဲ့ ကုမ္ပဏီပေါင်းများစွာရဲ့ ရှယ်ယာတွေကို ဝယ်ယူခဲ့ပါတယ်။ ၁၉၇၀ ပြည့်နှစ်မှာ ဘက်ရှိုင်းယာဟာသာဝေး ကုမ္ပဏီရဲ့ စီအီးအို ဖြစ်လာပါတယ်။ ဝါရင်ဘတ်ဖက်ဝယ်ခဲ့တဲ့ အစုရှယ်ယာတွေထဲမှာ ၁၉၈၈ ခုနှစ်မှာဝယ်ခဲ့တဲ့ ကိုကာကိုလာ ရှယ်ယာတွေက ဝါရင်ဘတ်ဖက်ကို အကျိုးအများကြီးပြုခဲ့ပါတယ်။ ကိုကာကိုလာဆိုတာ အချိုရည်ကုမ္ပဏီပါ။ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ဖိုး ကိုကာကိုလာ ရှယ်ယာတွေ ဝယ်ပါတယ်။ ကုမ္ပဏီရဲ့ ခုနစ်ရာခိုင်နှုန်းလောက် ပိုင်သွားပါတယ်။

**ဘီလျံနာ ဝါရင်ဘတ်ဖက်**

၁၉၆၅ ခုနှစ်မှာ ရှယ်ယာတစ်စောင်ကို အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈၆ နဲ့ ဝယ်ခဲ့တဲ့ "ဘက်ရှိုင်းယာဟာသာဝေး" ကုမ္ပဏီဟာ ၁၉၉၀ ပြည့်နှစ်မှာ ရှယ်ယာတစ်စောင်ကို အမေရိကန်ဒေါ်လာ ၇၀၀၀ ကျော် ဖြစ်လာပါတယ်။ ၁၉၉၀ ပြည့်နှစ် မေလမှာ ရှယ်ယာတစ်စောင်ကို အမေရိကန်ဒေါ်လာ ၇၀၀၀ ကျော်နဲ့ ရှယ်ယာတွေ ထုတ်ရောင်းလိုက်တဲ့အခါမှာတော့ ဝါရင်ဘတ်ဖက်ဟာ ဘီလျံနာ ဖြစ်လာပါတယ်။

**လူမှုရေးဆောင်ရွက်ချက်များ**

၂၀၀၆ ခုနှစ် ဇွန်လမှာ ဝါရင်ဘတ်ဖက်က သူ့ပိုင်ဆိုင်မှုရဲ့ ၈၃ ရာခိုင်နှုန်းကိုလှူမယ်လို့ကြေညာခဲ့ပါတယ်။ ကြေညာပြီး ဇွန်လ ၂၃ ရက်နေ့မှာ ဘီလ်နဲ့ မီလင်ဒါဂိတ်ဖောင်ဒေးရှင်းကို အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော် လှူခဲ့ပါတယ်။ သမိုင်းမှာတော့ အများဆုံးလှူခဲ့တာ ဖြစ်လာပါတယ်။ ၂၀၀၂ ခုနှစ်ကလည်း အကြံပေးအဖြစ် လုပ်ကိုင်ခဲ့တဲ့ အဏုမြူအန္တရာယ်ကာကွယ်ရေး အင်ဂျီအိုအဖွဲ့ကို အမေရိကန်ဒေါ်လာ သန်း ၅၀ လှူခဲ့ပါတယ်။ စိတ်ဝင်စားစရာကောင်းတာကတော့ ဝါရင်ဘတ်ဖက်က သူနဲ့ နေ့လယ်စာစားဖို့ကို ၂၀၀၇ ခုနှစ်က စပြီး လေလံပစ်ပါတယ်။ ၂၀၀၇ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ခြောက်သိန်းခွဲ၊ မြန်မာငွေနဲ့ ပြောရရင် သိန်းရှစ်ထောင့်ခုနစ်ရာကျော်နဲ့ မိုနစ်ရှ်ပါဘရာ (Mr. MohnishPabrai)နဲ့ မစ်စတာဂိုင်စပီယာ (Guy Spier)က ပူးတွဲ လေလံအောင်သွားပါတယ်။ ဝါရင်ဘတ်ဖက်ကရတဲ့ ဒေါ်လာခြောက်သိန်းခွဲ အားလုံးကို ကလိုဒ် (Clide Foundation) ဖောင်ဒေးရှင်းကို လှူပါတယ်။

**စာမျက်နှာ ၂၁ သို့** ✪

# တပ်မတော်က အခြေပြုလျက်ရှိသော ထီးမူထစခန်းအား KNLA တပ်မဟာ(၅) လက်အောက်ခံတပ်ဖွဲ့ဝင်များ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်

**နေပြည်တော် မတ် ၂၈**

ဖာပွန်ခရိုင်အတွင်းရှိ ထီးမူထကျေးရွာအနီး တပ်မတော်စခန်းတစ်ခုကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် KNLAမှ ဘောကျော်ဟဲဦးဆောင်မှုဖြင့် KNLA တပ်မဟာ (၅) တပ်ဖွဲ့ဝင်တို့က အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။



KNU အနေဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတကာနှင့် တိုင်းရင်းသားခေါင်းဆောင်များ အသိသက်သေဖြင့် NCA လက်မှတ်ရေးထိုးထားခဲ့သည့် အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ ၎င်းအဖွဲ့အစည်းမှ တပ်မဟာ(၅)အနေဖြင့် ဘောကျော်ဟဲ၏ သီးခြားညွှန်ကြားချက်ဖြင့် တပ်မတော်၏ရိက္ခာစုပုံမှုများတွင် ကားမိုင်းထောင်တိုက်ခိုက်ခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူပြုစေမည့် လမ်းကြောင်းများဖောက်လုပ်ရာတွင် နှောင့်ယှက်တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များသို့ လက်နက်ကြီးများဖြင့် အဝေးမှ ပစ်ခတ်တိုက်ခိုက်ခြင်းများကို နည်းမျိုးစုံ အကြောင်းအမျိုးမျိုးပြလျက် NCA ပျက်စီးစေရန် ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ပြည့်နှစ် ဇန်နဝါရီလမှ ယနေ့အထိ ကားမိုင်းထောင်တိုက်ခိုက်ခြင်း ရှစ်ကြိမ် ဆောင်ရွက်ခဲ့ပြီး တပ်မတော်မှ လုပ်ငန်းယာဉ်ကိုးစီး ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့အပြင် ချောင်းမြောင်း နှောင့်ယှက်ပစ်ခတ်ခြင်း ၂၅ ကြိမ်ပြုလုပ်ခဲ့ပြီး ယခုရက်ပိုင်းအတွင်း တပ်ဌာနချုပ်များသို့ ၁၀၇ မမရှော့တိုက်ဖြင့် ပစ်ခတ်မှုအနေဖြင့် ဘားအံတပ်နယ်၊ သထုံတပ်နယ်၊ တောင်ငူတပ်နယ်၊ ဘောနက်ကြီးတပ်နယ်များရှိ တပ်ဌာနချုပ်များသို့ တစ်ကြိမ်စီ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အပြင် မော်လမြိုင်တပ်နယ်အတွင်း အရပ်ဘက်ပစ်မှတ်များပါ ပစ်ခတ်ရန်ကြိုးပမ်းမှုတစ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

အထက်ပါ ပစ်ခတ်တိုက်ခိုက်မှုများနှင့် ပတ်သက်၍ တပ်မတော်သည် ထာဝရငြိမ်းချမ်းရေးကို ထောက်ရှုသောအားဖြင့် စိတ်ရှည်သည်းခံစွာ KNU ဗဟိုရှိ တာဝန်ရှိသူများအား အကြိမ်ကြိမ်သတိပေးခြင်း၊ ကန့်ကွက်ခြင်းနှင့် NCA စာချုပ်ပါ အချက်များအား လိုက်နာရန်အသိပေးခြင်းများကို ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့မှ တစ်ဆင့် နှုတ်ဖြင့်လည်းကောင်း၊ တရားဝင်စာဖြင့်လည်းကောင်း အကြိမ်ကြိမ် အကြောင်းကြားခဲ့သည်။ သို့သော် KNU ဗဟိုဦးစီးကော်မတီဝင်များနှင့် KNLA စစ်ဦးစီးချုပ်တို့၏ တားမြစ်ချက်ကိုပင် KNLA တပ်မဟာ (၅) အနေဖြင့် လိုက်နာမှုမရှိဘဲ NCA ပျက်စီးစေရန် ဆက်တိုက်ဆောင်ရွက်လျက်ရှိနေသဖြင့် တာဝန်ရှိခေါင်းဆောင်များထံ လက်အောက်သို့ ထိန်းသိမ်းနိုင်ရေးအသိပေးအကြောင်းကြားခဲ့ရာ KNU ဗဟိုအနေဖြင့် NCA လမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းမည်ဖြစ်ပြီး တပ်မဟာ(၅) ၏ လုပ်ဆောင်မှုများတွင် KNU ဗဟို၏ သဘောဆန္ဒပါဝင်မှုမရှိကြောင်း၊ ဒုတိယစစ်ဦးစီးချုပ်အဆင့်ရှိသူ ဘောကျော်ဟဲမှာ အမိန့်နာခံမှုမရှိဘဲ တပ်မဟာ(၅)မှ တပ်ဖွဲ့ဝင်များဖြင့် NCA ချိုးဖောက်မှုများ ဆောင်ရွက်နေပြီး ငြိမ်းချမ်းရေးပျက်ပြားအောင် ဆောင်ရွက်လျက်ရှိသဖြင့် တပ်မတော်အနေဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ကြောင်း အကြောင်းပြန်ကြားလာခဲ့သည်။

KNU တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ငြိမ်းချမ်းရေးကို လိုလားလျက် ငြိမ်းချမ်းရေးအတွက် အခြေခံသဘောတူညီမှုဖြစ်သည့် NCA တွင် ဆက်လက်လျှောက်လှမ်းလိုသော်လည်း ဘောကျော်ဟဲ၏ ကျဉ်းမြောင်းသော လူမျိုးရေးစိတ်ဓာတ်ဖြင့် စစ်မက်လိုလားမှုအပေါ်တွင် ဒေသခံများက ကြောက်ရွံ့စိုးရိမ်ပူပန်လျက်ရှိပြီး ယခုဖြစ်စဉ်တွင် NCA သဘောတူညီမှုများနှင့်အညီ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စခန်းများကို ထိခိုက်ဆုံးရှုံးအောင် တပ်မဟာ (၅) အနေဖြင့် NCA ကို လိုက်နာမှုမရှိဘဲ တိုက်ခိုက်လာမှုသည် သည်းခံနိုင်မှုအတိုင်းအတာထက် ကျော်လွန်လာသဖြင့် မတ်၂၇ ရက်မှ စတင်ကာ ပြုလုပ်သင့် ပြုလုပ်ထိုက်သည်များကို တပ်မတော်အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၂၀ မှ

လေလံဆွဲသူတွေက ဝါရင်ဘတ်ဖက်ဆီက အကြံဉာဏ်တွေ၊ အတွေးအခေါ်တွေကို လေ့လာသင်ယူချင်တာလည်း ပါပါတယ်။ ၂၀၀၈ ခုနှစ်မှာတော့ တရုတ်ပြည်က မစ်စတာဇောဒန်ယန် (Mr. Zhao Danyang)က အမေရိကန်ဒေါ်လာ နှစ်သန်းကျော်ပေးပြီး ဝါရင်ဘတ်ဖက်နဲ့ နေ့လယ်စာစားဖို့ လေလံဆွဲသွားပါတယ်။

၁၉၅၈ ခုနှစ်က အမေရိကန်ဒေါ်လာ သုံးသောင်းကျော်နဲ့ ဝယ်ခဲ့တဲ့အိမ်မှာပဲ ဘီလျံနာသူဌေးကြီး ဝါရင်ဘတ်ဖက် နေနေဆဲပါ။ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ မှတ်တမ်းအရကတော့ ဝါရင်ဘတ်ဖက်က ဟန်းဖုန်းမကိုင်ပါဘူး။ စားပွဲပေါ်မှာ ကွန်ပျူတာ မရှိပါဘူး။ ကိုယ့်ကားကိုယ်မောင်းပါတယ်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ချက်များ**

သဘာဝပတ်ဝန်းကျင်ကိုလည်း အလေးထားပါတယ်။ ၂၀၀၇ ခုနှစ်မှာ ဒေသနေလူအများက ဝါရင်ဘတ်ဖက်ဆီကို စာရေးပြီး ဝိုင်းဝန်းကန့်ကွက်တဲ့အတွက် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ ခြောက်ရုံဆောက်ဖို့ စီမံကိန်းကို ဖျက်သိမ်းခဲ့ပါတယ်။

၂၀၁၁ ခုနှစ်မှာတော့ နေရောင်ခြည်စွမ်းအင်ကနေ လျှပ်စစ်ထုတ်တဲ့ စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် မြှုပ်နှံခဲ့ပါတယ်။ လေအားကနေ လျှပ်စစ်ထုတ်တဲ့ လေအားလျှပ်စစ်တွေလည်း ပိုင်ပါတယ်။

**မှတ်သားဖွယ်ရာ ဝါရင်ဘတ်ဖက်၏ အဆိုအမိန့်များ**

ပထမတစ်ခုကတော့ စီးပွားရေးစလုပ်မယ့် လူငယ်တွေအတွက်ပါ။

**ဥပဒေသ (၁) ရှုံးမည့်အလုပ်ကို မလုပ်ပါနဲ့။**
**ဥပဒေသ (၂) ဥပဒေသ (၁)ကို ဘယ်တော့မှ မမေ့ပါနဲ့။**

ဒုတိယတစ်ခုကတော့ ဘဝနဲ့ ပတ်သက်ပါတယ်။

**ဘဝမှာ အမှားတွေအများကြီးမလုပ်ရင် မှန်တာနည်းနည်းပဲ လုပ်ဖို့လိုပါတယ်။**

❖❖❖

## *ဝါရင်ဘတ်ဖက်၏ အောင်မြင်မှုမှ အတုယူစရာများ*

**ပထမအချက်**

အသက် ၁၄ နှစ်သားကတည်းက အခွန်ထမ်းဆောင်ခဲ့ပါတယ်။ တာဝန်သိတတ်၊ တာဝန်ကျေသော နိုင်ငံသားတစ်ဦးဖြစ်ပါတယ်။

**ဒုတိယအချက်**

ငယ်စဉ်ကတည်းက ခြိုးခြံချွေတာပြီး ငွေကို စေ့စေ့စပ်စပ် သုံးတတ်သူဖြစ်ပါတယ်။ ဒီအချက်က ကမ္ဘာပေါ်မှာ ဒုတိယအချမ်းသာဆုံးလူဘဝကိုရောက်စေတဲ့ အကြောင်းတရားတစ်ခုဖြစ်ပါတယ်။

**တတိယအချက်**

အလှူအတန်း ရက်ရောသူတစ်ဦးဖြစ်ပါတယ်။

**စတုတ္ထအချက်**

၁၉၅၈ ခုနှစ်က ဝယ်ခဲ့တဲ့ အိမ်မှာပင်နေဆဲဆိုတာကို ကြည့်လျှင်အလွန်ရောင့်ရဲတင်းတိမ်နိုင်သော ဘီလျံနာကြီးဖြစ်ပါတယ်။

(ဆရာ ကျော်ကျော်လှိုင်၏ “၂၁ ရာစု တစ်လွှား လူသားအကျိုးပြု၍ ချမ်းသာအောင်မြင်လာသူများ” စာအုပ်မှ “ဘီလျံနာ ဝါရင်ဘတ်ဖက် (Warren Buffet)” အတ္ထုပ္ပတ္တိဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း)

## မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မတ် ၂၈**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက် ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



စာပေမြင့်မှ လူမျိုးတင့်မည်

# အသိပေးကြေညာချက်

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တို့အား လိုက်နာခြင်းမရှိဘဲ ဆူပူဆန္ဒဖော်ထုတ်လျက်ရှိသူများသည် လုံခြုံရေးတာဝန်ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အချို့အား လုပ်ငန်းတာဝန် ဆောင်ရွက်၍မရအောင် တိုက်ခိုက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ရိုက်ပုတ်ထိုးနှက်ခြင်း၊ အလားတူ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများအား CDM ပြုလုပ်စေရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း၊ အငြိမ်းစားတပ်မတော်သားများ၊ အငြိမ်းစား ရဲတပ်ဖွဲ့ဝင်များနှင့် အချို့သော ပြည်သူလူထုအား ရဲသတင်းပေး၊ စစ်သတင်းပေးဟု စွပ်စွဲကာ မတရားဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရိုက်ပုတ်ထိုးကြိတ်ခြင်း၊ အရှက်ရစေရန် ကတုံးတုံးခြင်း၊ ဆံပင်ထိပ်ကွက်ခြင်း၊ မျက်ခုံးမွေးရိတ်ခြင်း၊ ရာသက်ပန် ရုပ်အဆင်းပျက်စေရန်နှင့် အရှက်ရစေရန် မျက်နှာအား တက်တူးထိုးခြင်းများ စသည့် မင်းမဲ့စရိုက်ဆန်စွာ ညှဉ်းပန်းနှိပ်စက်ပြုမူ ကျူးလွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၂။ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း မပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၁၈၆၊ ၁၈၉ နှင့် ၃၅၃ အရ လည်းကောင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်းများပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၃၃၂၊ ၃၃၃၊ ၃၄၂ အရ လည်းကောင်း၊ မျက်နှာကို အမြဲရုပ်ဆင်းပျက်အောင်ပြုလုပ်ပြီး နာကျင်စေမှု ကျူးလွန်ပါက ရာဇသတ်ကြီး ပုဒ်မ ၃၂၅၊ ၃၂၆ ဖြင့်လည်းကောင်း၊ တစ်ဦးတစ်ယောက်အား အရှက်ရစေရန် ကတုံးတုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်း စသည်ဖြင့်ပြုလုပ်ပါက လူ့ဂုဏ်သိက္ခာကို ကျဆင်းအောင် ပြုလုပ်ခြင်းဖြစ်သဖြင့် ရာဇသတ်ကြီး ပုဒ်မ ၃၅၂၊ ၃၅၄ နှင့် ပုဒ်မ ၅၀၀ ဖြင့် လည်းကောင်း၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား CDM ပြုလုပ်ရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၅၀၅–က၊ ၅၀၆ နှင့် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် လည်းကောင်း အရေးယူနိုင်ပြီး အမြင့်ဆုံးပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ် ၂၀ နှစ်အထိ ကျခံစေနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် မိမိတို့အား အထက်ဖော်ပြပါ ကျူးလွန်မှုများ ကျူးလွန်လာလျှင်ဖြစ်စေ၊ ကျူးလွန်ခံရနိုင်သည့် အန္တရာယ်ရှိလာလျှင် ဖြစ်စေ နီးစပ်ရာရဲစခန်းသို့လည်းကောင်း၊ မိမိတို့နေထိုင်ရာ နယ်မြေဒေသရှိ ခရိုင်အလိုက် အောက်တွင် ဖော်ပြထားသော တယ်လီဖုန်းနံပါတ်များသို့လည်းကောင်း သတင်းပို့ တိုင်တန်းနိုင်ကြောင်းနှင့် သတင်းပို့ တိုင်တန်းလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ ချက်ချင်းအရေးယူ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၄။ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ လုပ်ငန်းတာဝန် ထမ်းဆောင်ခြင်းမပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်းများ စသည့်ကျူးလွန်ခံရမှုများရှိလာပါက မှတ်တမ်းဓာတ်ပုံအထောက်အထားများနှင့်တကွ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေးအတွက် မှတ်တမ်းဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းဖိုင်များ ပေးပို့နိုင်ရေး သက်ဆိုင်ရာ ခရိုင်အလိုက် ဖော်ပြထားသော Viber ဖုန်းနံပါတ်များသို့ ပေးပို့တိုင်ကြားနိုင်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်–

**နေပြည်တော်ရဲတပ်ဖွဲ့**

(က) ဥတ္တရသီရိခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၆၇ ၅၅၀၁၉၁၊ ၀၆၇ ၅၅၀၁၉၂၊ ၀၆၇ ၅၅၀၀၄၁
Viber Phone – ၀၉ ၄၂၅၂၈၃၃၃၄

(ခ) ဒက္ခိဏသီရိခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၆၇ ၅၅၀၁၉၃၊ ၀၆၇ ၅၅၀၃၈၈၊ ၀၆၇ ၅၅၀၀၄၂
Viber Phone – ၀၉ ၄၅၀၈၄၀၈၈၈

**ကချင်ပြည်နယ်ရဲတပ်ဖွဲ့**

(က) မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၈၈၀၈၂၅၆၉၄၊ ၀၉ ၈၈၀၈၂၅၆၉၅၊ ၀၉ ၈၈၀၈၂၅၆၉၆
Viber Phone – ၀၉ ၇၉၄၆၁၁၃၅၁

(ခ) ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၈၈၀၈၂၅၇၀၀၊ ၀၉ ၈၈၀၈၂၅၇၀၁၊ ၀၉ ၈၈၀၈၂၅၇၀၂
Viber Phone – ၀၉ ၄၂၀၁၆၇၁၂၆

(ဂ) မိုးညှင်းခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၈၈၀၈၂၅၆၉၇၊ ၀၉ ၈၈၀၈၂၅၆၉၈၊ ၀၉ ၈၈၀၈၂၅၆၉၉
Viber Phone – ၀၉ ၄၀၃၇၃၉၁၆၃

(ဃ) ပူတာအိုခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၈၈၀၈၂၅၆၇၅၊ ၀၉ ၈၈၀၈၂၅၆၇၆၊ ၀၉ ၈၈၀၈၂၅၆၇၇
Viber Phone – ၀၉ ၂၅၀၃၄၄၂၁၉

**ကယားပြည်နယ်ရဲတပ်ဖွဲ့**

(က) လွိုင်ကော်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၂၆၄၂၉၀၃၁၂၊ ၀၉ ၂၆၄၂၉၀၃၄၇၊ ၀၉ ၂၆၄၂၉၀၃၄၂
Viber Phone – ၀၉ ၇၇၇၇၄၁၉၈၀

(ခ) ဘော်လခဲခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၂၆၄၂၉၀၂၁၇၊ ၀၉ ၂၆၄၂၉၀၂၆၆၊ ၀၉ ၂၆၄၂၉၀၂၆၈
Viber Phone – ၀၉ ၂၅၈၂၈၆၉၉၂

**ကရင်ပြည်နယ်**

(က) ဘားအံခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၄၄၈၁၂၅၃၀၁၊ ၀၉ ၈၈၀၄၇၄၈၈၃၊ ၀၉ ၈၈၃၂၉၉၆၈၂
Viber Phone – ၀၉ ၂၅၇၂၇၉၁၅၇

(ခ) ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၂၆၀၅၃၂၂၀၃၊ ၀၉ ၆၆၄၉၄၆၅၁၉၊ ၀၉ ၇၇၄၃၈၃၇၅၉
Viber Phone – ၀၉ ၄၀၉၇၀၁၉၇၂

(ဂ) မြဝတီခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၄၂၂၆၈၉၈၉၉၊ ၀၉ ၆၆၄၈၅၇၇၈၅၊ ၀၉ ၇၄၀၈၄၇၉၅၀
Viber Phone – ၀၉ ၅၁၃၂၅၁၁

(ဃ) ဖာပွန်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၄၂၈၂၁၂၃၁၃၊ ၀၉ ၆၉၂၉၅၅၅၅၇၊ ၀၉ ၈၈၂၉၁၇၅၉၆
Viber Phone – ၀၉ ၄၀၀၄၅၅၁၅၆

**ချင်းပြည်နယ်ရဲတပ်ဖွဲ့**

(က) မင်းတပ်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၇၇၄၆၅၇၁၅၄၊ ၀၉ ၈၈၀၄၇၄၈၈၃၊ ၀၉ ၈၈၃၂၉၉၆၈၂
Viber Phone – ၀၉ ၂၅၉၈၃၉၂၆၀

(ခ) မတူပီခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၄၄၉၆၁၅၅၀၁၊ ၀၉ ၄၄၉၆၁၅၆၁၈၊ ၀၉ ၄၂၂၉၁၁၄၂၇
Viber Phone – ၀၉ ၄၀၀၄၅၅၁၉၉

(ဂ) ဖလမ်းခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၄၂၂၆၈၉၈၉၉၊ ၀၉ ၄၂၇၉၈၅၀၉၁၊ ၀၉ ၄၂၆၄၁၉၉၉၂
Viber Phone – ၀၉ ၂၃၀၀၈၁၇

(ဃ) ဟားခါးခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၄၄၃၆၆၇၆၂၆၊ ၀၉ ၄၄၃၄၀၈၁၀၀၊ ၀၉ ၂၅၈၇၄၅၉၂၈
Viber Phone – ၀၉ ၄၄၄၇၇၆၆၅၉

**စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၆၈၀၁၅၁၀၉၉၊ ၀၉ ၆၈၀၇၄၅၈၉၉၊ ၀၉ ၆၈၀၃၇၄၉၇၄
Viber Phone – ၀၉ ၄၂၀၇၃၆၈၂၇

(ခ) ရွှေဘိုခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၂၅၈၄၆၆၆၆၈၊ ၀၉ ၄၃၀၃၄၄၆၃၊ ၀၉ ၇၉၃၁၇၇၉၃၁
Viber Phone – ၀၉ ၂၅၈၄၆၆၆၈

(ဂ) ကန့်ဘလူခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၄၄၈၅၀၃၂၈၊ ၀၉ ၉၉၇၈၈၃၀၂၅၆၊ ၀၉ ၇၅၉၆၉၈၇၈၃
Viber Phone – ၀၉ ၂၅၉၁၀၇၀၇၂

(ဃ) မုံရွာခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၂၆၀၀၉၃၂၀၇၊ ၀၉ ၂၃၀၀၉၄၂၊ ၀၉ ၄၀၂၅၄၇၁၃၉
Viber Phone – ၀၉ ၄၅၈၀၂၅၄၁၉

(င) ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၂၆၂၅၆၀၇၄၃၊ ၀၇၁ ၇၃၁၃၁၊ ၀၇၁ ၇၃၁၃၃
Viber Phone – ၀၉ ၉၅၁၄၉၅၄၀၉

(စ) ကသာခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၇၅ ၂၅၁၀၁၄၊ ၀၉ ၂၅၉၈၅၁၅၈၁၊ ၀၉ ၇၇၅၇၄၅၃၆၉
Viber Phone – ၀၉ ၄၂၁၀၇၁၃၆၉

(ဆ) ကလေးခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၄၂၀၇၂၀၅၃၅၊ ၀၉ ၉၇၀၄၆၀၂၅၈၊ ၀၉ ၆၈၆၈၀၄၉၀၁
Viber Phone – ၀၉ ၄၀၂၅၀၈၄၆၈

(ဇ) ခန္တီးခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၇၃ ၂၄၈၁၀၀၊ ၀၉ ၄၂၀၇၄၁၁၉၈၊ ၀၉ ၂၆၂၆၉၀၁၂၃
Viber Phone – ၀၉ ၈၈၀၀၈၇၃၄၀

(ဈ) မော်လိုက်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၅၁၉၀၄၈၁၊ ၀၉ ၄၂၁၅၉၉၉၉၅၊ ၀၉ ၄၂၂၄၆၅၇၈၃
Viber Phone – ၀၉ ၈၈၉၂၉၁၉၄၀

(ည) တမူးခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၇၃ ၄၀၂၇၇၊ ၀၉ ၉၇၄၈၃၂၁၈၃၊ ၀၉ ၇၅၅၆၂၄၄၂၉
Viber Phone – ၀၉ ၇၆၄၄၂၂၆၇၄

**တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ထားဝယ်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၂၅၁၁၃၈၅၇၇၊ ၀၉ ၄၄၇၉၂၀၂၇၃၊ ၀၉ ၆၆၉၉၀၅၂၈၁
Viber Phone – ၀၉ ၆၆၉၉၀၅၂၈၁

(ခ) မြိတ်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၂၅၆၄၄၅၄၂၄၊ ၀၉ ၈၉၆၉၉၉၆၈၄၊ ၀၉ ၆၇၉၄၉၆၆၃၁
Viber Phone – ၀၉ ၇၅၅၁၀၀၇၅၇

(ဂ) ကော့သောင်းခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၈၉၅၉၁၂၁၆၉၊ ၀၉ ၆၆၈၈၈၈၁၉၉၊ ၀၉ ၂၅၃၅၈၃၅၀၉
Viber Phone – ၀၉ ၈၉၅၉၁၂၁၆၉

**ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ပဲခူးခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၄၂၀၁၇၅၀၁၆၊ ၀၉ ၄၄၇၂၈၂၇၇၄၊ ၀၉ ၇၉၄၈၆၁၅၀၆
Viber Phone – ၀၉ ၄၀၀၅၄၀၁၄၀

(ခ) တောင်ငူခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၂၅၀၀၅၉၅၂၀၊ ၀၉ ၂၅၄၀၃၃၃၉၃၊ ၀၉ ၉၆၉၇၇၃၉၀၇
Viber Phone – ၀၉ ၂၅၀၉၉၉၇၄၇

(ဂ) ပြည်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၄၂၃၆၆၄၂၉၄၊ ၀၉ ၄၂၃၆၈၄၈၆၀၊ ၀၉ ၄၂၅၅၅၁၇၃၆
Viber Phone – ၀၉ ၄၄၃၁၃၅၅၂၀

(ဃ) သာယာဝတီခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၄၃၀၈၁၁၇၀၊ ၀၉ ၄၃၀၇၁၈၆၉၊ ၀၉ ၂၅၄၂၉၀၃၈၅
Viber Phone – ၀၉ ၇၉၆၅၈၄၆၃၇

**မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) မကွေးခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၄၂၅၄၈၅၈၂၂၊ ၀၉ ၂၆၁၀၁၇၁၇၅၊ ၀၉ ၂၆၁၀၁၇၁၁၆
Viber Phone – ၀၉ ၉၅၄၂၀၆၀၆၁

(ခ) မင်းဘူးခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၂၆၁၀၁၇၄၄၅၊ ၀၉ ၂၆၁၀၁၇၄၂၅၊ ၀၉ ၂၆၁၀၁၇၁၀၅
Viber Phone – ၀၉ ၄၀၀၃၁၁၁၁၀

(ဂ) သရက်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၂၆၁၀၁၇၂၃၈၊ ၀၉ ၂၆၁၀၁၇၀၄၀၊ ၀၉ ၂၆၁၀၁၇၂၈၈
Viber Phone – ၀၉ ၇၉၄၄၄၇၂၈၀

(ဃ) ပခုက္ကူခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၂၆၁၀၁၇၅၄၈၊ ၀၉ ၂၆၁၀၁၇၃၁၇၊ ၀၉ ၂၆၁၀၁၇၂၅၇
Viber Phone – ၀၉ ၂၅၇၀၈၀၀၉၈

(င) ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၄၂၅၄၈၅၈၁၈၊ ၀၉ ၄၂၅၄၈၅၈၁၃၊ ၀၉ ၄၂၅၄၈၅၈၃၄
Viber Phone – ၀၉ ၉၇၃၃၇၃၆၈၈

**မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) မန္တလေးခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၉၇၃၇၁၅၄၃၈၊ ၀၉ ၈၈၉၈၄၆၄၆၄၊ ၀၉ ၈၈၉၈၅၈၇၈၈
Viber Phone – ၀၉ ၉၆၉၉၅၆၄၇၂

(ခ) ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၇၇၇၈၄၇၂၇၈၊ ၀၉ ၇၉၄၁၉၅၆၈၃၊ ၀၉ ၉၆၉၆၂၉၈၂၈
Viber Phone – ၀၉ ၄၂၀၇၆၀၂၄၆

(ဂ) မြင်းခြံခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၄၀၀၁၀၃၃၆၉၊ ၀၉ ၄၀၀၁၀၃၃၇၄၊ ၀၉၄၀၀၁၀၄၉၃၃
Viber Phone – ၀၉ ၆၈၁၁၅၃၄၅၃

(ဃ) မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့ — ဖုန်း– ၀၉ ၇၅၇၁၈၂၂၃၈၊ ၀၉ ၄၀၀၁၀၄၆၁၁၊ ၀၉ ၄၀၀၁၀၁၁၂၄
Viber Phone – ၀၉ ၄၄၀၁၄၂၆၆၇

စာမျက်နှာ ၂၃ သို့ ✻

✻ စာမျက်နှာ ၂၂ မှ

(င) ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၂၆၉၉၊ ၀၉ ၄၀၀၁၀၂၈၉၉၊ ၀၉ ၄၀၀၁၀၂၈၁၁
Viber Phone – ၀၉ ၄၀၃၇၄၂၂၆၅

(စ) ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၁၁၁၄၁၁၂၊ ၀၉ ၇၉၄၂၀၈၉၆၀၊ ၀၉ ၇၉၂၄၄၄၈၅၂
Viber Phone – ၀၉ ၇၈၅၀၈၂၆၁၅

(ဆ) ညောင်ဦးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၃၃၂၈၊ ၀၉ ၄၀၀၁၀၃၃၄၈၊ ၀၉ ၄၀၀၁၀၃၃၈၆
Viber Phone – ၀၉ ၄၂၀၂၅၁၄၈၄

**မွန်ပြည်နယ်ရဲတပ်ဖွဲ့**

(က) မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၅၆၂၅၃၈၉၂၊ ၀၉ ၆၈၄၇၃၈၃၉၅၊ ၀၉ ၆၈၂၇၈၇၈၈၂
Viber Phone – ၀၉ ၂၅၅၈၅၄၄၁၀

(ခ) သထုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၃၃၃၂၇၄၄၊ ၀၉ ၄၂၃၃၃၂၇၄၅၊ ၀၉ ၄၂၃၃၃၂၇၄၆
Viber Phone – ၀၉ ၂၅၅၇၁၁၁၇၄

**ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့**

(က) စစ်တွေခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၈၆၂၉၄၅၂၅၊ ၀၉ ၆၈၉၃၁၈၄၂၇၊ ၀၉ ၆၈၈၉၀၀၇၈၇
Viber Phone – ၀၉ ၄၂၁၀၀၄၂၁၈

(ခ) မြောက်ဦးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၉၉၅၀၈၈၈၄၊ ၀၉ ၆၇၁၀၀၅၆၇၁၊ ၀၉ ၆၈၃၉၇၂၀၉၃
Viber Phone – ၀၉ ၇၈၉၉၇၈၃၇၃

(ဂ) မောင်တောခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၆၂၄၄၁၃၃၆၊ ၀၉ ၆၉၀၈၇၅၄၈၀၊ ၀၉ ၆၉၄၃၅၉၄၀၂
Viber Phone – ၀၉ ၄၀၂၅၄၇၂၄၄

(ဃ) ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၃၂၃၉၉၆၆၊ ၀၉ ၄၂၃၂၃၉၉၆၇၊ ၀၉ ၄၂၃၂၃၉၉၆၈
Viber Phone – ၀၉ ၄၀၁၅၈၂၂၃၆

(င) သံတွဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၇၈၄၄၃၇၁၃၊ ၀၉ ၆၇၂၉၃၇၃၄၈၊ ၀၉ ၉၆၉၁၇၉၆၆၁
Viber Phone – ၀၉ ၂၅၄၃၁၅၂၉၉

**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၂၉၆၆၊ ၀၉ ၄၂၆၁၈၃၂၂၇၊ ၀၉ ၄၂၆၁၈၃၂၄၅
Viber Phone – ၀၉ ၄၂၁၁၂၈၉၅၁

(ခ) အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၂၂၈၊ ၀၉ ၄၂၆၁၈၃၃၃၉၊ ၀၉ ၄၂၆၁၈၃၂၉၃
Viber Phone – ၀၉ ၄၃၁၃၇၇၂၉

(ဂ) တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၁၉၃၊ ၀၉ ၄၂၆၁၈၃၂၃၇၊ ၀၉ ၄၂၆၁၈၃၂၃၈
Viber Phone – ၀၉ ၅၁၉၄၂၂၃

(ဃ) မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၂၇၇၊ ၀၉ ၄၂၆၁၈၃၂၈၂၊ ၀၉ ၄၂၆၁၈၃၂၆၄
Viber Phone – ၀၉ ၇၈၆၂၈၁၄၅၆

**ရှမ်းပြည်နယ်ရဲတပ်ဖွဲ့**

(က) လားရှိုးခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၃၄၆၁၁၂၈၅၅၀၊ ၀၉ ၃၄၆၁၁၂၈၅၁၀၊ ၀၉ ၃၄၆၁၁၃၂၇၁၀
Viber Phone – ၀၉ ၂၅၃၀၂၉၄၇၇

(ခ) ကျောက်မဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၃၄၆၁၁၂၈၅၉၃၊ ၀၉ ၃၄၆၁၁၂၈၅၆၉၊ ၀၉ ၃၄၆၁၁၃၂၆၄၅
Viber Phone – ၀၉ ၂၅၈၁၁၇၆၆၂

(ဂ) တောင်ကြီးခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၃၄၆၁၁၃၂၇၇၇၊ ၀၉ ၃၄၆၁၁၂၈၉၉၉၊ ၀၉ ၃၄၆၁၁၂၈၆၈၄
Viber Phone – ၀၉ ၂၅၀၉၃၆၅၆၇

(ဃ) လင်းခေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၃၄၆၁၁၂၈၆၆၈၊ ၀၉ ၃၄၆၁၁၃၂၆၀၃၊ ၀၉ ၃၄၆၁၁၃၂၅၉၅
Viber Phone – ၀၉ ၇၈၉၇၂၃၇၄၉

(င) လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၃၄၆၁၁၃၂၇၄၄၊ ၀၉ ၃၄၆၁၁၃၂၈၁၉၊ ၀၉ ၃၄၆၁၁၂၈၉၂၄
Viber Phone – ၀၉ ၄၀၀၄၄၈၀၂၆

(စ) ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၃၄၆၁၁၃၂၅၈၇၊ ၀၉ ၃၄၆၁၁၃၂၅၇၉၊ ၀၉ ၃၄၆၁၁၂၈၆၄၃
Viber Phone – ၀၉ ၉၇၆၄၅၃၆၉၉

(ဆ) တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၃၄၆၁၁၃၂၈၀၁၊ ၀၉ ၃၄၆၁၁၃၂၇၈၅၊ ၀၉ ၃၄၆၁၁၂၈၉၆၅
Viber Phone – ၀၉ ၅၂၅၂၇၆၅

(ဇ) မိုင်းဆက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၃၄၆၁၁၂၈၉၄၀၊ ၀၉ ၃၄၆၁၁၃၂၇၂၈၊ ၀၉ ၃၄၆၁၁၃၂၅၀၄
Viber Phone – ၀၉ ၄၂၀၀၀၆၀၆၇

(ဈ) မူဆယ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၃၄၆၁၁၃၃၀၇၂၊ ၀၉ ၃၄၆၁၁၃၂၉၆၇၊ ၀၉ ၃၄၆၁၁၂၈၇၄၂
Viber Phone – ၀၉ ၉၅၇၉၂၄၁၅၉

(ည) ဟိုပန်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၃၄၆၁၁၃၂၉၅၉၊ ၀၉ ၃၄၆၁၁၃၃၀၂၃၊ ၀၉ ၃၄၆၁၁၃၂၉၇၅
Viber Phone – ၀၉ ၇၇၃၁၁၇၈၅၉

(ဋ) မိုးမိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၉ ၃၄၆၁၁၃၂၉၄၂၊ ၀၉ ၃၄၆၁၁၃၃၁၅၅၊ ၀၉ ၃၄၆၁၁၂၈၈၄၁
Viber Phone – ၀၉ ၆၈၉၉၁၀၉၇၀

**ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ပုသိမ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၀၀၉၈၃၀၆၊ ၀၉ ၆၈၅၁၉၄၈၆၆၊ ၀၉ ၄၅၁၂၃၆၀၇၀
Viber Phone – ၀၉ ၂၆၆၂၃၀၀၇၇

(ခ) ဟင်္သာတခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၀၇၁၃၃၄၄၊ ၀၉ ၄၄၇၃၇၄၁၅၀၊ ၀၉ ၉၅၉၅၉၁၀၉၇
Viber Phone – ၀၉ ၂၅၉၀၄၂၃၀

(ဂ) မြောင်းမြခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၈၂၀၅၅၉၇၅၊ ၀၉ ၂၆၄၈၃၆၈၀၉၊ ၀၉ ၄၅၉၂၉၃၃၄၅
Viber Phone – ၀၉ ၄၅၄၄၆၆၆၆၇

(ဃ) လပွတ္တာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၉၅၀၉၇၇၃၇၆၊ ၀၉ ၄၅၆၆၉၉၉၆၈၊ ၀၉ ၄၀၃၇၂၂၆၀၁
Viber Phone – ၀၉ ၉၅၀၉၇၇၃၇၆

(င) မအူပင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၉၁၁၉၀၅၁၉၊ ၀၉ ၆၈၈၆၂၄၁၃၅၊ ၀၉ ၄၅၀၁၈၃၅၂၆
Viber Phone – ၀၉ ၂၀၁၉၉၅၃

(စ) ဖျာပုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၇၉၂၉၆၂၉၊ ၀၉ ၄၀၀၀၂၁၃၈၆၊ ၀၉ ၆၆၆၉၇၄၂၁၂
Viber Phone – ၀၉ ၂၆၉၄၈၂၈၂၀

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၉၂၂၃၂၉ | ၂၃၄၈၇၄၉ | ၅၆၂၀၆၃ |
| ၂။ | ဘရာဇီး | ၁၂၄၉၀၃၆၂ | ၁၀၈၇၉၆၂၇ | ၃၁၀၆၉၄ |
| ၃။ | အိန္ဒိယ | ၁၁၉၈၇၈၆၀ | ၁၁၃၃၀၂၇၉ | ၁၆၁၇၁၅ |
| ၄။ | ရုရှား | ၄၅၁၉၈၃၂ | ၄၁၃၉၁၂၈ | ၉၇၇၄၀ |
| ၅။ | ပြင်သစ် | ၄၅၀၈၅၇၅ | ၂၈၉၃၅၀ | ၉၄၄၆၅ |
| ၆။ | ဗြိတိန် | ၄၃၂၉၁၈၀ | ၃၇၈၇၃၁၂ | ၁၂၆၅၇၃ |
| ၇။ | အီတလီ | ၃၅၁၂၄၅၃ | ၂၈၃၂၉၃၉ | ၁၀၇၆၃၆ |
| ၈။ | စပိန် | ၃၂၅၅၃၂၄ | ၃၀၁၆၂၄၇ | ၇၅၀၁၀ |
| ၉။ | တူရကီ | ၃၁၇၉၁၁၅ | ၂၉၃၉၉၂၉ | ၃၀၉၂၃ |
| ၁၀။ | ဂျာမနီ | ၂၇၇၆၀၀၄ | ၂၄၈၄၆၀၀ | ၇၆၄၁၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၄၉၆၀၈၅ | ၁၃၃၁၄၀၀ | ၄၀၄၄၉ |
| ၂။ | ဖိလစ်ပိုင် | ၇၂၁၈၉၂ | ၆၀၃၁၅၄ | ၁၃၁၇၀ |
| ၃။ | မလေးရှား | ၃၄၁၉၄၄ | ၃၂၆၃၀၉ | ၁၂၅၅ |
| ၄။ | မြန်မာ | ၁၄၂၃၈၅ | ၁၃၁၇၈၉ | ၃၂၀၆ |
| ၅။ | စင်ကာပူ | ၆၀၃၀၀ | ၆၀၁၁၃ | ၃၀ |
| ၆။ | ထိုင်း | ၂၈၇၃၄ | ၂၇၂၃၉ | ၉၄ |
| ၇။ | ဗီယက်နမ် | ၂၅၉၁ | ၂၃၀၈ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၂၃၃ | ၁၁၆၆ | ၁၀ |
| ၉။ | ဘရူနိုင်း | ၂၀၆ | ၁၈၈ | ၃ |
| ၁၀။ | လာအို | ၄၉ | ၄၅ | ၀ |

# ကျောက်ဆည်မြို့နယ်၌ နွေနှမ်းနှင့် ပဲတီစိမ်းများ စတင်စိုက်ပျိုး

**ကျောက်ဆည် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ဧက ၁၄၅၀၀ စိုက်ပျိုးရန်အတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများ ပေးဝေလျက်ရှိရာ တောင်သူများအနေဖြင့် နွေသီးနှံများဖြစ်သည့် နွေနှမ်းနှင့် ပဲတီစိမ်းများကို စတင်စိုက်ပျိုးလျက်ရှိသည်။

ထိုသို့စိုက်ပျိုးရေများပေးဝေရာတွင် ဇော်ဂျီရေသောက်စနစ်ဖြစ်သည့် ငပြောင်ဆည် နွားတက်မြောင်းမှ နှမ်း ၅၁၉၄ ဧကနှင့် ပဲတီစိမ်း ၆၄၂ ဧက၊ ငပြောင်ဆည် ငပြောင်မြောင်းမှ နှမ်း ၁၅၀၂ ဧကနှင့် ပဲတီစိမ်းစိုက်ဧက ၃၂၀၊ သင်းတွဲဆည် သင်းတွဲမြောင်းမှ နှမ်း ၃၂၀၂ ဧကနှင့် ပဲတီစိမ်းစိုက်ဧက ၃၀၀၊ မင်းရဲဆည် မင်းရဲမြောင်းမှ နှမ်း ၁၂၃၄ ဧကနှင့် ပဲတီစိမ်း ၁၁၃ ဧက၊ မင်းရဲဆည် တမုတ်မြောင်းမှ နှမ်း ၁၅၅၉ ဧကနှင့် ပဲတီစမ်း ၄၃၄ ဧကတို့အတွက် စိုက်ပျိုးရေများကို မတ်လဆန်းမှ စတင်ကာ အလုံအလောက် ပေးဝေးလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချိုဦးက ပြောသည်။

ကျောက်ဆည်မြို့နယ်၌ စိုက်ပျိုးရေပေးဝေသော ဆည်များအတွင်းသို့ မိုးရွာသွန်းမှုနည်းပြီး ရေဝင်ရောက်မှု နည်းပါးသောကြောင့် ယခုနှစ်တွင် နွေနှမ်း ၂၆၉၁၄ ဧကနှင့် ပဲတီစိမ်း ၁၀၉ ဧကကို ရေပေးဝေနိုင်ခဲ့ကြောင်း သိရပြီး ယခင်နှစ်က နွေသီးနံ့ စိုက်ပျိုးရန်အတွက် နွားတက်မြောင်းမှ ၁၅၁၆၅ ဧက၊ ငပြောင်မြောင်းမှ ၃၁၂၂ ဧက၊ အထက်လင်းဇင်းမြောင်းမှ ၆၅၉ ဧက၊ သင်းတွဲမြောင်းမှ ၆၄၈၃ ဧက၊ မင်းရဲမြောင်းမှ ၂၂၁၃ ဧက၊ တမုတ်မြောင်းမှ ၄၄၁၆ ဧက စုစုပေါင်း ၃၂၀၅၈ ဧကအား စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

**သက်မောင်**
**(ကျောက်ဆည်)**

❐

# ၂၃-၃-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

နေပြည်တော် မတ် ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၃/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မတ် ၂၃ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

(ယမန်နေ့မှအဆက်)

**Sky Net သတင်းဌာနမှ သတင်းထောက်ပိုးဥရန်နိုင်က** ဆက်လက်မေးမြန်းရာ ယခင်က ည ၁ နာရီမှ မနက် ၉ နာရီခွဲအထိ All internet shut-down လုပ်ဆောင်ပြီး အခုနောက်ပိုင်းတွင် Mobile data shut down ကိစ္စများဖြစ်လာကြောင်း၊ Money transactions များနှင့် Online services များတွင် တော်တော်လေး အခက်အခဲဖြစ်နေသည်ကို တွေ့ရကြောင်း၊ မိမိတို့သတင်းမီဒီယာများမှာဆိုလျှင် Online နှင့် လုပ်နေရခြင်းဖြစ်သည့်အတွက် ယခုကိစ္စများနှင့်ပတ်သက်ပြီး Telecom Sector များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ မည်သည့်အကြောင်းအရာများ ဆွေးနွေးလုပ်ဆောင်နေပါလဲ၊ ပုံမှန် မည်သည့်အချိန်တွင် ဖြစ်မည်နှင့် မည်သည့်အခြေအနေမှာ ပြန်ဖြစ်နိုင်မည်ဆိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**Online ပေါ်ကနေ လှုံ့ဆော်နေခြင်း**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက** လောလောဆယ် လုပ်ရန်အစီအစဉ် မရှိသေးပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဆူပူအကြမ်းဖက်မှုများ၏ အဓိကလှုံ့ဆော်ပေးနေခြင်းသည် Online ပေါ်ကနေလှုံ့ဆော်နေခြင်းဖြစ်သည့်အတွက် မိမိတို့လုပ်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် အဓိကအခြေခံအကျဆုံး အရေးကြီးဆုံးလုပ်ငန်းသည် တရားဥပဒေစိုးမိုးရေးလုပ်ငန်းနှင့် တည်ငြိမ်ရေးလုပ်ငန်းဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေး လုပ်ငန်းမရှိပါက ကျန်သည့်လုပ်ငန်းများသည် ထိုအပေါ်မှ တစ်ဆင့်ချင်း သွားရခြင်းဖြစ်သည့်အတွက် ကျန်လုပ်ငန်းများသည် လုပ်ဆောင်၍ရစရာမရှိကြောင်း။

နိုင်ငံတွင် ဖြစ်ပေါ်နေသည့် ဆူပူအကြမ်းဖက်မှုတော်တော်များများသည် အင်တာနက်လူမှုကွန်ရက်ပေါ်မှ လှုံ့ဆော်ဆောင်ရွက်နေခြင်းကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လုံလောက်သည့်အချိန် အတိုင်းအတာထိ ကန့်သတ်ထားခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။



ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်ရှိစခန်းများအား အကြမ်းဖက်မီးရှို့ဖျက်ဆီးခြင်း

**ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမှ မရှိ**

ရွေးကောက်ပွဲ မသမာမှုများသည် အလွန်များပြားပြီး ပြော၍မဆုံးနိုင်ကြောင်း၊ သို့သော် မီဒီယာများက မရေးကြကြောင်း၊ ကြေးမုံသတင်းစာတွင် တွေ့လိုက်ရကြောင်း၊ ဘူဒိုဇာ Operation ဆိုပြီး လုပ်လိုက်သည်မှာ အလွန်ကောင်းမွန်ကြောင်း၊ ရပ်ကွက်ထဲတွင် အတားအဆီးများ လုပ်ထားသည်မှာ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမှ မရှိကြောင်း၊ ထိုသို့ပြုလုပ်ခြင်းဖြင့် ဒီမိုကရေစီရနိုင်ပါမည်လား တွေးတောဆင်ခြင်စေလိုကြောင်း၊ ဒီမိုကရေစီနှင့် မသက်ဆိုင်ပါကြောင်း၊ ဒီမိုကရေစီလည်း မရနိုင်ပါကြောင်း၊ မီဒီယာများတွင် တာဝန်ပျက်ကွက်နေမှုအများအပြား ရှိကြောင်း၊ NGO၊ INGO များ၊ ဒေါ်လာစားများ အများအပြားရှိကြောင်း၊ ဗိုလ်ချုပ်တို့ ရှင်းပြနေသည့် အချက်များထဲမှ အချို့အချက်များသည် မိမိတို့သိရှိပြီးသားများဖြစ်ကြောင်း။

အချို့လုပ်ဆောင်ချက်များသည် အလွန်နောက်ကျကြောင်း၊ ဥပမာ – CRPH ထူထောင်သည်မှာ သုံးလခန့်ရှိပြီးဖြစ်ကြောင်း၊ ထိုအဖွဲ့ကို မနေ့ကမှ တရားမဝင်

- ❖ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တာဝန်ယူပြီးသည့်နောက်ပိုင်းတွင် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကိုသာ သွားမည်ဟု ရှင်းရှင်းလင်းလင်းပြောထားပြီးဖြစ်ပါကြောင်း၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ဖြစ်စေရန် ရွေးကောက်ပွဲပြုလုပ်၍ အနိုင်ရပါတီကို အာဏာလွှဲပြောင်းပေးမည်ဟု အတိအလင်း ပြောကြားပြီးဖြစ်။**
- ❖ **မိမိတို့အနေဖြင့် ကွန်မြူနစ်စနစ်ကို သွားနေခြင်းမဟုတ်သကဲ့သို့ ဆိုရှယ်လစ်စနစ်ကို သွားနေခြင်းလည်း မဟုတ်ပါကြောင်း၊ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို သွားနေခြင်းဖြစ်ပါကြောင်း၊ ယခုလူငယ်များလိုချင်နေသည့် ဒီမိုကရေစီစနစ်ကို ပေးနိုင်ရန် မိမိတို့အနေဖြင့် လုပ်ဆောင်နေခြင်းဖြစ်။**

**ခေတ်သစ်သတင်းစာ သတင်းဌာနမှ သထုံဦးတင်ထွန်းက** အကြံပြုချက် ပြောကြားရာ ယနေ့နံနက်တွင် လေယာဉ်ဖြင့်ရောက်ရှိခြင်းဖြစ်ကြောင်း၊ မိမိပြောလိုသည်မှာ ဝမ်းသာစရာစကားများ၊ မိမိတို့သတိထားရမည့်ကိစ္စများ ပြောလိုပါကြောင်း၊ ဖြစ်လေသမျှဘုံဘဝ၊ ကြုံရတဲ့ဘုံဘဝ၊ မိစ္ဆာပါတီ၏ နိဂုံး၊ ဒီမှာပြထားသည့် အဖျက်သမားကိစ္စ၊ နောက်မိမိပြောလိုသည်မှာ မီဒီယာကိစ္စဖြစ်ပြီး ခုနက မီဒီယာသမားတစ်ယောက်ကလည်း မီဒီယာနှင့်ပတ်သက်ပြီး မေးထားကြောင်း၊ “One hundred questions for only one answer. One hundred answers for only one question.” ယနေ့ မြန်မာပြည်မီဒီယာများ ဘယ်လိုဖြစ်နေတာလဲ၊ ဗိုလ်ချုပ်ပြောသွားသည့် အထဲတွင်ပါသည့် “မီဒီညာ၊ မီဒီညာ” ဒေါ်လာစားတွေ ဖြစ်ကြောင်း။

အမှန်တကယ်တွင် မိစ္ဆာပါတီ၏ ဩဇာအောက်တွင် လောင်းရိပ်မိနေသည့်အတွက် အဖြစ်မှန်ကို မသိကြကြောင်း၊ မရေးနိုင်ကြကြောင်း၊ တိုင်းပြည်ထိခိုက်နစ်နာမည့် သတင်းများ၊ စောစောကပြောသွားသည့် အသုံးအနှုန်းများ (fake news)မိမိတို့မီဒီယာတွင် နံပါတ်တစ် သူများပြောတာကို မည်သည့်အခါမျှ မရေးရကြောင်း၊ မိမိတို့ကျင့်စဉ်ဖြစ်ကြောင်း၊ နံပါတ်နှစ် ကောလာဟလ မရေးရကြောင်း၊ နံပါတ်သုံး တိုးတိုးလေးပြောသည်ကို မရေးရကြောင်း၊ ဒီမှာရှိသည့် မီဒီယာသမားများ သိပါကြောင်း၊ မသိတာက ထိုမိစ္ဆာပါတီကို ပြောရမည်ဖြစ်ကြောင်း၊ ယနေ့ ထိုအကြောင်းကို မပြောလျှင် မရကြောင်း။

**သတင်းလောကကို ဝင်ရောက်လာခြင်း**

နံပါတ်တစ် မန္တလေးက ဇော်မြင့်မောင်ဆိုသူက စတုတ္ထမဏ္ဍိုင်မရှိပါဟူ၍ ပြောခဲ့ဖူးကြောင်း၊ နံပါတ်နှစ် အောင်မိုးညိုဆိုသူသည် စတုတ္ထမဏ္ဍိုင်မရှိဟူ၍ ပြောကြောင်း၊ အလွန်စော်ကားခြင်းဖြစ်ကြောင်း၊ မိမိတို့ ငယ်ငယ်လေးက ၁၉၅၄ ခုနှစ်ကတိုင် သတင်းလောကကို ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ မိမိတို့နှလုံးသားကို အပ်ဖြင့်ဆွသည်ကို ခံနိုင်သော်လည်း မီဒီယာလောကကို ထိုသို့စော်ကားခြင်းမျိုး မည်သို့မျှ သည်းမခံနိုင်ကြောင်း။

မည်သူပဲစော်ကားစော်ကား သည်းမခံနိုင်ကြောင်း၊ ထိုအချိန်က စတုတ္ထမဏ္ဍိုင်မရှိဘူးဆိုပြီး ပြောသည့် မိစ္ဆာပါတီ၏ပုဂ္ဂိုလ်ကို မည်သည့်မီဒီယာက ကန့်ကွက်ခြင်း၊ ရှုတ်ချခြင်းရှိခဲ့၊ မရှိခဲ့သည်ကို ပြန်ပြီး စဉ်းစားစေလိုကြောင်း၊ ကြေညာချက်တစ်စောင် ထုတ်ပြီး ကန့်ကွက်ခြင်းမရှိခဲ့ကြောင်း၊ အလွန်ဝမ်းနည်းစရာကောင်းကြောင်း၊ မီဒီယာအဖွဲ့အစည်းပေါင်း ၂၃ ဖွဲ့ရှိကြောင်း၊ ထိုမီဒီယာအဖွဲ့အစည်းပေါင်း ၂၃ ဖွဲ့က ကြေညာချက်တစ်စောင်ပင် မထုတ်ကြောင်း၊ ဗိုလ်ချုပ်တို့လည်း သိပါကြောင်း၊ မေ ၃ ရက်ဆိုလျှင် ကမ္ဘာ့ Press day လာဦးမည်ဖြစ်ကြောင်း၊ မိမိတို့ အချိန်ပေါင်းများစွာ ကျော်ဖြတ်ခဲ့ပြီးပြီဖြစ်ကြောင်း။

မိမိဆိုလျှင် အမေရိကန်နိုင်ငံ အိမ်ဖြူတော် သတင်းစာရှင်းလင်းပွဲကို ဗီဇာမလိုဘဲ တက်ခွင့်ရှိကြောင်း၊ အိုဘားမားလက်ထက်တွင် မိမိ အကုန်လုံး မေး၍ရကြောင်း၊ မိမိတို့မေးနိုင်ကြောင်း၊ ထိုအရာကို အားလုံး သိရှိကြကြောင်း၊ ရှုတ်ချကန့်ကွက်မှုများ ရေးကြ၊ ပြောကြလားဆိုလျှင် မပြောကြောင်း၊ အကြံပေးစရာရှိကြောင်း၊ ရွေးကောက်ပွဲမသမာမှုက ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့ကြောင်း၊ တစ်ထောင့်တစ်ညပုံပြင်ထက်ရှည်လျားပြီး မပြီးနိုင်ကြောင်း၊ ထိုအရာကြောင့် တိုင်းပြည်တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ မလွှဲမရှောင်သာ ယူလိုက်ရကြောင်း။

အဖွဲ့အစည်းဟု ကြေညာသည်မှာ အလွန်နောက်ကျကြောင်း၊ မိစ္ဆာပါတီ NLD က မီဒီယာကို ဂရုမစိုက်၊ တန်ဖိုးမထားကြောင်း၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို မိမိ တစ်နေ့ သုံးခါ၊ ၁၀ ခါလောက် ကန်တော့ကြောင်း၊ မိမိသည်မည်သည့်ပါတီမှ ပါတီ ဝင်ထားခြင်း မဟုတ်ဘဲ စတုတ္ထမဏ္ဍိုင်ဖြစ်သော မီဒီယာကို ဗိုလ်ချုပ်မှူးကြီးက အလွန်တန်ဖိုးထား၍ဖြစ်ကြောင်း။

မိမိသည် ၁၉၅၄ ခုနှစ်ခန့်ကတည်းက သတင်းစာလောကထဲကို ဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ စာနယ်ဇင်းအကြောင်းကို မိမိလက်တန်းပြောနိုင်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသည့်အချိန်တွင် မိမိအသက်က ၁၀ နှစ်ရှိပြီဖြစ်ကြောင်း၊ ဖြစ်စဉ်အားလုံးကို လက်တန်းပြောနိုင်ကြောင်း၊ လွတ်လပ်စွာရေးသားပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်ဟု ဆိုရာတွင် ပုံနှိပ်ထုတ်ဝေခွင့်ဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေများကို သေချာဖတ်ရှုကြစေလိုကြောင်း၊ ဒါတို့ပြည် ဒါတို့မြေဆိုသည်မှာ မည်သည့်အတွက်ပြောကြသည်ကို ၎င်းတို့ကိုယ်တိုင် မသိကြကြောင်း၊ ထို့ကြောင့် မီဒီယာများအနေဖြင့်လည်း တာဝန်သိသိနှင့် ယခုလိုကိစ္စများကို ရေးသားကြစေလိုကြောင်း။

**စာမျက်နှာ ၂၅ သို့** ☆

☆ စာမျက်နှာ ၂၄ မှ

မည်သည့်စာစောင်မှ အမှန်တရားကို ဖော်ထုတ်ရေးသားခြင်းများ မရှိကြောင်း၊ ဝမ်းနည်းစရာ အလွန်ကောင်းကြောင်း၊ မီဒီယာတွင် မိမိတို့သုံးနှုန်းခဲ့သည့် ဝေါဟာရတစ်ခုရှိကြောင်း၊ စာနယ်ဇင်းဟုခေါ်ကြောင်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသည်တို့ဖြစ်ကြကြောင်း၊ ယခု မိမိတွင် Broadcasting၊ Twitter စသဖြင့် ရှိကြောင်း၊ printed media ခေတ်သစ်သတင်းစာရှိပါကြောင်း၊ ခေတ်သစ်ဆိုသော logo အများကြီးရှိကြောင်း၊ မီဒီယာအချို့ကို ပိတ်သိမ်းလိုက်သည့်အတွက် ဝမ်းသာပါကြောင်း၊ မီဒီယာဥပဒေများ၊ ကျင့်စဉ်များ၊ Code of Conduct များ ချိုးဖောက်၍ ပိတ်ခြင်းဖြစ်ကြောင်း၊ နောက်ထပ်ချိုးဖောက်သည့် မီဒီယာများရှိခဲ့လျှင် ထပ်မံပိတ်သိမ်းပါကလည်း ဘာမှမဖြစ်ပါကြောင်း။

တရားဥပဒေအရ ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် တရားမျှတမှန်ကန်ပါကြောင်း၊ မီဒီယာများကလည်း ဥပဒေကို လေးစားရမည်ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် နံပါတ်တစ် တပ်မတော်နေ့၊ နံပါတ်နှစ် တောင်သူလယ်သမားနေ့မရှိကြောင်း၊ မလိုချင်ကြောင်း ပြောဆိုနေကြသည်ကို တွေ့ရပါကြောင်း၊ မိမိတို့ ကြုံတွေ့ခဲ့ရသည့် တောင်သူလယ်သမားဦးကြီးများ၏ဘဝ/ကျေးဇူးကို နားမလည်ကြကြောင်း၊ မီဒီယာများကလည်း တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုရကောင်းမှန်း မသိပါကြောင်း၊ **ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တောင်သူလယ်သမားနေ့ သဝဏ်လွှာပို့ရာ စာလုံးရေ ၃၂၀ ရှိပါကြောင်း၊ မိမိတို့၏ practice မှာ စကားလုံးအရေအတွက်ကိုပါ တွက်ချက်ရကြောင်း၊** Eleven Media က တောင်သူလယ်သမားနေ့ အယ်ဒီတာ့အာဘော်ရေးသားချက်မှာ ကောင်းမွန်ပါကြောင်း၊ ကျေးဇူးလည်းတင်ကြောင်း၊ ထိုအချိန်တွင် အခြားမီဒီယာများက တစ်စိတ်ကို တစ်အိတ်လုပ်၍ အဖျက်သမားလုပ်နေကြကြောင်း၊ မီဒီယာများက ဖောက်ဖျက်မှုများ ပြုလုပ်သည့်အတွက် အရေးယူဆောင်ရွက်ခြင်းကို မိမိသဘောတူလက်ခံပါကြောင်း။

**တောင်သူလယ်သမားဦးကြီးများ၏ အခန်းကဏ္ဍ**

ဖြစ်သမျှ ကြုံရလေပြီ၊ ဘုံဘဝ ကြုံရလေပြီ၊ သုညပါတီ၊ မိစ္ဆာပါတီ၏ နောက်ထပ်ဆိုးကျိုး အများအပြားရှိကြောင်း၊ တပ်မတော်နေ့ မလိုကြောင်း၊ ဒါကို မည်သည့်ပါးစပ်ကပြောလဲ၊ ထိုမီဒီယာများက မသိဘူးလား၊ မိမိပြောလိုသည်မှာ တိုင်းပြည်တွင် တောင်သူလယ်သမားဦးကြီးများ၏ အခန်းကဏ္ဍကို ပြန်စဉ်းစားကြည့်စေလိုကြောင်း၊ အနိမ့်ဆုံးစကားလုံးဖြင့် ပြောရမည်ဆိုပါက ဂျပန်တော်လှန်ရေးတွင် တောင်သူဦးကြီးများ အသက်ပေးခဲ့သည်မှာ နည်းသလား၊ တောင်သူလယ်သမား ခေါင်းများကိုဖြတ်ပြီး စည်ပင်သာယာအမှိုက်တင်ကားထဲတွင် လှည့်ပြသည်ကို ၎င်းတို့မသိဘူးလား၊ ထိုပုံများကို မသိဘူးလား၊ တောင်သူလယ်သမားနေ့ကို မီဒီယာများက ဂရုမစိုက်ကြကြောင်း။

လွတ်လပ်စွာပြောခွင့်ဆိုခွင့်ကို Internet မည်သို့ပိတ်ပိတ် နည်းပညာများ ထွန်းကားကြောင်း၊ VPN ဖြင့် ကျော်သွားပါက ရရှိကြောင်း၊ သတင်းလွတ်လပ်ခွင့်ဆိုသည်မှာ သတင်းက မူလကတည်းက လွတ်လပ်ခွင့်ရှိပြီးဖြစ်ကြောင်း၊ မိမိရေးသားသည့်အပေါ်တွင်သာ မူတည်ကြောင်း၊ မိမိတို့သည် ရခိုင်ကိုလည်းသွားခဲ့ကြောင်း၊ ရခိုင်ဆို၍ ဝမ်းသာစကားပြောလိုကြောင်း၊ ယခု AA က NCA လက်မှတ်ထိုးတော့မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ရခိုင်ကိစ္စတွင် AA က တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်မှုဆိုသည်မှာ အင်မတန် ကောင်းမွန်ကြောင်း၊ ဒါက နံပါတ်တစ်ဖြစ်ကြောင်း၊ နံပါတ်နှစ်မှာ ဘင်္ဂလားဒေ့ရှ်ကလည်း မြန်မာကိုထောက်ခံကြောင်း၊ နံပါတ်သုံး အာဆီယံနိုင်ငံများကလည်း မြန်မာ့ပြည်တွင်းရေးကို မစွက်ဖက်ဘဲ ရုရှားက ထောက်ခံကြောင်း၊ တရုတ်က ထောက်ခံကြောင်း၊ နိုင်ငံတကာက မိမိတို့ပုံရိပ်ကို သိက္ခာချမည့်သူ တစ်ယောက်မျှ မရှိကြောင်း။

ထိုသတင်းကို မီဒီယာများရေးသလား၊ မရေးကြကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ဝမ်းနည်းကြောင်း၊ မီဒီယာနှင့်ပတ်သက်ပြီး တိုင်းပြည်အကျိုးနှင့် မီဒီယာအကျိုး ယှဉ်လာပါက မီဒီယာအကျိုးကို စွန့်လွှတ်နိုင်ရမည်ဖြစ်ကြောင်း၊ ဤသည်မှာ မိမိခံယူချက်ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ ဒေါ်လာများ၊ ရွှေများပေးကြောင်း၊ ရွှေတိဂုံဘုရားတွင် ရွှေတန်ချိန် နှစ်သောင်းနှင့် နှစ်သောင်း သုံးထောင်ကြား ရှိကြောင်း၊ ရွှေတစ်တန်ကို ၄၅ ဒသမ ၅ သန်းခွဲရှိကြောင်း၊ မည်မျှတန်ဖိုးရှိမည်လဲ၊ မသမာမှုလုပ်ဆောင်ပြီး ဘုရားရွှေ၊ ဘုရားငွေကို ဘုရားပစ္စည်း ငရဲမီးဆိုသည်ကိုလည်း မကြောက်ကြကြောင်း၊ ထိုလူတွေက အလွဲသုံးစားလုပ်သည့်အတွက်ကြောင့် ဗိုလ်ချုပ်တို့ကပြကြောင်း၊ ဦးဖြိုးမင်းသိန်းက နာရီ ဒေါ်လာ ၁ သိန်းတန်ကိစ္စ သတင်းစာရှင်းလင်းပွဲကိစ္စလုပ်စဉ်က မယူပါဘူးဆိုပြီး ယခုကျ မောင်ဝိတ်က ဝန်ခံကြောင်း၊ ထိုအရာများသည် ဆက်တိုက်လာဦးမည်ဖြစ်ကြောင်း၊ မိမိပြောလိုသည်မှာ မီဒီယာများအနေဖြင့် နောက်ထပ်သစ္စာဖောက်သည့်ကိစ္စများရှိပါက အရေးယူပေးစေလိုကြောင်း ပြောကြားသည်။

**Myanmar National post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး** က နစကကောင်စီက တာဝန်ယူကတည်းက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ လုပ်ခဲ့ကြောင်း၊ ထိုအပေါ်မှာ ဆန္ဒပြဆူပူမှုများတွင် မပါသည့်ပြည်သူများက ကြိုဆိုပြီး ထောက်ခံကြသည့်သူများရှိကြကြောင်း၊ သို့သော် ဒီဘက်ပိုင်းတွင် ဝန်ကြီးတို့က ဆူပူမှုများနှင့်ပတ်သက်ပြီး ဝရမ်းထုတ်ခဲ့သူများရှိကြောင်း၊ ထိုလူများနှင့်ပတ်သက်ပြီး ယနေ့အချိန်ထိ ထိန်းသိမ်းနိုင်ခြင်းမရှိသေးပါကြောင်း၊ ၎င်းတို့ကလည်း ဆက်လက်ပြီး ဆူပူနေဆဲ၊ လှုံ့ဆော်နေဆဲရှိသေးသည်ကို တွေ့ရပါကြောင်း၊ ယခုအခြေအနေသည် မည်သည့်အတွက်ကြောင့် ကြန့်ကြာနေရသည်ကို ပြည်သူများက သိလိုနေကြပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ဖမ်းဝရမ်းထုတ်ခံရသူ တော်တော်များများသည် မြန်မာပြည်တွင် မရှိပါကြောင်း၊ မြန်မာနိုင်ငံထဲတွင် အနည်းငယ်တော့ရှိပါကြောင်း၊ ရှိသည့်သူများကလည်း နယ်စပ်တွင် ရောက်ရှိနေကြသည်ကို တွေ့ရှိရပါကြောင်း၊ ထွက်ပြေးတိမ်းရှောင်နေသူများလည်း ရှိကြောင်း၊ မိမိတို့သိထားသည့် သတင်းအရ တိမ်းရှောင်နေသူပေါင်း နယ်စပ်တွင် တစ်ထောင်ကျော်နီးပါးခန့်ရှိပါကြောင်း၊ ထိုအကြောင်းကြောင့်လည်း ပါပါကြောင်း။

တချို့ကိစ္စများသည် မိမိတို့အနေဖြင့် လက်ငင်းလုပ်ရမည်ဖြစ်ကြောင်း၊ လက်ငင်းလုပ်ရမည့် အရေးကြီးကိစ္စဆိုသည်မှာ ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေး ဦးစားပေးဆောင်ရွက်နေသည့်အတွက် ထိုဘက်တွင် အားနည်းချက် အနည်းငယ်ရှိပါကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ပြည်သူလူထု၏ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် အမြဲတမ်းကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားခဲ့သည်။

**နိုင်ငံ့ခေါင်းဆောင်ပုံများ**

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး** က ယခုလက်ရှိတွင် တရားဥပဒေစိုးမိုးရေးအတိုင်း သွားနေသည်ဆိုသော်လည်း ပြည်သူများအမြင်တွင် ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များလည်း ပြန်လည်မတည်ဆောက်နိုင်သေးပါကြောင်း၊ မည်သည့်အချိန်ကာလတွင် ပြန်လည်အခြေချနိုင်မှုနှင့် တိတိကျကျ ဆောင်ရွက်နိုင်မှုကို သိရှိလိုကြောင်း၊ နောက်တစ်ခုမှာ ဆန္ဒပြမှုများနှင့် ပတ်သက်ပြီး NLD အစိုးရလက်ထက်တွင်လည်း ဆန္ဒပြမှုများရှိခဲ့ပါကြောင်း၊ ထိုအချိန်က ဆန္ဒပြသည့်အချိန်တွင် ဆန္ဒပြသူများက ၎င်းတို့၏ ဆိုလိုရင်းကို တောင်းဆိုပါကြောင်း၊ ၎င်းတို့ ကိုင်လိုသည့် ကြွေးကြော်သံကို ကိုင်ကြကြောင်း၊ သို့သော် နိုင်ငံ့ခေါင်းဆောင်ပုံများကို ဒေါ်အောင်ဆန်းစုကြည်၏ပုံဖြစ်စေ၊ ဦးဝင်းမြင့်၏ပုံဖြစ်စေ မဖွယ်မရာပြုလုပ်သည်ကို မတွေ့ခဲ့ရပါကြောင်း၊ သို့သော် ယခုအခါ နိုင်ငံ့ခေါင်းဆောင်ပုံများအား မဖွယ်မရာ ပြုလုပ်ခြင်းများကို မမြင်ချင်အဆုံးတွေ့လာရပါကြောင်း၊ ယခုအခြေအနေများအပေါ် ဗိုလ်ချုပ်တို့အနေဖြင့် လူငယ်များကို ဘာများပြောချင်သည်၊ ဘာတွေလုပ်ဆောင်သွားရန်ရှိမည်ဆိုသည်ကို သိရှိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးကိစ္စကိုပြောရလျှင် ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူး စုစုပေါင်း ၁၆၀၀၀ ကျော် ခန့်အပ်သွားမည် ဖြစ်ပါကြောင်း၊ ယခုလက်ရှိတွင် ၁၄၅၀၀ ကျော် ခန့်အပ်ပြီးဖြစ်ကြောင်း၊ ၈၅ ရာခိုင်နှုန်းကျော်ခန့် ခန့်အပ်ပြီး ခန့်အပ်ရန် ၁၅ ရာခိုင်နှုန်း နီးပါးကျန်နေသေးပါကြောင်း၊ ဆက်လက်ခန့်အပ်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပုံများကိစ္စကိုဖြေကြားရလျှင် နိုင်ငံ့ခေါင်းဆောင်ပုံများကိုသာမက ဆရာတော်များ၏ ပုံများကိုပါ မဖွယ်မရာပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ လူငယ်လူရွယ်များကို မိမိအနေဖြင့် ပြောကြားလိုသည်မှာ အဓိကအားဖြင့် နိုင်ငံရေးစနစ်များ၊ စီးပွားရေးစနစ်များ၊ လူမှုရေးစနစ်များအကြောင်း စသည်ဖြင့် ကြီးကြီးကျယ်ကျယ် ပြောကြပါကြောင်း၊ မည်သည့်စီးပွားရေးစနစ်ဖြစ်စေ အမှန်တကယ်တွင် လူမှုရေးစနစ်အပေါ်တွင်သာ အခြေခံရပါကြောင်း၊ ဥပမာအားဖြင့် မိမိတို့ မည်မျှပင်ကြီးကြီးကျယ်ကျယ် ပြောနေစေကာမူ ထိုင်းနိုင်ငံနှင့်ယှဉ်လျှင် မိမိတို့နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေပါကြောင်း။

**ထေရဝါဒဗုဒ္ဓဘာသာအထွန်းကားဆုံး နိုင်ငံ**

ထိုင်းနိုင်ငံတွင်လည်း ယခုကဲ့သို့ပင် ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရမည် ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံနှင့်ယှဉ်၍ ပြောနေခြင်းမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံလည်းဖြစ်၊ ဖြစ်စဉ်ချင်းလည်းတူ၍ ပြောပြနေခြင်းဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံတွင်လည်း တပ်မတော်မှ အာဏာသိမ်းပြီးနောက်ပိုင်းတွင် ရှပ်နီ၊ ရှပ်ဝါများ၏ ဆန္ဒပြမှုများ ယခုကဲ့သို့ ဖြစ်ပွားခဲ့ကြောင်း၊ မိမိတို့မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓဘာသာအထွန်းကားဆုံး နိုင်ငံအဖြစ် ကြွေးကြော်ကြပါကြောင်း။

ထိုင်းနိုင်ငံတွင် ဆန္ဒပြသည့်အချိန်က မည်သည့်ဘုန်းကြီးပုံကို မည်သည့်ထိုင်းလူမျိုး၊ မည်သည့်ထိုင်းလူငယ်က မဖွယ်မရာပြုလုပ်သည်ကို မြင်ဖူးပါသလဲ၊ ထေရဝါဒဗုဒ္ဓဘာသာနှင့် ပတ်သက်လာလျှင် ကျန်သည့်နိုင်ငံများမှ မြန်မာနိုင်ငံတွင် လာရောက်အတုခိုးရ သင်ယူရပါကြောင်း၊ တရားတော်များ၊ သမထ၊ ဝိပဿနာများနှင့် ပတ်သက်လျှင်လည်း မြန်မာနိုင်ငံတွင် လာကြည့်မှ၊ ရှုမှသာ ပြည့်စုံသည်ဟု ယူဆကြပါကြောင်း။

ယခုလိုအခြေအနေရှိသည့်နိုင်ငံတွင် လွန်ခဲ့သည့် ၁၀ နှစ်၊ အနှစ် ၂၀၊ ၂၅ နှစ်ခန့်က လူငယ်များသည် ဘုန်းကြီးကျောင်းများတွင် နေခဲ့ဖူးခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ တက်ခဲ့ဖူးခြင်းတို့ကြောင့် ၎င်းတို့၏အကျင့်စရိုက်ကို ယခု တက်ရောက်လာကြသည့် မီဒီယာများထဲမှ အဆိုပါခေတ်ကို မီဖူးသည့်သူများ သိရှိကြမည်ဖြစ်ပါကြောင်း၊ ယခုနောက်ပိုင်းလူငယ်များအား ဘာသာတရားကို ရှိသေနေရမည်၊ ကိုင်းရှိုင်းနေရမည်ဟု မိမိအနေဖြင့် မဆိုလိုပါကြောင်း၊ မိမိနိုင်ငံ၏ လူမှုရေး၊ ယဉ်ကျေးမှုစနစ်များကို အဓိကဆိုလိုခြင်းဖြစ်ပါကြောင်း။

စာမျက်နှာ ၂၆ သို့ ■



သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသူများက ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုသည့် လက်နက်ကိရိယာများကို ကြည့်ရှုလေ့လာကြစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဥရုချောင်းကူးကြိုးတံတား သံကူကွန်ကရစ်တံတားအဆင့်မြှင့်တင်တည်ဆောက်မှု ၂၀ ရာခိုင်နှုန်းပြီးစီး




ဟုမ္မလင်း မတ် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်ဥရုချောင်းကူးကြိုးတံတားအား သံကူကွန်ကရစ်တံတား အဆင့်မြှင့်တင် တည်ဆောက်မှု ၂၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၂) ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်သီဟထံမှ သိရသည်။

"ဥရုချောင်းကူးကြိုးတံတားကို သံကူကွန်ကရစ် တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်မှုက ယနေ့အထိ ၂၀ ရာခိုင်နှုန်းလောက်ပြီးနေပါပြီ။ တံတားတည်ဆောက်ရေးရာနှုန်းပြည့်ပြီးစီးမှုကို လာမယ့် ဘဏ္ဍာနှစ်မှာ ပြီးစီးအောင် တည်ဆောက်မှာ ဖြစ်ပါတယ်"ဟု ဦးအောင်သီဟက ပြောသည်။

ဥရုချောင်းကူး ကြိုးတံတားကို နောင်ပိုအောင် စံပြကျေးရွာနှင့် သဖန်းကုန်း ကျေးရွာသို့ ဆက်သွယ် တည်ဆောက်ထားခြင်းဖြစ်ပြီး ဇန်နဝါရီ ၂၂ ရက်မှ စတင်တည်ဆောက်ခဲ့ရာ ယနေ့အထိ ၂၀ ရာခိုင်နှုန်း ပြီးစီးခြင်းဖြစ်သည်။

ယခင် ဥရုချောင်းကူးကြိုးတံတားမှာ ကြိုးတံတားခံနိုင်ဝန် ၁၃ တန် သတ်မှတ်ထားသဖြင့် ကုန်တင်ယာဉ် ကားကြီးများ ဖြတ်သန်းသွားလာ၍ မရသောကြောင့် ဇက်ကူးတို့ဖြင့် ဖြတ်ကူးရသည့်အတွက် ဒေသအတွင်း ကုန်စည်စီးဆင်းမှု ကြန့်ကြာနေသဖြင့် ကြိုးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးခြင်းဖြစ်သည်။

မူလ ကြိုးတံတားဟောင်းကို ဖြုတ်သိမ်းကာ သံကူကွန်ကရစ် ကြမ်းခင်းဖြင့် အစားထိုးသွားမည်ဖြစ်ပြီး အရှည်ပေ ၁၀၉၀၊ အကျယ် ၂၆ ပေ၊ ရေလမ်းကင်းလွတ်အမြင့်ပေ ၄၀ နှင့် တစ်ဖက်လျှင် အကျယ် သုံးပေရှိ လူသွားလမ်း ပါရှိမည်ဖြစ်သည်။

ဟုမ္မလင်းမြို့နယ်တွင် ဥရုချောင်းကူးကြိုးတံတား အဆင့်မြှင့်တည်ဆောက်ခြင်းအပြင် ချင်းတွင်းတံတား(ထမံသီ) ကိုလည်း တည်ဆောက်နေပြီဖြစ်ရာ တံတားများ တည်ဆောက်ပြီးစီးပါက ကုန်တင်ယာဉ်ကြီးများအနေဖြင့် အထက်ပိုင်းဒေသများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ တမူးမြို့နယ်တို့နှင့် လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။ **လူလေး**

## ဗန်းမော်မြို့၌ တည်ဆောက်လျက်ရှိသည့် ဌာနဆိုင်ရာအဆောက်အုံများကို ကွင်းဆင်းစစ်ဆေး



ဗန်းမော် မတ် ၂၈

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် တည်ဆောက်လျက်ရှိသည့် ဌာနဆိုင်ရာအဆောက်အအုံများကို မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲက ခရိုင်တည်ဆောက်ရေးလုပ်ငန်း အရည်အသွေးစစ်ဆေးရေးကော်မတီက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းရာတွင် ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)၌ တည်ဆောက်လျက်ရှိသော လေးခန်းတွဲ လေးထပ် RC ဆရာဆရာမဆောင် အဆောက်အအုံဆောက်လုပ်ခြင်း (၁၀၀x ၃၀x၄၂)ပေ၊ အဆောင်အဝင်လမ်း ကွန်ကရစ်ခင်းခြင်း၊ လေးလက်မအချင်း အဝီစိတွင်းတူးခြင်း၊ ဂါလန် ၁၂၀၀၀ ဆံ့ ရေလှောင်ကန်၊ 5.5Hp Submersible Pump နှင့် အဆောက်အအုံ၊ မီးသွယ်တန်းခြင်းအပါအဝင် RC တစ်လုံးဆောက်လုပ်ခြင်းနှင့် စားသောက်ဆိုင်ခန်း RC တစ်ထပ် (၁၂၅x၃၅)ပေ၊ ပြင်ပမီးသွယ်တန်းခြင်းအပါအဝင် ဆောက်လုပ်ခြင်းကိုလည်းကောင်း၊ ဗန်းမော်မြို့ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ဝက်ကုန်း၌ RC နှစ်ထပ်ကျောင်းဆောင်သစ်တစ်လုံး ဆောက်လုပ်ခြင်းကိုလည်းကောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်း၌ အလုံရုံ Steel Structure One Storey (၁၂၅ x ၈၂)ပေ ဆောက်လုပ်ခြင်းကိုလည်းကောင်း၊ ခရိုင်မီးသတ်စခန်း (၁၃၃x ၅၂ x၂၆)ပေ RC နှစ်ထပ် ဆောက်လုပ်ခြင်းတို့ကို ခရိုင်တည်ဆောက်ရေးလုပ်ငန်း အရည်အသွေးစစ်ဆေးရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့်အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■ စာမျက်နှာ ၂၅ မှ

နိုင်ငံတစ်နိုင်ငံ၏ အခြေတည်မှုသည် အဆိုပါ စနစ်များအပေါ်တွင် အများကြီး မူတည်ပါကြောင်း၊ မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်စီးပွားရေးစနစ်ဆိုပြီး ကြီးကြီးကျယ်ကျယ်တွေ မပြောစေလိုပါကြောင်း၊ အထက်ပါစနစ်များမှ မခိုင်မာလျှင် မည်သည့်စနစ်မှ ခိုင်မာမည်မဟုတ်ပါကြောင်း၊ လူငယ်များအနေဖြင့် ယခုပြသထားသည့် အကြမ်းဖက်သည့် ပစ္စည်းများကိုကိုင်၍ အကြမ်းဖက်ခြင်း၊ မီးရှို့နေခြင်းများသည် မှန်ကန်သည့်လမ်းကြောင်းဖြစ်ပါသလားဟု ပြန်လည်သုံးသပ်ရန် လိုပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တာဝန်ယူပြီးသည့်နောက်ပိုင်းတွင် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကိုသာ သွားမည်ဟု ရှင်းရှင်းလင်းလင်းပြောထားပြီးဖြစ်ပါကြောင်း၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ဖြစ်စေရန် ရွေးကောက်ပွဲပြုလုပ်၍ အနိုင်ရပါတီကို အာဏာလွှဲပြောင်းပေးမည်ဟု အတိအလင်း ပြောကြားပြီးဖြစ်ကြောင်း။

**ဒီမိုကရေစီစနစ်ကို သွားနေခြင်းဖြစ်**

မိမိတို့အနေဖြင့် ကွန်မြူနစ်စနစ်ကို သွားနေခြင်း မဟုတ်သကဲ့သို့ ဆိုရှယ်လစ်စနစ်ကို သွားနေခြင်းလည်း မဟုတ်ပါကြောင်း၊ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို သွားနေခြင်းဖြစ်ပါကြောင်း၊ ယခုလူငယ်များလိုချင်နေသည့် ဒီမိုကရေစီစနစ်ကို ပေးနိုင်ရန် မိမိတို့အနေဖြင့် လုပ်ဆောင်နေခြင်း ဖြစ်ပါကြောင်း။

သို့သော် ယခုလက်ရှိတွင် လူငယ်များအနေဖြင့် ဘာကိုလိုချင်၍ ယခုကဲ့သို့ အခြေအနေမျိုး ဖြစ်ပေါ်စေရန် လုပ်ဆောင်နေသည်ကို နားမလည်နိုင်ပါကြောင်း၊ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်ပေးနေသည့်သူများထဲမှ အဖမ်းခံရသူ တော်တော်ရှားပါကြောင်း၊ လူငယ်များသာ သေကျေ၊ ဒဏ်ရာရရှိခြင်း ရှိပါကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် ယခုကိစ္စနှင့်ပတ်သက်၍ ပြန်လည်ဆန်းစစ်၊ သုံးသပ်ကြစေလိုသည်ဟု စေတနာဖြင့် အကြံပေးလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က လူငယ်များ ဆုံးရှုံးရသည်ဖြစ်စေ၊ လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များ ဆုံးရှုံးရသည်ဖြစ်စေ တိုင်းပြည်အတွက် အမြတ်မရှိ၊ အရှုံးချည်းသာ ဖြစ်နေပြီး လူငယ်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသာ ထိပ်တိုက်တွေ့နေရပါကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ချေမှုန်းသည့်အခါ လူငယ်များ ထိခိုက်ရပြီး လူငယ်များဘက်မှ ပြန်ပြီးတုံ့ပြန်သည့်အခါ လုံခြုံရေးတပ်ဖွဲ့ဝင်များ အသက်ဆုံးရှုံးရပါကြောင်း၊ ယခုလို အခြေအနေမျိုးတွင် အဓိကတာဝန်ရှိသည့် လူများ၊ လှုံ့ဆော်သူများ၊ ဝရမ်းထုတ်ထားသည့် ခုနစ်ယောက် ၊ CRPH အဖွဲ့ဝင်များ၊ ယင်းအဖွဲ့များကို မထိန်းသိမ်းနိုင်လျှင် လူငယ်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဆုံးရှုံးနေပါကြောင်း၊ ပြည်သူများအတွက် မည်သို့ပြောကြားလိုသည်ကို သိလိုကြောင်းမေးမြန်းသည်။

**အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်**

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ယင်းအမြင်မှာ ဟုတ်ပါကြောင်း၊ ယင်းအမြင်မှန်သည်ဟု ပြောရခြင်းမှာ ပထမဦးဆုံးအခြေအနေမှ တပ်မတော်က တာဝန်ယူလိုက်ပြီးသည့်အခြေအနေတွင် ဆန္ဒပြမှုများအတွက် တပ်မတော်အကြီးအကဲအနေဖြင့် ပြောကြားသည်မှာ ငြိမ်းချမ်းစွာဆန္ဒပြမှုဆိုလျှင် တရားဥပဒေအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆူပူမှုဖြစ်လာမည်ဆိုပါက အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယခုလို ဆောင်ရွက်ခဲ့ခြင်းအပေါ် အားလုံးသည် ဖမ်းဆီးမှုနှင့်ပတ်သက်ပြီး ထိန်းသိမ်းဆောင်ရွက်သည်များလည်း ရှိပါကြောင်း၊ ယခုလိုဆောင်ရွက်မှုအပေါ် လစ်ဟာသွားသည်များလည်း ရှိကောင်းရှိနိုင်ပါကြောင်း၊ ဥပမာပြောရမည်ဆိုလျှင် လှုံ့ဆော်သူများထဲတွင် ပါနေသော၊ CRPH အဖွဲ့ဝင်များထဲတွင် ပါနေသောလူများကို ထိန်းသိမ်းခဲ့ပါကြောင်း၊ လိုအပ်သည့် မေးမြန်းမှုများ ပြုလုပ်ခဲ့ပြီး ပြန်လွှတ်ပေးခဲ့ကြောင်း၊ ပြန်လွှတ်ပေးခဲ့သည့်အခါ ပိုဆိုးခဲ့ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်သွားရမည့်ကိစ္စများ**

မည်သို့ပင်ဖြစ်စေ လောလောဆယ်အခြေအနေတွင် ဆန္ဒပြမှုများနှင့် ဆူပူမှုဖြစ်စဉ်များ လျော့ကျနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ သို့သော် ထပ်မံဖြစ်ပွားအောင် လှုံ့ဆော်မှုများ လုပ်ဆောင်နေသည်လည်းရှိကြောင်း၊ လှုံ့ဆော်နေသူများကို အဓိကထားပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်သည့်အခါ မိမိတို့ နိုင်ငံတစ်နိုင်ငံတည်း တတ်နိုင်တာရှိပြီး တချို့အရာများတွင် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်သွားရမည့် ကိစ္စများကိုလည်း လုပ်ဆောင်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်အရထိန်းသိမ်းဆောင်ရွက်



**နေပြည်တော် မတ် ၂၈**

ဆူပူအကြမ်းဖက်သူများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို နှောင့်ယှက်နိုင်ရေး အစွမ်းကုန်ဆောင်ရွက်မည်ဆိုသည့် ကြွေးကြော်မှုများဖြင့် မတ် ၂၂ ရက် နောက်ပိုင်းမှစ၍ ဆူပူအုံကြွအကြမ်းဖက်လှုပ်ရှားမှုများကို နည်းမျိုးစုံဖြင့် ကြိုးစားလာသည့်အပြင် မတ် ၂၅ ရက်မှ ၃၁ ရက်အတွင်း အထူးသဖြင့် မတ် ၂၇ ရက်တွင် တစ်နိုင်ငံလုံး ဆူပူအုံကြွအကြမ်းဖက်ခြင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား အကျပ်အတည်းတစ်စုံတစ်ရာဖြစ်စေရန် ရည်ရွယ်လျက် လူကိုသေစေနိုင်သည့် လက်နက်ကိရိယာများ အလုံးအရင်းဖြင့် စုဆောင်းနေကြောင်း၊ ရပ်ကွက်အတွင်း အေးချမ်းတည်ငြိမ်မှုကိုလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်များအရ မတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်ကွက်အလိုက် ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

### ပိုမိုတိုးမြှင့်ဆောင်ရွက်လာ

ပြည်သူအများစုက အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်ခြင်းကို လိုလားသော်လည်း အနည်းစုဖြစ်သည့် ကြေးစားဆူပူအကြမ်းဖက်သူများနှင့် မူးယစ်ဆေးသုံးစွဲသူအများစုသည် အဖျက်အမှောင့်လုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်လာခဲ့ရာ ၎င်းတို့ရည်မှန်းထားသည့် မတ် ၂၇ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆူပူအုံကြွအကြမ်းဖက်ခြင်းကို မျှော်မှန်းဆောင်ရွက်ခဲ့သော်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အချို့နှင့် မြို့နယ်၊ မြို့ကြီးအချို့တွင် အကြမ်းဖက်အင်အား ဆယ်ဂဏန်းဖြင့် နေရာ ၉၀၊ ရာဂဏန်းဖြင့် ၈၇ နေရာ၊ ထောင်ဂဏန်းဖြင့် ရှစ်နေရာ၊ သောင်းဂဏန်းဖြင့် တစ်နေရာ စုစုပေါင်း ၁၈၆ နေရာတို့ကို သေစေနိုင်သည်အထိ အန္တရာယ်ဖြစ်စေနိုင်သောလက်နက်များ ကိုင်ဆောင်ကာ ဆူပူအကြမ်းဖက်မှုများ၊ လမ်းကြောင်းများအထပ်ထပ် ပိတ်ဆို့ခြင်းများကို ဆောင်ရွက်လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၂၇ ရက် နံနက် ၁၀ နာရီမှစတင်ပြီး ပြည်သူလူထုလူမှုဘဝ တည်ငြိမ်အေးချမ်းရေးအတွက် မဖြစ်မနေ တာဝန်အရ လူစုခွဲခြင်း၊ အတားအဆီးများဖယ်ရှားခြင်းများ ဆောင်ရွက်ခဲ့ရသည်။

### ၄၅ ဦး သေဆုံး

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆူပူအကြမ်းဖက်သူများ လူစုကွဲစေရေး အဓိကရုန်းဖြိုခွဲရေးလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ခဲ့မှုအပေါ် ဆူပူအကြမ်းဖက်သူများက ခြိမ်းခြောက်ခြင်း၊ ကိုယ်ထိလက်ရောက်အန္တရာယ်ပြုခြင်းများအထိ ကျူးလွန်လာပြီး သေနတ်အစစ်များဖြင့် ပစ်ခတ်ခြင်း၊ လက်ပစ်ဗုံးများ ပစ်ပေါက်ဖောက်ခွဲခြင်းများ ဆောင်ရွက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မလွှဲမရှောင်သာ လူစုဖြိုခွဲမှုများဆောင်ရွက်ခဲ့ရာ အဓိကရုန်းဖြိုခွဲရေး လက်နက်များဖြင့် အနီးကပ်ဖြိုခွဲရသည့်အတွက် လမ်းပိတ်ဆို့ရှင်းလင်းမှုဖြစ်စဉ်တွင် ခြောက်ဦး၊ ရဲစခန်းနှင့် ဌာနဆိုင်ရာရုံးအဆောက်အအုံများသို့ စီးနင်းဖျက်ဆီးမှုဖြစ်စဉ်တွင် ခြောက်ဦး၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဝင်ရောက်လုံးထွေးသတ်ပုတ်မှုဖြစ်စဉ်တွင် သုံးဦး၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသို့ အကြမ်းဖက်သူ သုံးဦးက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ရန်ဆောင်ရွက်စဉ် လက်တွင်း၌ပင် ပေါက်ကွဲ၍ သေဆုံးသူ တစ်ဦး၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လမ်းပေါ်တွင် ပိတ်ဆို့ထားသည့် အတားအဆီးများ ဖယ်ရှားချိန်အတွင်း၌ အနီးကပ်ဝင်ရောက်လုံးထွေး တိုက်ခိုက်မှုအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုန်းလက်နက်များဖြင့် အနီးကပ်ပစ်ခတ်မှုကြောင့် ၂၉ ဦး စုစုပေါင်း ဆူပူအကြမ်းဖက်သူ ၄၅ ဦး သေဆုံးခဲ့ရပြီး ၅၅၂ ဦး ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။ ဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးမှာ အကြမ်းဖက်သမားများ ပိတ်ဆို့တားဆီးထားသည့် အတားအဆီးများအား ရှင်းလင်းစဉ် ထောင်ချောက်မိုင်း ပေါက်ကွဲ၍ ကျဆုံးခဲ့ပြီး ၁၃ ဦးမှာ မူးယစ်ဆေးသုံး အကြမ်းဖက်ဆူပူသူများ၏ အစုမှ ဝင်ရောက် လုံးထွေးအကြမ်းဖက်မှုကြောင့် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

### အဆင့်ဆင့် တားဆီးဆောင်ရွက်ခဲ့

ပြည်သူအများစုအနေဖြင့် အေးချမ်းစွာ နေထိုင်လိုကြသော်လည်း ဆူပူအကြမ်းဖက်သူ လူတစ်စုက အများပြည်သူအေးချမ်းစွာနေထိုင်မှု ပျက်စီးဆုံးရှုံးစေရေးနှင့် အသုံးပြုလျက်ရှိသော ဆက်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်စေရေး ရည်ရွယ်ကာ လမ်းများပေါ်တွင် အတားအဆီးများချထားဆောင်ရွက်ခြင်း၊ သေနတ်များအပါအဝင် အကြမ်းဖက်လက်နက်များ သို့ဝှက်ကိုင်ဆောင်ခြင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အသက်အန္တရာယ်ထိခိုက်စေသည်အထိ အကြမ်းဖက်ဆောင်ရွက်မှုများကို ဆောင်ရွက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပေးအပ်ထားသည့်တာဝန်များအရ ဥပဒေနှင့်အညီ အဆင့်ဆင့် တားဆီးဆောင်ရွက်ခဲ့ကြောင်းနှင့် ဖြစ်စဉ်တွင် ဖမ်းဆီးထိန်းသိမ်းရမိသူများကို လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး သေဆုံးသူများနှင့် ပတ်သက်၍ သေမှုသေခင်း ရေးဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အောင်မြေသာစံမြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် မြန်အောင်မြို့နယ်တို့၌ ဆူပူအကြမ်းဖက်သူများက အုပ်ချုပ်ရေးမှူးရုံး၊ ရဲကင်းစခန်းများနှင့် အဆောက်အအုံများအား မီးရှို့ဖျက်ဆီး



**နေပြည်တော် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် ၁၉ လမ်းနှင့် ၈၉ လမ်းထောင့်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးမှူးရုံးကို မတ် ၂၇ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူအင်အား ၁၅၀ ခန့်က မီးပုလင်းများ၊ မီးကွင်းများဖြင့် လာရောက် ပစ်ပေါက်ခဲ့ရာ မီးလောင်မှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်မှုဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးလောင်ကျွမ်းမှုကြောင့် သွပ်မိုးပျဉ်ခင်း မြေစိုက် နှစ်ထပ်ရုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့ နံနက် ၂ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉)ရပ်ကွက် ယုဇနအိမ်ရာ B ဘလောက် ပိတောက်လမ်းရှိ ပေ ၃၀ ပတ်လည်ခန့်ရှိ တစ်ထပ်သွပ်မိုး အုတ်ကာအဆောက်အအုံကို ဆူပူအကြမ်းဖက်သူလူတစ်စုက မီးရှို့ခဲ့မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်မှုဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် နှစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။

### ဝိုင်းဝန်းငြိမ်းသတ်

ထို့အတူ ယနေ့နံနက် ၂ နာရီခွဲခန့်တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အင်ပင်မြို့ဘန့်ဘွေးကုန်းကျေးရွာရှိ ယာယီရဲကင်းစခန်းကို ဆူပူအကြမ်းဖက်သူလူတစ်စုက မီးရှို့ခဲ့မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နံနက် ၃ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အထက်ပါ မီးလောင်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ ဦးဆောင်သူများနှင့် ပါဝင်ပတ်သက်သူများအား ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ရေးအတွက် အမြန်ဆုံး ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ တာဝန်ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သူလူအုပ်စုက အကြမ်းဖက်ရန်ပြုခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရ၊ အကြမ်းဖက်သူ အမျိုးသား တစ်ဦး သေဆုံး

**နေပြည်တော် မတ် ၂၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် ပွင့်ဖြူမြို့နယ် ကုလားကုန်းကျေးရွာရှိ ဝဏ္ဏ (စိစစ်ဆဲ)ပိုင်ဆိုင်သော "နိုင်လင်း" ဆိုင်ကယ်ပြုပြင်ရေးဆိုင်တွင် လေသေနတ်၊ လက်လုပ်မိုင်းနှင့် ဂျင်ကလိများ ပြုလုပ်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးစဉ် အဆိုပါဆိုင်အနီးအရောက်၌ ဆူပူအကြမ်းဖက်သူ အင်အား ၁၅ ဦးခန့်က ဂျင်ကလိ၊ လောက်လေးခွများဖြင့် အကြောင်းမဲ့ ရန်ပြုပစ်ခတ်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတိပေး ခြောက်လှန့်ပစ်ခတ်ခဲ့ရာ ဦးသန်းလှိုင်(၅၁)နှစ် (ဘ)ဦးကြည်သာတွင် ထိခိုက်ဒဏ်ရာရရှိ သေဆုံးသွားခဲ့သည်။

### ဆောင်ရွက်လျက်ရှိ

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ ဆိုင်ကယ်ပြုပြင်ရေးဆိုင်သို့ ဝင်ရောက်ရှာဖွေရာ လေးခွ လေးလက်၊ လက်လုပ်မိုင်း နှစ်လုံး၊ ဂျင်ကလိ လေးချောင်း၊ ကုန်းသီး/လောက်စာလုံး ၂၀ လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဦးသန်းလှိုင်သေဆုံးမှုနှင့်ပတ်သက်၍ သေမှုသေခင်းရေးဖွင့် စစ်ဆေးလျက်ရှိကြောင်းနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ သိုဝှက်သိမ်းဆည်းထားသူများအား ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ယခင်မုံရွာတက္ကသိုလ်ကျောင်းသားသမဂ္ဂ (ဥက္ကဋ္ဌဟောင်း) ဝေမိုးနိုင်၏ သွေးထိုးလှုံ့ဆော်မှုအပေါ် အခြေခံဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်ကို ဖြိုခွဲထိန်းသိမ်းစဉ် အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး နှစ်ဦး သေဆုံး

**နေပြည်တော်  မတ်  ၂၈**

မုံရွာမြို့ ရတနာပုံရပ်ကွက် သာစည်လမ်းအတွင်း ဦးဆောင်သူ(စိစစ်ဆဲ) လူစုလူဝေးအင်အား ၃၀၀ ခန့်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် လတ်တလောကာလ မုံရွာမြို့ပေါ်၌ ဆူပူဆန္ဒပြမှုများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အကြမ်းဖက်မှုလုပ်ရပ်များတွင် ကိုယ်တိုင်ဦးစီးဦးဆောင်ပြု၍ ဆောင်ရွက်ခဲ့သူ ယခင်မုံရွာတက္ကသိုလ်ကျောင်းသားသမဂ္ဂ(ဥက္ကဋ္ဌဟောင်း) ဝေမိုးနိုင် (၂၆)နှစ် (ဘ) ဦးကိုကိုနိုင်၏ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများအပေါ် အခြေခံ၍ အများပြည်သူသွား လမ်းမကြီးနှင့် လမ်းသွယ်များကို အတားအဆီးများဖြင့် ပိတ်ဆို့၍ လက်နက်များကိုင်ဆောင်ကာ ဆူပူအော်ဟစ်ဆန္ဒပြနေကြကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါအခြေအနေအား ထိန်းသိမ်းနိုင်ရေးအတွက် သွားရောက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိချိန် ဆူပူဆန္ဒပြသူများသည် အတားအဆီးများကို အကာအကွယ်ယူ၍ လက်လုပ်သေနတ်၊ လက်လုပ်ဗုံး၊ လောက်လွှဲစင်၊ လေးခွ၊ ဂျင်ကလိ၊ မီးပုလင်း၊ တုတ်၊ ခဲများဖြင့် အကြမ်းဖက်ရန်ပြုပစ်ခတ်ခဲ့ပြီး ဓား၊ လှံ၊ မှိန်းများ ကိုင်ဆောင်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များကို



တိုက်ခိုက်ရန် ညာသံပေးပြေးတက်လာသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ မွန်းလွဲ ၂ နာရီခွဲတွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူလူအုပ်စုအတွင်းမှ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိသေဆုံးခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်သူများ ပြုလုပ်ထားရှိသည့် အတားအဆီးများကို ရှင်းလင်းဖယ်ရှားစဉ် ၎င်းတို့ကိုင်ဆောင်အသုံးပြုခဲ့သည့် လက်လုပ်ဂက်(စ်) သေနတ်နှစ်လက်၊ ဂက်(စ်)ဘူး နှစ်ဘူး၊ မီးစာတပ်ဆင်ထားသော ဓာတ်ဆီပုလင်း ၂၉ လုံး၊ လက်လုပ်ဗုံး ၁၈ လုံး၊ အသုံးပြုပြီး လက်လုပ်ဗုံး ၁၂ လုံး၊ သတ္တုလက်လုပ်ဗုံး နှစ်လုံး၊ ယမ်းပျော့များထည့်ထားသော အိတ်နှစ်လုံး၊ ဘောစေ့ထည့်ထားသော သံဘူး နှစ်ဘူး၊ ဂျင်ကလိ ၅၁ ချောင်း၊ လေးဘက်ချွန်သံဆူး ၂၅ ခု၊ လောက်လွှဲစင် တစ်ခုနှင့် အခြားဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

မုံရွာမြို့အတွင်း ဆူပူဆန္ဒပြမှုနှင့် အကြမ်းဖက်မှုလုပ်ရပ်များတွင် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်သူ ဝေမိုးနိုင်ကို လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးအား ရက်စက်စွာ သတ်ဖြတ်ရာတွင် ဦးဆောင်ပြုလုပ်မှုဖြင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအမှုဖွင့်လှစ်ထားရှိခဲ့ပြီး ၎င်းမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် အများပြည်သူများအနေဖြင့် ဝေမိုးနိုင်အား တွေ့ရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ သတင်းပေးပို့နိုင်ပါရန် မတ် ၂၇ ရက်တွင် အသိပေးသတင်းထုတ်ပြန်ထားရှိပြီးဖြစ်သည်။

အထက်ပါ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် လူသေဆုံးခဲ့မှုများနှင့်ပတ်သက်၍ ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်းရေးဖွင့် ဆောင်ရွက်ထားရှိပြီး ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံဖမ်းဆီးရမိ

**နေပြည်တော်  မတ်  ၂၈**

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေသတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်း



ခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၂၇ ရက်တွင် တောင်ကြီးမြို့ သစ်တောရပ်ကွက် အရှေ့မြို့ပတ်လမ်းအတိုင်း မောင်းနှင်လာသည့် မသင်္ကာဖွယ်ဆိုင်ကယ် နှစ်စီးအား ရပ်တန့်စစ်ဆေးရှာဖွေရာ မောင်မောင်ဦး(ဘ)ဦးသိန်း၊ ထက်အောင်လင်း(ဘ) ဦးမိုးနိုင်ဦးနှင့် မြင့်မြတ်အောင်(ဘ)(စိစစ်ဆဲ)တို့ သုံးဦးကို လက်လုပ်မိုင်း နှစ်လုံး၊ ယမ်းထုပ် နှစ်ထုပ်၊ ဆူပူအကြမ်းဖက်မှုများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ ၎င်းတို့ သုံးဦး၏ထွက်ဆိုချက်အရ ကျောင်းကြီးစုရပ်ကွက် ဖရဲငွေတောင်လမ်း အိမ်အမှတ်(ဖတ/ ၁၅၇) နှင့် ငါးပြားတောင် နယ်မြေ(၇) စံပယ်လမ်း အိမ်အမှတ်(မ/၃၇၇)တို့မှ လေသေနတ် နှစ်လက်၊ မီးစာတပ်ထားသည့် ဓာတ်ဆီပုလင်း ၁၃၄ လုံး၊ ဓား နှစ်ချောင်း၊ ဒူးလေး တစ်လက်၊ အသံမိုင်း သုံးလုံး၊ အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ တွံတေးမြို့နယ် ရွှေဆံတော်ဘုရားလမ်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းလမ်းကြားတို့၌ အာကဟိန်း(ဘ) ဦးသန်းလွင် မောင်းနှင်လာသည့် ဆိုင်ကယ်ပေါ်၌ တင်ဆောင်လာသည့် အိတ်အတွင်းမှ လေသေနတ် တစ်လက်၊ အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ဟားခါးမြို့ ဈေးဟောင်းရပ်ကွက် ခရစ်ယာန်ဂိုဏ်းပေါင်းစုံကျောက်ဘုရားကျောင်းဝင်းအတွင်းရှိ ကာဆင်ခန်းမ၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများကို လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

**ဖယ်ရှားရှင်းလင်း**

အလားတူ ယနေ့တွင် အင်းစိန်မြို့နယ် ကြို့ကုန်းရပ်ကွက် မဟာသုခိတာ(၇)လမ်း၌ ဆူပူအကြမ်းဖက်သူများပြုလုပ်ထားသည့် အတားအဆီးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းစဉ် ဆူပူအကြမ်းဖက်သူ ၅၀ ခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များကို လေးခွ၊ ဂျင်ကလိ၊ မြား၊ ဓာတ်ဆီပုလင်းတို့ဖြင့် တိုက်ခိုက်ရန်ပြုလာသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်ဖြိုခွဲခဲ့ရာ ၎င်းတို့အနက်မှ ဇော်လှိုင်ဝင်း(ဘ)ဦးလှထွန်းကို ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရန် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အင်းတော်မြို့နယ် နန့်ဒရက်ချောင်းကူးတံတားအား စိစစ်ဆဲသောင်းကျန်းသူအဖွဲ့က ဒေသန္တရလက်လုပ်မိုင်းဖြင့် လာရောက်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော်  မတ်  ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်ရှိ နန့်ဒရက်ချောင်းကူးတံတားအား စိစစ်ဆဲသောင်းကျန်းသူအဖွဲ့က ဒေသန္တရလက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ အင်းတော်မြို့နယ် စီမော်ကျေးရွာအုပ်စု စီပိန်းကျေးရွာ၏ တောင်ဘက် မီတာ ၁၀၀၀ ခန့်အကွာရှိ အရှည် ပေ ၂၈၀ ၊ အကျယ် ၂၈ ပေ၊ အမြင့် ၁၅ ပေရှိ ကွန်ကရစ်အမျိုးအစားတံတားဖြစ်သည့် နန့်ဒရက်ချောင်းကူးတံတားကို ယနေ့နံနက် ၂ နာရီခန့်တွင် စိစစ်ဆဲသောင်းကျန်းသူအဖွဲ့က ဒေသန္တရလက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ရာ တံတားလက်ရန်း (ဝဲ/ယာ) ၁၅ ပေခန့် ကျိုးပဲ့ပျက်စီးခဲ့ပြီး ကြမ်းခင်း နှစ်ပေခန့် ပေါက်ပြဲပျက်စီးခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် လူနှင့် တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရှိရပြီး အဆိုပါနေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရီးယဲလ်မက်ဒရစ်အသင်းက အမ်ဘတ်ပီနဲ့ ဟာလန်းကို ခေါ်ယူဖို့ နွေရာသီဈေးကွက်အတွင်း ကစားသမားခြောက်ဦးအထိ ရောင်းချရန် စီစဉ်နေ




ရီးယဲလ်မက်ဒရစ်အသင်းဟာ ပီအက်စ်ဂျီတိုက်စစ်မှူး အမ်ဘတ်ပီနဲ့ ဒေါ့မွန်တိုက်စစ်မှူး ဟာလန်းတို့ကို ခေါ်ယူဖို့အတွက် နွေရာသီအပြောင်းအရွှေ့ကာလ အတွင်းမှာ အသင်းရဲ့ ကစားသမားခြောက်ဦးအထိ ရောင်းချဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီနဲ့ တိုက်စစ်မှူး ဟာလန်းတို့ဟာ တစ်ချိန်က ကမ္ဘာ့အကောင်းဆုံး ကစားသမားတွေအဖြစ် ရပ်တည်ခဲ့တဲ့ တိုက်စစ်မှူး မက်ဆီနဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုတို့ရဲ့ ခြေစွမ်းကို လက်ရှိအချိန်မှာ အမီလိုက်နိုင်ခဲ့တာကြောင့် အဲဒီ ကစားသမားနှစ်ဦးကို ဥရောပအသင်းအများစုက ခေါ်ယူဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီတစ်ဦးတည်းကိုပင် ပြောင်းရွှေ့ကြေးပေါင်သန်း ၁၅၀ အထိပေးပြီး ခေါ်ယူရဖို့ ရှိနေတာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းဟာ အသင်းရဲ့ ကစားသမားတွေဖြစ်တဲ့ ဟာဇက်၊ ဂါရတ်ဘေးလ်၊ ရာမို့စ်၊ အစ္စကို၊ မာဆယ်လိုနဲ့ ရာဖေးလ်ဗာရာနီတို့ကို ရောင်းချသွားဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီရဲ့ ပီအက်စ်ဂျီအသင်းနဲ့ ချုပ်ဆိုထားတဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ၂၀၂၂ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပေမယ့် ပီအက်စ်ဂျီအသင်းကတော့ တိုက်စစ်မှူး အမ်ဘတ်ပီကို ရောင်းချဖို့ ဆန္ဒမရှိဘူးလို့ ဆိုပါတယ်။ တိုက်စစ်မှူး ဟာလန်းရဲ့ ပြောင်းရွှေ့ကြေးကိုလည်း ဒေါ့မွန်အသင်းက ပေါင်သန်း ၁၅၀ ခန့်အထိ တောင်းဆိုထားတယ်လို့ သိရပါတယ်။

## စပိန်လူငယ်ကစားသမား ဖေဘီယိုဘလန်ကိုအား ခေါ်ယူရန် ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ အပြိုင်ကြိုးပမ်းနေ

စပိန်လာလီဂါထိပ်တန်းကလပ်အသင်းတွေဖြစ်တဲ့ ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ဟာ ဗလင်စီယာအသင်းမှ စပိန်လူငယ်ကစားသမား ဖေဘီယိုဘလန်ကိုအား ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။

အသက် ၁၇ နှစ်အရွယ်ရှိ တောင်ပံကစားသမား ဖေဘီယိုဘလန်ကိုရဲ့ ဗလင်စီယာအသင်းနဲ့ ချုပ်ဆိုထားတဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ဇွန်လအတွင်းမှာ ကုန်ဆုံးမှာဖြစ်တာကြောင့် ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့က ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။



ဘာစီလိုနာအသင်း အားကစားဒါရိုက်တာ အလီမာနီဟာ တောင်ပံကစားသမား ဖေဘီယိုဘလန်ကို မက်စ်တယ်လာမှာ ရှိနေစဉ်ကတည်းက စိတ်ဝင်စားနေတာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းကလည်း ဖေဘီယိုဘလန်ကိုအား ခေါ်ယူဖို့ စောင့်ကြည့်မှုတွေပြုလုပ်နေခဲ့တာ ဖြစ်ပါတယ်။

ဗလင်စီယာအသင်းကတော့ တောင်ပံကစားသမား ဖေဘီယိုဘလန်ကိုအား စာချုပ်သစ်ချုပ်ဆိုဖို့ ပစ်မှတ်ထားနေပြီး ကစားသမားကိုယ်တိုင်ကတော့ ဥရောပရဲ့ထိပ်တန်းကလပ်အသင်းတွေရဲ့ စိတ်ဝင်စားမှုခံထားရတာကြောင့် ဗလင်စီယာအသင်းကနေထွက်ခွာဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

တောင်ပံကစားသမား ဖေဘီယိုဘလန်ကိုဟာ ဗလင်စီယာအသင်းမှာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်ကလပ်အသင်းတွေ ဖြစ်တဲ့ မန်စီးတီးအသင်း၊ မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်း၊ အီတလီစီးရီးအေကလပ်အသင်းတွေဖြစ်တဲ့ အေစီမီလန်အသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။




## မန်စီးတီးအသင်း တောင်ပံကစားသမား စတာလင် တစ်ပတ်လုပ်ခလစာပေါင် ၃၂၀၀၀၀ ဖြင့် စာချုပ်သစ်ချုပ်ဆိုမည်

မန်စီးတီးအသင်း တောင်ပံကစားသမား စတာလင်ဟာ တစ်ပတ်လုပ်ခလစာပေါင် ၃၂၀၀၀၀ နဲ့ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ စီစဉ်လျက်ရှိတယ်လို့သိရပါတယ်။ လက်ရှိမှာ မန်စီးတီးအသင်းကလည်း အသင်းရဲ့ ထိပ်တန်းကစားသမားတွေကို စာချုပ်သစ်ချုပ်ဆိုဖို့ ဆွေးနွေးမှုတွေပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

တောင်ပံကစားသမား စတာလင်ဟာ လက်ရှိမှာ မန်စီးတီးအသင်းနဲ့အတူ တစ်ပတ်လုပ်ခလစာပေါင် ၂၇၅၀၀၀ ရရှိနေတာ ဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ တောင်ပံကစားသမား စတာလင်ကို စာချုပ်သစ်ချုပ်ဆိုဖို့ ပြင်ဆင်နေတဲ့အပြင် အသင်းအတွက်အားထားရတဲ့ ကစားသမားတွေဖြစ်တဲ့ တိုက်စစ်မှူး ဒီဘရိုင်း၊ ကွင်းလယ်ကစားသမား ဖာနန်ဒင်ဟိုနဲ့ တိုက်စစ်မှူး အဂူရိုတို့ကိုလည်း စာချုပ်သစ်ချုပ်ဆိုဖို့ ဆွေးနွေးလျက်ရှိတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး ဒီဘရိုင်းရဲ့ မန်စီးတီးအသင်းနဲ့အတူ ချုပ်ဆိုထားတဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ၂၀၂၃ ခုနှစ်အတွင်းမှာ ကုန်ဆုံးမှာဖြစ်ပြီး မန်စီးတီးအသင်းက တိုက်စစ်မှူး ဒီဘရိုင်းကို ၂၀၂၆ ခုနှစ် နွေရာသီကာလအထိ အသင်းမှာ ဆက်ရှိနေဖို့အတွက် ဆွေးနွေးမှုတွေပြုလုပ်နေတာဖြစ်ပါတယ်။


ကွင်းလယ်ကစားသမား ဖာနန်ဒင်ဟိုနဲ့ တိုက်စစ်မှူး အဂူရိုတို့ရဲ့ စာချုပ်သက်တမ်းတွေကတော့ အခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ကုန်ဆုံးမှာဖြစ်ပါတယ်။ တိုက်စစ်မှူး အဂူရိုဟာ ၂၀၁၁ ခုနှစ်အတွင်းက မန်စီးတီးအသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး တစ်ပတ်လုပ်ခလစာပေါင် ၂၃၀၀၀၀ ရရှိနေတာ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဖာနန်ဒင်ဟိုဟာ မေလအတွင်းမှာ အသက် ၃၆ နှစ်ပြည့်မှာဖြစ်တဲ့အတွက် မန်စီးတီးအသင်းမှာ ဆက်ကစားဖို့ ဆန္ဒရှိ၊ မရှိဆိုတာနဲ့ ပတ်သက်ပြီး ဆုံးဖြတ်ချက်တစ်စုံတစ်ရာမချရသေးဘူးလို့ ဆိုပါတယ်။

တောင်ပံကစားသမား စတာလင်နဲ့ တိုက်စစ်မှူး ဒီဘရိုင်းတို့ဟာ အခုနှစ်ဘောလုံးရာသီမှာ မန်စီးတီးအသင်းအတွက် အဓိကအားထားရတဲ့ ကစားသမားတွေဖြစ်ပြီး တောင်ပံကစားသမား စတာလင်ဟာ အခုနှစ်ဘောလုံးရာသီအတွင်းမှာ မန်စီးတီးအသင်းနဲ့အတူ သွင်းဂိုး ၁၂ ဂိုးသွင်းယူပေးထားကာ ကိုးဂိုး ဖန်တီးပေးထားနိုင်ခဲ့တာ ဖြစ်ပါတယ်။ တိုက်စစ်မှူး ဒီဘရိုင်းကတော့ အခုနှစ်ဘောလုံးရာသီမှာ မန်စီးတီးအသင်းအတွက် ခုနစ်ဂိုးသွင်းယူပေးထားကာ ၁၆ ဂိုးအထိ ဖန်တီးပေးထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ ပြည်တွင်းဖလားသုံးလုံးနဲ့ ချန်ပီယံလိဂ်ဖလားတို့ကို ရယူနိုင်ဖို့ ပစ်မှတ်ထားနေတာကြောင့် အသင်းရဲ့ အားထားရတဲ့ ကစားသမားတွေဖြစ်တဲ့ စတာလင်၊ ဒီဘရိုင်း၊ ဖာနန်ဒင်ဟိုနဲ့ အဂူရိုတို့ကို စာချုပ်သစ်ချုပ်ဆိုဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

## ဥရုဂွေးအသင်းလက်ထောက်နည်းပြ မာရီယိုရီဘိုလ်လိုက တိုက်စစ်မှူး ကာဗာနီအား မန်ယူအသင်းမှ ထွက်ခွာရန် အကြံပြု




ဥရုဂွေးနိုင်ငံ လက်ရွေးစင်အသင်း တိုက်စစ်မှူး ကာဗာနီအား လက်ရှိကလပ် မန်ယူအသင်းကနေ ထွက်ခွာဖို့ စဉ်းစားသင့်ကြောင်း ဥရုဂွေးအသင်း လက်ထောက်နည်းပြ မာရီယိုရီဘိုလ်လိုက အကြံပြုထားတယ်လို့ သိရပါတယ်။

ဥရုဂွေးအသင်း လက်ထောက်နည်းပြ မာရီယိုရီဘိုလ်လိုဟာ တိုက်စစ်မှူး ကာဗာနီကို မန်ယူအသင်းကနေ ထွက်ခွာပြီး ဘိုကာဂျူနီယာအသင်းဆီ ပြန်လည်ပြောင်းရွှေ့ဖို့ အကြံပြုခဲ့တာဖြစ်ပြီး တိုက်စစ်မှူး ကာဗာနီဟာ ဥရုဂွေးအသင်းအတွက် မရှိမဖြစ်အရေးပါတဲ့ ကစားသမားတစ်ဦးဖြစ်တယ်လို့လည်း မာရီယိုရီဘိုလ်လိုက ပြောကြားခဲ့ပါတယ်။

တိုက်စစ်မှူး ကာဗာနီဟာ ဥရုဂွေးနိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၁၁၈ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာသွင်းဂိုး၅၁ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ တိုက်စစ်မှူး ကာဗာနီဟာ ပြီးခဲ့တဲ့နှစ်က ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာပြီးနောက် မန်ယူအသင်းနဲ့အတူ တစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့တာဖြစ်ပြီး လက်ရှိမှာလည်း မန်ယူအသင်းက ကာဗာနီကို တစ်နှစ်သက်တမ်းတိုး စာချုပ်တစ်ရပ် ထပ်တိုးချုပ်ဆိုခဲ့တယ်လို့ မန်ယူအသင်းနည်းပြဆိုးရှားက ပြောကြားခဲ့ပါတယ်။

တိုက်စစ်မှူး ကာဗာနီဟာ မန်ယူအသင်းကို မရောက်ရှိမီ ပီအက်စ်ဂျီအသင်းနဲ့အတူ သွင်းဂိုး ၂၀၀ အထိ သွင်းယူပေးခဲ့ကာ ပြင်သစ်ပထမတန်းဖလားကို ခြောက်ကြိမ်အထိ ရယူပေးနိုင်ခဲ့တာဖြစ်ပြီး လက်ရှိကလပ် မန်ယူအသင်းအတွက်လည်း အကောင်းဆုံးခြေစွမ်းပြကစားထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# သတင်းစာဖတ်ပြည်သူများအနေဖြင့် မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar ရောင်းစုံသတင်းစာများ မှာယူဖတ်ရှုလိုခြင်းနှင့် သတင်းစာများရောက်ရှိမှု မရှိခြင်းတို့ကြောင့် အခက်အခဲများဖြစ်ပေါ်ပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း-၀၆၇-၃၄၁၂၁၁၈၊ ၀၉-၄၃၀၁၉၁၀၆၂
- နေပြည်တော်သတင်းစာတိုက်(ဇေယျာသီရိမြို့နယ်)
  ဖုန်း-၀၆၇-၃၆၁၀၇၊ ၀၉-၄၂၀၇၀၆၈၆၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၁-၉၅၄၄၃၁၇၊ ၀၉-၄၄၈၀၄၂၂၁၄
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၁-၈၂၉၂၈၃၀၊ ၀၉-၄၅၀၀၂၅၅၇၁
- The Global New Light of Myanmar (ရန်ကုန်)
  ဖုန်း-၀၁-၈၆၀၄၅၃၂၊ ၀၉-၉၀၃၉၂၄၉၉၀
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း-၀၂-၄၀၃၂၇၂၉၊ ၀၂-၄၀၃၂၅၅၀
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း-၀၇၁-၂၁၂၆၅၃၅၊ ၀၇၁-၂၁၂၆၅၃၃
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း-၀၅၇-၂၁၂၇၅၂၅၊ ၀၅၇-၂၁၂၇၅၂၆
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း-၀၄၃-၂၁၂၄၀၉၁၊ ၀၄၃-၂၁၂၃၀၆၈
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း-၀၈၁-၂၁၂၁၀၆၄
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း-၀၆၃-၂၁၂၃၇၂
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း-၀၈၄-၂၁၂၄၉၂
- ကိုယ်ပွားသတင်းစာတိုက်(ထားဝယ်)
  ဖုန်း-၀၅၉-၂၁၂၁၃၃
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း-၀၇၄-၂၃၂၄၆၂
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း-၀၈၂-၂၂၀၄၀၆၇
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း-၀၅၉-၂၀၄၁၈၃

သင့်လုပ်ငန်းများအောင်မြင်ဖို့
အမြဲတမ်းအားကိုးရမည့်
မြန်မာ့အလင်း
ကြေးမုံ
GLOBAL NEW LIGHT OF MYANMAR
သတင်းစာများတွင် ကြော်ငြာထည့်ပါ

# မတ် ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၈ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၈-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၇-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၉၉၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၈)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၃၄,၄၈၁)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၃၈၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁) ဦးဖြစ်သဖြင့် ယနေ့အထိစုစုပေါင်း (၁၃၁,၇၈၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ရန်ကုန်မြို့ပတ်ရထား အင်းစိန်-ရန်ကုန်-မင်္ဂလာဒုံ-အင်းစိန် ခရီးစဉ်ပြေးဆွဲ

နေပြည်တော် မတ် ၂၈

မြန်မာ့မီးရထားတွင် ပြေးဆွဲလျက်ရှိသော ရန်ကုန်မြို့ရှိ မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများပြေးဆွဲခြင်း တတိယနေ့ခရီးစဉ်အဖြစ် ယနေ့နံနက်ပိုင်းတွင်ပြေးဆွဲခဲ့ရာ အင်းစိန်ဘူတာမှ လူစီးတွဲ (၃)တွဲပါ RBE ရထားတွဲဆိုင်းကို လက်ဝဲရစ်လမ်းကြောင်းအတိုင်း နံနက် ၈ နာရီ ၃၅ မိနစ်မှ စတင်ထွက်ခွာပြီး ဘူတာစဉ်ဖြတ်သန်းမောင်းနှင်၍ ရန်ကုန်ဘူတာကြီးသို့ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ဆိုက်ရောက်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖



မသမာသူအကြမ်းဖက်သမားများက ရထားသံလမ်းပေါ်တွင် သစ်တုံးများဖြင့် ပိတ်ဆို့ထားမှုအား ဒေသခံတာဝန်သိပြည်သူများနှင့် တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်စဉ်။

### ကြေးမုံ ယနေ့ ဖတ်စရာ

COVAX အစီအစဉ်နှင့် နှစ်နိုင်ငံသဘောတူညီချက်များမှ တစ်ဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၆ သန်းကျော် အာဖရိကနိုင်ငံများရရှိ

စာမျက်နှာ » ၁၁

တရုတ်နှင့် အီရန် နှစ်နိုင်ငံ ၂၅ နှစ်တာ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုး

စာမျက်နှာ » ၁၂

အိန္ဒိယနိုင်ငံ ဆီရမ်အင်စတီကျူက ဒုတိယမြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လက်တွေ့စမ်းသပ်မှုစတင်

စာမျက်နှာ » ၁၃

ဘီလျံနာ ဝါရင်ဘတ်ဖက် (Warren Buffet)

ဆောင်းပါး စာမျက်နှာ » ၂၀

## တိုက်စစ်မှူး ဂျိုတာ နှစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပေါ်တူဂီအသင်း သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရ

၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် ဆားဘီးယားအသင်းနဲ့ ပေါ်တူဂီအသင်းတို့ မတ် ၂၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်မှာ ပေါ်တူဂီအသင်းဟာ တိုက်စစ်မှူး ဂျိုတာရဲ့ သွင်းဂိုးနှစ်ဂိုးရရှိခဲ့ပေမယ့် သရေရလဒ်နဲ့သာ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ တိုက်စစ်မှူး ဂျိုတာဟာ ပေါ်တူဂီအသင်းအတွက် ပွဲကစားချိန် ၁၁ မိနစ်နဲ့ ၃၆ မိနစ်တို့မှာ နှစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပြီး ဆားဘီးယားအသင်းက ပွဲကစားချိန် ၄၆ မိနစ်မှာ မီထရိုဗစ်က တစ်ဂိုးနဲ့ ပွဲကစားချိန်မိနစ် ၆၀ မှာ ကော့စတစ်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာကြောင့် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာဆားဘီးယားအသင်းဟာဦးဆောင်ဂိုးနှစ်ဂိုး စတင်ခွင့်ပြုပေးလိုက်ရပြီးမှ ချေပဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် သရေရလဒ် ရရှိခဲ့တာဖြစ်ပြီး ပွဲကစားချိန် မိနစ် ၉၀ မှာ အသင်းရဲ့ အားထားရတဲ့ ကစားသမား မီလန်ကိုဗစ်ဟာ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရတာ ဖြစ်ပါတယ်။

ပေါ်တူဂီအသင်းဟာ ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်မယ့်အသင်းအဖြစ် ရေပန်းစားနေတာဖြစ်ပြီး တိုက်စစ်မှူး စီရိုနယ်လ်ဒိုကတော့ ပေါ်တူဂီအသင်းအတွက် အကောင်းဆုံးခြေစွမ်းပြ မကစားနိုင်ခဲ့တာကြောင့် ပေါ်တူဂီအသင်းအနေနဲ့ သရေရလဒ်နဲ့သာ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။

ပေါ်တူဂီအသင်းနည်းပြ ဖာနန်ဒိုဆန်းတို့စ်အတွက်တော့ ဆားဘီးယားအသင်းနဲ့ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တဲ့ ပွဲစဉ်ဟာ သူ့ရဲ့ နည်းပြဘဝ ကလပ်အသင်းနဲ့ နိုင်ငံတကာအသင်း တာဝန်ယူကိုင်တွယ်ခဲ့တဲ့ ပွဲစဉ် ၁၀၀၀ ပြည့်မြောက်ခဲ့တဲ့ပွဲစဉ်အဖြစ်လည်း သမိုင်းမှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ပေါ်တူဂီအသင်းဟာ လာမယ့်ပွဲစဉ်အဖြစ် မတ် ၃၀ ရက်မှာ လူဇင်ဘတ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဆားဘီးယားအသင်းကတော့ မတ် ၃၀ ရက်မှာ အဇာဘိုင်ဂျန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ငွေကြယ်

